ဇေယျာမိုး ဘာသာပြန်စာစဉ် ၁

# ဟဲမင်းဝေး

# ကီလီမန်ဂျရိုမှ ဝေသောနှင်း

## နှင့် အခြားဝတ္ထုတိုများ

မြန်မာပြန်သူ

**ကျော်အောင်၊ ဇော်ဂျီ၊ ထင်လင်း၊ မောင်ပေါ်ထွန်း**

[အင်္ဂလိပ်-မြန်မာ နှစ်ဘာသာ]



designed by tin htoon

စီစဉ်သူ မောင်ဇေယျာ

# ကီလီမန်ဂျရိုမှာဝေသောနှင်း
# နှင့်
# အခြားဝတ္ထုတိုများ

စာအုပ်တိုက်

အမှတ် ၁၉ (H)၊ ၇ လွှာ၊
၁၂ လမ်း၊ ပုဇွန်တောင်မြို့နယ်၊
ဖုန်း - ၀၉၂၅၀ ၇၃၆၀၅၊ ၀၉ ၇၃၀ ၈၄၆၃၆၊ ၀၉ ၄ ၂၅ ၃၂၃ ၄၆၃

ဝေယျာမိုး ဘာသာပြန်စာစဉ် ၁

# ဟဲမင်းဝေး

# ကီလီမန်ဂျရိုမှာ ဝေသောနှင်း

## နှင့် အခြားဝတ္ထုတိုများ

မြန်မာပြန်သူ

**ကျော်အောင်၊ ဇော်ဂျီ၊ ထင်လင်း၊ မောင်ပေါ်ထွန်း**

[အင်္ဂလိပ်-မြန်မာ နှစ်ဘာသာ]



စီစဉ်သူ မောင်ဝေယျာ

# ကီလီမန်ဂျရိုမှာဝေသောနှင်းနှင့်အခြားဝတ္ထုတိုများ

ပထမအကြိမ်၊ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ၊ အုပ်ရေ ၅၀၀၊ တန်ဖိုး ၂၀၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်း၊ **ပန်းချီတင်ထွန်း**၊ စာစီနှင့်အပြင်အဆင်၊ **လှမော်**၊ စာပြင်၊ **တက္ကသိုလ်တင်ဟန်ကျော်**။

ပုံနှိပ်သူ၊ **ဦးကျော်မိုးစိန်** (အောင်သာပုံနှိပ်တိုက်-၀၀၆၉၀)၊ အမှတ် ၁၇၂၊ ၃၁ လမ်း၊ **ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့**။ ထုတ်ဝေသူ၊ **ဦးမိုးကျော်** (ဝေယျာမိုးစာအုပ်တိုက် ၀၀၆၆၈)၊ အမှတ် ၁၉(H)၊ ၇လွှာ၊ ၅၅-လမ်း(လယ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဝေယျာမိုး စာအုပ်ကတ်တလောက် အချက်အလက်များ - CIP

ဟဲမင်းဝေး၊ အာနက်စ် ၈၁၃
ကီလီမန်ဂျရိုမှာဝေသောနှင်းနှင့် အခြားဝတ္ထုတိုများ/အာနက်စ်
ဟဲမင်းဝေး၊ မြန်မာပြန်သူ ကျော်အောင်နှင့်အခြား…။
ရန်ကုန်၊ ဝေယျာမိုးစာအုပ်တိုက်၊ ၂၀၁၇။
၂၀၀ စာ၊ ၁၈ စင်တီ။ (ဝေယျာမိုးဘာသာပြန်စာစဉ် ၁)
(၁) အမေရိကန်ဝတ္ထု
၁။ ကီလီမန်ဂျရိုမှာဝေသောနှင်းနှင့် အခြားဝတ္ထုတိုများ
၂ ကျော်အောင် မြန်မာပြန်သူ
၃ ဇော်ဂျီ မြန်မာပြန်သူ

## မာတိကာ


၁။ ကိလိမန်ဂျရိုမှာ ဝေသောနှင်း ၁၁
ကျော်အောင်

၂။ ချစ်သူ ချစ်တဲ့သူ ၅၈
ကျော်အောင်

၃။ သုံးရက်ဆက် မုန်တိုင်းဝယ် ၆၇
ဖေဘုန်းဂျီ

၄။ တံတားက လူအို ၈၇
ထင်လင်း

၅။ ငုံ့လင့်တစ်နေ့တာ ၉၆
ထင်လင်း

၆။ မယ့်ဝေဒနာ ၁၀၆
မောင်ပေါ်ထွန်း

၇။ လောကမြင်ကွင်း ၁၁၁
မောင်ပေါ်ထွန်း

# CONTENTS


| | | |
|---|---|---|
| 1. | THE SNOWS OF KILIMANJARO | 128 |
| 2. | UP IN MICHIGAN | 158 |
| 3. | THE THREE-DAY BLOW | 165 |
| 4. | OLD MAN AT THE BRIDGE | 179 |
| 5. | A DAY'S WAIT | 183 |
| 6. | ONE READER WRITES | 188 |
| 7. | THE LIGHT OF THE WORLD | 190 |

## အမေရိကန်အမျိုးသား
## စာရေးဆရာ ဟဲမင်းဝေး
## (၁၈၉၉–၁၉၆၁)

အမေရိကန် စာရေးဆရာ ဟဲမင်းဝေးသည် ၁၉၅၄ ခုနှစ်တွင် ကမ္ဘာကျော် နိုဗယ်စာပေဆု အချီးမြှင့်ခံရသူဖြစ်သည်။ ဆုချီးမြှင့်ရာတွင် ပရိသတ်၏စိတ်ကို သိမ်းကျုံးယူငင်နိုင်သော ရေးဟန်ကြောင့် ချီးမြှင့်သည်ဟု ဆိုသည်။

ချီကာဂိုမြို့၏ ဆင်ခြေဖုံးရပ်ကွက်၌ ဖွားမြင်သည်။ အဖသည် အမဲပစ်၊ ငါးဖမ်း ဝါသနာပါသော ဆရာဝန်ဖြစ်၍ အမိသည် ဘာသာတရား၌ ကိုင်းရှိုင်းသူ၊ ဂီတဝါသနာပါသူ ဖြစ်သည်ဟု ဆိုသည်။ ဟဲမင်းဝေးသည် အဖ အမဲလိုက်ထွက်သောအခါ၌လည်းကောင်း၊ ငါးဖမ်းထွက်သောအခါ၌ လည်းကောင်း အဖနှင့်အတူ လိုက်ပါလေ့ရှိသဖြင့် ငယ်စဉ်အခါကပင် အမဲ ပစ်ခြင်း၊ ငါးဖမ်းခြင်းတို့ကို မြတ်နိုးသည်။ အမိသည် ဂီတကို အထူးဂရုစိုက်၍ သင်ပေးပါသော်လည်း ဟဲမင်းဝေးသည် ဂီတ၌ စိတ်ပါဝင်စားခြင်း မရှိချေ။ သို့ရာတွင် အမိကဲ့သို့ စိတ်သဘော သိမ်မွေ့ခြင်းရှိ၍ ဖွဲ့ကောင်းသူဖြစ်သည်။

ဟဲမင်းဝေးက မိန့်ဆိုဖူးသည်မှာ သတ္တိရှိခြင်းဆိုသည်မှာ နှစ်မျိုး ရှိကြောင်း။ တစ်မျိုးမှာ အန္တရာယ်နှင့် ရင်ဆိုင်ပုံခြင်းဖြစ်၍ နောက်တစ်မျိုးမှာ

တာဝန်ရှိသည့်အတိုင်း ပေါက်မြောက်အောင် ဆောင်ရွက်နိုင်ခြင်းတို့ ဖြစ်ကြောင်း ဆိုသည်။ တစ်ဖန် နိုဗယ်ဆုအဖွဲ့၏ အတွင်းရေးမှူးက ဆိုဖူးသည်မှာ ဟဲမင်းဝေး ရေးသမျှတွင် ဟဲမင်းဝေး၏ အဓိကအာဘော်သည် အရေးကြီးကြ သက်လုံကောင်းအောင် အားထုတ်ခြင်းဖြစ်ကြောင်း ဆိုဖူးသည်။ ငယ်ရာမှ ကြီးလာသော ဟဲမင်းဝေး၏ ဘဝလမ်းစဉ်သည်လည်းကောင်း။ အညာတရအခြေမှ ကျော်စောလာသော ဘဝလမ်းစဉ်သည်လည်းကောင်း အထက်ပါ အဆိုနှစ်ရပ်နှင့် ကိုက်ညီသည်ဟု ထင်မှတ်ရှိသည်။

ဟဲမင်းဝေးသည် ငယ်စဉ်ကပင် ကာယဗလကောင်းသူလည်းဖြစ်၍ ဉာဏ်ကောင်းသူလည်းဖြစ်သည်။ ကျောင်းတွင် ကစားခုန်စားၡ ဝါသနာပါသည်။ လက်ဝှေ့၌ အထူးဝါသနာပါသည်။ စာဘက်၌လည်း ပို၍ လက်စသော ရသစာပေ၌ တော်သည်။ သူ့အရေးအသားကို သူ့ဆရာများက အထူး ချီးကျူးခဲ့ကြသည်ဟု အဆိုရှိသည်။ သို့ရာတွင် တန်းမြင့်ကျောင်း ပညာလောက်အထိသာ သူ စာသင်၍ သူဝါသနာပါသော စာအရေးအသား၌လည်းကောင်း။ ကစားခုန်စား၌လည်းကောင်း။ အမဲပစ်ခြင်း။ ငါးမျှားခြင်း တို့၌လည်းကောင်း သူ လုံးပန်းလှေ့ရှိသည်။ ထို့ကြောင့် အသက် ၁၈ နှစ် အရွယ်၌ ကျောင်းထွက်၍ သတင်းစာလောကထဲသို့ သတင်းထောက်အဖြစ်ဖြင့် ဝင်သည်။ သတင်းစာလောကသို့ ဝင်သော ၁၉၁၇ ခုနှစ်၌ စစ်ထဲသို့ ဝင်ရန် အားထုတ်သည်။ သို့ရာတွင် အပယ်ခံခဲ့ရသည်။

ထိုအချိန်တွင် ဥရောပ၌ ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားနေပြီ။ အမေရိကန်သည် အင်္ဂလိပ်-ပြင်သစ်ဘက်သို့ ဝင်၍ ဂျာမနီကို တိုက်ပေးနေသည်။ ဟဲမင်းဝေးသည် စစ်ထဲသို့ ဝင်ခွင့်မရသောအခါ သတင်းစာလောက၏ အကူအညီကိုယူကာ ဥရောပသွား အမေရိကန်သူနာပြုတပ်သို့ ဝင်၍ ဥရောပစစ်မြေပြင်သို့ သွားသည်။ ၁၉၁၈ ခုနှစ်တွင် အီတလီစစ်မြေပြင်၌ ဒဏ်ရာ အကြီးအကျယ်ရသည်။ စစ်ပြီးသောအခါ အမေရိကန်သို့ ပြန်လာသည်။ သို့ရာတွင် အမေရိကန်၌ မနေတတ်မထိုင်တတ် ဖြစ်သဖြင့် ၁၉၂၂ ခုနှစ်တွင် ပြင်သစ်နိုင်ငံ ပါရစ်မြို့သို့ သွား၍ အမေရိကန်သတင်းထောက်အဖြစ်ဖြင့် အသက်မွေး

သည်။ ဥရောပတွင် နေရာအနှံ့အပြားသို့ သွားသည်။ လူအမျိုးမျိုးနှင့် တွေ့သည်။ အတွေ့အကြုံအမျိုးမျိုးနှင့် ရင်ဆိုင်သည်။ သတင်းဆောင်းပါးများအပြင် ကဗျာနှင့် ဝတ္ထုတိုများကိုလည်း ရေးစမ်းကြည့်သည်။ ဥရောပ၌ သူအကြိုက်ဆုံးဖြစ်သော အရာတစ်ခုသည် စပိန်နိုင်ငံ၌ အစဉ်အလာအားဖြင့် အကြီးအကျယ် ကျင်းပလေ့ရှိသော နွားရိုင်းနှင့် လူတိုက်သည့် နွားရိုင်းတိုက်ပွဲဖြစ်သည်။

သတင်းထောက်အလုပ်ကိုလည်း တစ်ဖက်တစ်လမ်း လုပ်ကိုင်နေသည်ဖြစ်ရာ ဟဲမင်းဝေးသည် သတင်းကောင်းရနိုင်ရာဖြစ်သော အရပ်များသို့ ရောက်သည်ချည်းဖြစ်သည်။ ခိုးမှု၊ တိုက်မှု၊ မုဒိမ်းမှု၊ ပုန်ကန်မှု စသော ရက်ရက်စက်စက် ပြုကျင့်တတ်ရာအရပ်၊ ယုတ်ယုတ်မာမာ ပြုကျင့်တတ်ရာအရပ်၊ ဌေကောင်းကောင်းနှင့် အံခဲ၍ ခံတိုက်ကြရာအရပ်၊ အနိုင်မခံ အရှုံးမပေးကြရာအရပ်၊ ဘေးအန္တရာယ်နှင့် ရင်ဆိုင်တိုက်ခိုက်ကြရာအရပ်တို့သို့ ရောက်ဖူး၍ ဘဝအတွေ့အကြုံ အမျိုးမျိုးကို ကိုယ်တွေ့မျက်မြင် သိခဲ့သည်။ ဤသို့ဖြင့် ဟဲမင်းဝေးသည် ဂရိနှင့် တူရကီစစ်ပွဲသို့ ရောက်ခဲ့၏။ စပိန်နိုင်ငံ၊ အာဖာရှင် ဖရန်ကိုနှင့် ကွန်မြူနစ်တို့၏ ပြည်တွင်းစစ်ပွဲသို့ ရောက်ခဲ့၏။ ဒုတိယကမ္ဘာစစ်တွင် ပြင်သစ်နိုင်ငံ မြေအောက်တော်လှန်ရေး၌ ပါဝင်ဆောင်ရွက်ခဲ့၏။ ထိုအရပ်တို့၌ ဟဲမင်းဝေးကို မတွေ့နိုင်လျှင် အာဖရိက တောကြီးထဲ၌ အမဲကြီးပစ်နေသည်ကိုလည်းကောင်း။ ကျူးဘာပင်လယ်ပြင်၌ ပင်လယ်ငါးဖမ်းထွက်နေသည်ကိုလည်းကောင်း တွေ့နိုင် မြင်နိုင်သည်။

ထို့ကြောင့် ဟဲမင်းဝေး ရေးသမျှဖြစ်သော ဝတ္ထုတို၊ ဝတ္ထုရှည်တို့တွင် တိုက်ပွဲတစ်ခုခုနှင့်သော် လည်းကောင်း၊ ထိုးသတ်ပွဲတစ်ခုခုနှင့်သော် သည်းကောင်း။ ပစ်ပွဲ မျှားပွဲ တစ်ခုခုနှင့်သော် လည်းကောင်း တစ်နည်းတစ်လမ်းအားဖြင့် ဆက်သွယ်နေသည်ကို သိမြင်နိုင်သည်။ ထို့ပြင် တိုက်နေသူတို့၏ ရဲရင့်မှု၊ ဌေကောင်းမှုတို့ကိုလည်း သိမြင်နိုင်၍ တိုက်ပွဲများ၌ ပေါ်လာတတ်ကြသော ယုတ်မာမှု ညစ်ပတ်မှုတို့ကိုလည်း သိမြင်နိုင်သည်။

ထို့ကြောင့် အချို့သော ဝေဖန်ရေးဆရာတို့က ဟဲမင်းဝေးအား

လူသတ္တဝါတို့၏ ယုတ်မာသော အစိတ်အပိုင်းကို အစီရင်ခံရန် ဘုရားသခင်က လူ့လောကသို့ လွှတ်ထားသော 'ဘုရားသခင်၏ အထောက်တော်' ဟု ဆိုကြသည်။

သို့ရာတွင် ဟဲမင်းဝေး ချီးကျူးလေ့ရှိသော တရားကား ယုတ်မာရက်စက်မှုတို့ကို နှိမ်နင်းရာ၌ဖြစ်စေ၊ အန္တရာယ်နှင့် ရင်ဆိုင်ရာ၌ဖြစ်စေ၊ အားပြိုင်ရာ၌ဖြစ်စေ အနိုင်မခံ အရှုံးမပေးသော ဇွဲသတ္တိ ဝီရိယတရားဖြစ်သည်ဟု ဆိုနိုင်သည်။ သူ့ဝတ္ထုတို၊ ဝတ္ထုရှည်များတွင် ထိုတရားသည် အမျှင်တန်းလျက် ပါတတ်သည်ချည်း ဖြစ်သည်။ အားပြိုင်ရာ၌ အနိုင်မခံ အရှုံးမပေးသော တရားအတွက် သာဓကတစ်ခုသည် 'အဘိုးအိုနှင့် ပင်လယ်' (The Old man and the Sea) ဝတ္ထုဖြစ်သည်။

❑

# ကီလီမန်ဂျရိုမှာ ဝေဝေသောနှင်း၊*

ကျော်အောင်

ကီလီမန်ဂျရိုသည် နှင်းဆောင်းတောင်ဖြစ်ပြီး ၁၉၇၁၀ ပေ မြင့်သည်။ အာဖရိကတွင် အမြင့်ဆုံးတောင်ဖြစ်သည်ဟု ဆိုကြသည်။ ယင်း၏ အနောက်ဘက်တောင်ထိပ်ကို မာဆာစကားဖြင့် 'ငဂျဲငယ်'ဟု ခေါ်သည်။ ဘုရားသခင်၏ ဗိမာန်ဟု အဓိပ္ပာယ်ရသည်။ အနောက်ဘက် တောင်ထိပ်တစ်နေရာတွင် အေးခဲခြောက်သွေ့နေသော ကျားသစ်သေ တစ်ကောင်ရှိသည်။ ထိုနေရာ ထိုတောင်ထိပ်သို့ ဘာကြောင့် ကျားသစ်သေ ရောက်နေသည်ကို ဘယ်သူမျှ မသိ။ ဘယ်သူမျှလည်း မပြောနိုင်။

"ထူးဆန်းတာက နည်းနည်းလေးမှ မနာတဲ့အဖြစ်ပဲ။ ဘယ်လိုမှ မခံစားရဘူး။ အဲဒီလို မနာတာကစပြီး သိတယ်လို့ ဆိုရမှာပဲ"

သူက ဆိုသည်။

"ဟုတ်လား။ နည်းနည်းလေးမှ မနာဘူးနော်"

"နည်းနည်းလေးမှ နာတာ ကျင်တာ မရှိဘူး။ ဒါပေမဲ့ အနံ့အသက် ကတော့ ဆိုးတယ်။ မင်းလည်း အဲဒီ အနံ့အသက်ကို ခံနိုင်မှာ မဟုတ်ဘူး"

---

* စာပေလုပ်သား။ အမှတ် ၁၉၊ (နိုဝင်ဘာ၊ ၁၉၈၂)။ စာ ၁၄၁-၁၅၉။

"အို မောင်ရယ်၊ ဒါတွေ ပြောမနေနဲ့လေ"

"ကြည့်လေ၊ မြင်တဲ့အတိုင်းပဲ။ အနံ့ကြောင့် ဒီပုံနံ ဖြစ်လာတာလား။ အနာကြောင့်လား။ ဘယ်လိုလဲ မသိဘူး"

သူ့ကို သစ်ပင်အောက် ခုတင်တစ်ခုပေါ်တွင် တင်ထားသည်။ မိမိုဆာပင်အောက်၌မူ အေးမြသည်။ ပတ်ဝန်းကျင် လွင်ပြင်တစ်ခုလုံးတွင် ကား နေသည် အရှိန်ပြင်းပြင်းပူကာ တံလျှပ်တွေ ထနေသည်။ ကွင်းပြင် တစ်နေရာတွင် လင်းတကြီးသုံးကောင် အခံ့သား ထိုင်နေသည်။ သူတို့ကို ကြည့်ရသည်မှာပင် သိက္ခာမရှိ။ ကောင်းကင်ထက်တွင်မူ သူတို့ အပေါင်း အသင်း တစ်ဒါဇင်ခန့်သည် ခပ်နိမ့်နိမ့် ပျံဝဲနေသည်။ သူတို့၏ အရိပ်မည်းမည်း ကြီးများသည် လွင်ပြင်တွင် ရိပ်ကနဲ ရိပ်ကနဲ ထင်လာသည်။

"မော်တော်ကား ပျက်ကတည်းက ဒီကောင်တွေ ရောက်လာကြ တာပဲ။ ဒီနေ့တော့ မြေကြီးပေါ် ပထမဆုံး ဆင်းလာကြပြီလေ။ ဒီကောင်တွေ ပျံဝဲနေပုံကို သေသေချာချာ လေ့လာကြည့်ရှုထားရတယ်။ အခွင့်သင့်ရင် ဝတ္ထုထဲရေးဖို့ အကွက်ဆိုက် ခွင်ဆိုက်တာမျိုးလား။ မဟုတ်ဘူးလား။ ဒါပေမဲ့ ခုပုံအတိုင်းဆိုရင်တော့ သိပ်မလွယ်လှပါဘူးလေ"

"ဒီလိုလည်း မဟုတ်သေးဘူးလေ၊ ဒီလိုမတွေးနဲ့ပေါ့"

သူမက ဖျောင်းဖျသည်။

"စကားအဖြစ် ပြောတာပါ။ အေး-စကားပြောနေရတော့ နည်းနည်း သက်သာတယ်။ မင်းကိုလည်း ဒုက္ခပေးသလို ဖြစ်နေတာတော့ မကောင်း ဘူးပေါ့"

"အို ကျွန်မအဖို့ ဘာမှ အပန်းမကြီးပါဘူး။ မောင့်အတွက် ဘာမှ လုပ်မပေးနိုင်လို့ စိတ်မကောင်းဘူး။ စိတ်ထဲမှာ တစ်မျိုးပဲ။ လေယာဉ်ပျံ ရောက်မလာခင်တော့ နည်းနည်း သည်းခံပြီး စောင့်နေကြရမှာပဲ"

"လေယာဉ်ပျံ မလာတဲ့အထိ ဆိုရင်ကော"

"ကျွန်မ ဘာလုပ်ပေးရမလဲ။ တစ်ခုခုတော့ လုပ်ပေးနိုင်မယ်လေ၊ ဟုတ်လား"

"အေး - တစ်ခုခု လုပ်ပေးချင်တယ်ဆိုရင်တော့ ခြေထောက်ကို ဖြတ်ပေးဖို့ပဲ။ ဖြတ်လိုက်ရင် အနာသက်သာသွားမယ်ထင်တယ်။ ထင်တာ ပြောရတာလေ။ ဒါမှမဟုတ်ရင် ငါ့ကို ပစ်သတ်လိုက်၊ ခုဆိုရင် သေနတ်ပစ် ကျင်လည်နေပြီ မဟုတ်လား။ မင်းကို ငါ သင်ထားတာပဲ"

"ဒါမျိုးမပြောနဲ့လေ။ မောင့်ကို စာဖတ်ပြရမလား"

"ဘာဖတ်မှာလဲ"

"မောင့် စာအုပ်သေတ္တာထဲက မောင် မဖတ်ရသေးတဲ့ စာအုပ် တစ်ခုခုပေါ့"

"နားမထောင်ချင်ဘူး။ စကားပြောနေရတာပဲ ကောင်းတယ်။ သက် သာတယ်။ ဒါမှမဟုတ်လည်း ရန်ဖြစ်ရင်း အချိန်ကုန်သွားရင် ပိုကောင်းမှာပဲ"

"ကျွန်မတော့ ရန်ဖြစ်ချင်စိတ် လုံးလုံးမရှိဘူး။ ဘာလို့ ရန်ဖြစ်မှာလဲ။ ဒီနေ့ဆိုရင် နောက်ကားတစ်စီးနဲ့ သူတို့ ရောက်လာချင် ရောက်လာကြမှာ။ လေယာဉ်ပျံလည်း လာနိုင်တာပဲ"

"ငါတော့ နည်းနည်းလေးမှ မရွှေ့ချင် မလှုပ်ချင်ဘူး။ ခုနေမှာ တစ်နေ ရာရာကို ရွှေ့လို့ပြောင်းလို့ ကောင်းတာမဟုတ်ဘူး။ သက်သက်သာသာ ဆိုရင်တော့ ကောင်းတာပေါ့လေ"

"မောင်ဟာလေ သိပ် သူရဲဘောကြောင်တာပဲ"

"လူတစ်ယောက် သေမယ့်ကိစ္စမှာ အေးအေးချမ်းချမ်း သေရရင် ကောင်းမယ်ကွာ။ သူရဲဘောကြောင်တာတွေ၊ သူရဲဘောနည်းတာတွေ မပြောရင် ကောင်းမယ်။ ဒါတွေပြောနေလို့ ဘာအကျိုးထူးမှာတဲ့လဲ"

"မောင် မသေနိုင်ပါဘူး"

"မင်း မသိပါဘူး။ ငါ သေတော့မှာ၊ ဟိုကောင်တွေ မေကြည့်ပါလား"

သူသည် မကောင်းဆိုးရွား လင်းတငှက်တွေ ငူငူကြီး ထိုင်နေသည် ကို လှမ်းမျှော်ကြည့်လိုက်သည်။ ခေါင်းတုံးပြောင်ပြောင်ကို ပုနေအောင် ကုန်းကွနေပုံမှာ ကျက်သရေ အလွန်တုံးလေသည်။ ထိုစဉ်မှာပင် လေထဲမှ ပျံဝဲကာ စတုတ္ထမြောက်အကောင်သည် ကွင်းထဲဆင်းလာပြီး အဖော်

သုံးကောင်ဆီသို့ ဘောက်ဆတ် ဘောက်ဆတ် ပြေးသွားသည်။

"ဘယ်စခန်းမှာပဲဖြစ်ဖြစ် ဒီကောင်တွေ ရှိနေတာပဲ။ သတိမထား မိလို့သာ မမြင်တာ။ မောင်သာ စိတ်မလျှော့ရင် မသေနိုင်ပါဘူး"

"ဘာကြည့်ပြောတာလဲ။ ဘာလို့ ဒီလိုစကားမျိုး ပြောနိုင်တာတဲ့လဲ။ မင်း တွေးတာခေါ်တာ မဟုတ်သေးပါဘူး"

"ခုနေမှာ တစ်ယောက်ယောက်အကြောင်း စိတ်ကူးကြည့်နေပါလား။ တစ်ခုခုအကြောင်းပေ့ါ"

"အေး - မင်းပြောစရာ မလိုဘူး။ အဲဒါ ငါ့အလုပ်သဘောပဲ"

ထို့နောက် သူသည် ခုတင်ပေါ် လှဲချလိုက်ပြီး စကားမပြောဘဲ အတန် ကြာ ငြိမ်နေသည်။ ကွင်းတစ်ပြင်တစ်ခုလုံးမှာ ပူချစ်ပြီး တံလျှပ်တွေ ထနေ သည်။ တောင်ခြေတွင် ဒရယ်တွေ လူးလာခတ်နေသည်။ အဝေးတွင် ဇုက် တစ်အုပ်ကို ခပ်သေးသေး မြင်ရသည်။ သစ်ပင်အုပ်စိမ်းစိမ်းရှေ့တွင် မြင်းကျား တစ်အုပ် ကျက်စားနေသည်။ ဤစခန်းသည် သာယာသည်။ တောင်တန်း နောက်ခံတွင် တောအုပ်တစ်ခုရှိသည်။ ရေကလည်း သန့်ရှင်းကြည်လင် သည်။ ခါများ အုပ်လိုက် ရေသောက်ဆင်းကြသည့် ရေစပ်စပ်လည်း ရှိသည်။

သူ့ ခုတင်ဘေးတွင် ရွက်ဖျင် ကုလားထိုင်တစ်လုံး၌ သူမ ထိုင်နေ သည်။

"တစ်ခုခု ဖတ်ပြမယ်လေ။ နားထောင်ပေ့ါ။ လေအေးအေးလည်း တိုက်လာပြီ"

"ကိစ္စမရှိဘူး။ မဖတ်နဲ့"

"ကားလည်း ရောက်လာတော့မှာပါ"

"ငါတော့ ကားကိုလဲ အပြစ်မတင်ချင်ပါဘူး"

"ကျွန်မတော့ အပြစ်တင်ချင်တယ်"

"အေးလေ မင်းကတော့ မျက်စိမတည့်တာတွေ အများကြီးပဲ။ ငါ စိတ်တိုင်းကျတာ မှန်သမျှ မင်းမျက်စိထဲမှာ ကန့်လန့်ချည်းပဲ"

"မဟုတ်ပါဘူး ဟယ်ရီရယ်"

"အရက်သောက်ရရင် ကောင်းမှာပဲ"

"ဟင့်အင်း။ မောင်နဲ့ မတည့်ဘူး။ ပြီးတော့ ဗလက်ဆေးအဘိဓာန်မှာလည်း အရက်မှန်သမျှ ရှောင်ရမယ် ဆိုထားတယ်။ မောင့်အဖို့ သောက်လို့မရတော့ဘူး"

"မှိုလို"

သူ့အသံသည် ကျယ်သည်။

"ဟုတ်ကဲ့ သခင်ကြီး"

"ဝီစကီနဲ့ ဆိုဒါ ယူခဲ့"

"ကောင်းပါပြီ သခင်ကြီး"

"မောင် သောက်လို့မဖြစ်ဘူး။ အရက်ကို ဖြတ်ရမယ်လေ။ မောင့်အတွက် မကောင်းဘူး။ ဆေးစာအုပ်တွေကလည်း ပြောထားတာပဲ"

"မဟုတ်ဘူး။ ငါ့အတွက် အရက်က ကောင်းတယ်"

ယခုမူ အရာရာသည် ကုန်လွန်ပြီးဆုံးခဲ့ပြီ၊ ဆုံးခန်းတိုင်ခဲ့ပြီဟု သူထင်သည်။ ယခုလို အခွင့်အရေးမျိုး ကြုံရဖို့မလွယ်။ ယခုလည်း အရက်တစ်ခွက် အကြောင်းမြှုကာ ကတောက်ကဆတ်ဖြစ်အောင် ပြောဆိုနေရသည်။ အသားဆွေးပုပ်နာသည် ညာဘက်ပေါင်တွင် စခဲ့သည်။ နာကျင်မှုလုံးဝမရှိ။ နာလာပြီဆိုလျှင်မူ ထိတ်တာလန့်တာတွေ ထွက်ပြေးကုန်ကြသည်။ ယခုမူ အလွန့်အလွန် မောပန်းကာ ဒေါသဖြစ် ကျန်ရစ်ခဲ့သည်။ သည်လိုဆိုလျှင် ဆုံးခန်းတိုင်ချေတော့မည် ထင်သည်။ အထူးအဆန်းကား မဟုတ်ပါ။ သူ့ကို ခြောက်လှန့်နေသည်မှာ နှစ်ပရိစ္ဆေဒ အတန်ငယ်ကြာခဲ့ပြီ။ မောသည်သာ အဖတ်တင်ကျန်ခဲ့သည်။

ရေးမည်ဟု တေးထားခဲ့သမျှ အကြောင်းတွေ၊ သေသေချာချာသိမှ ရေးမည်ဟု တေးထားခဲ့သမျှတွေ အားလုံးကို ရေးနိုင်တော့မည် မဟုတ်။ ရေးစမ်းကြည့်ဦးမည်ဟု၍ကား စိတ်ကူးမိသည်။ အမှန်စင်စစ် ရေးနိုင်ဖို့ သမ်းမမြင်။ ထို့ကြောင့်ပင် နေ့ရွှေ့ ညရွှေ့ ရွှေ့ခဲ့ပြီး မစနိုင်ခဲ့ခြင်းဖြစ်သည်။ ဘယ်အချိန်မှာ ရေးနိုင်မည် မသိ။

"အစက ကျွန်မတို့ မလာခဲ့မိရင် အကောင်းသား"

အမျိုးသမီးက ဆိုသည်။ အရက်ခွက်ကိုင်ကာ ပါးစပ်တွင် တေ့နေသည်ကို စူးစိုက်ကြည့်ရာမှ သူမသည် နှုတ်ခမ်းကို ကိုက်လိုက်သည်။

"ပါရီမှာနေရင် ဒါမျိုးတွေမှာ မဟုတ်ဘူး။ ပါရီကို ချစ်တယ်လို့ မောင်ပဲ ပြောခဲ့တယ်မဟုတ်လား။ ပါရီမှာနေရင် အကောင်းသား။ ဒါမှမဟုတ် တခြားတစ်နေရာရာ သွားဖြစ်ရင် ကောင်းမှာ။ မောင်သွားချင်တဲ့နေရာ သွားလို့ ကျွန်မပြောခဲ့တယ်နော်။ ငှက်ပစ်ချင်တယ်၊ အမဲပစ်ချင်တယ်ဆိုရင် ဟန်ဂေရီမှာ ပစ်လို့ရသားပဲ။ အဲဒီကမှ ပိုကောင်းတာ"

"အေး - မင်း သောက်သုံးမကျတဲ့ ငွေကြောင့်ပေါ့ကွ"

"ဒီလိုတော့ ပြောဖို့ မသင့်ဘူးပေါ့။ အဲဒီငွေက မောင်လည်းပိုင်တာပဲ။ အခု အားလုံးကိုထားခဲ့ပြီး မောင့်နောက် လိုက်လာခဲ့တာပဲ။ ပြီးတော့ မောင် လုပ်ချင်တာတွေ အားလုံး ကျွန်မ လုပ်ပေးခဲ့တာပဲ။ ဒါပေမဲ့ အစက ဒီကို မလာမိရင် ကောင်းမှာပဲလို့တော့ အောက်မေ့မိတယ်"

"မင်းပဲ ဒီနေရာကို သဘောကျတယ်ဆို"

"မောင် ဘာမှမဖြစ်ခင်တုန်းကတော့ ဟုတ်တာပေါ့။ အခုတော့ ဒီနေရာကို ကျွန်မ မုန်းတယ်။ ဘာကြောင့် မောင့်ခြေထောက် ဒီလိုဖြစ်ရတယ် ဆိုတာ စဉ်းစားလို့မရဘူး။ ကျွန်မတို့ ဘာတွေများလုပ်ခဲ့လို့ အခုလိုအဖြစ်မျိုး ကြုံတွေ့ရတာလဲ"

"ငါ့အထင်တော့ ဆူးနဲ့ခြစ်တုန်းက ချက်ချင်း အိုင်အိုဒင်း မထည့်လိုက်မိဘူး။ မေ့သွားတယ်။ ပြီးတော့လည်း ဒီလိုမဖြစ်ဘူးတော့ သတိမထားမိဘူး။ ဂရုမစိုက်မိဘူး။ နောက်တော့ အနာဖြစ်လာပြီး တခြားဆေးတွေ ကုန်သွားပြီး သွေးကြောငယ်လေးတွေ ပိတ်သွားတယ်။ အဲ - အသားတွေ ပုပ်ဆွေးပြီး အနာဖြစ်လာတော့ တို့သုံးတဲ့ ကာဘော်လစ်အက်ဆစ်က ပျော့တယ်။ မထိရောက်ဘူး။ ဒါကြောင့်လို့ ထင်တာပဲ။ တခြား ဘာဖြစ်နိုင်သေးလဲ"

ဤသို့ပြောကာ သူမကို စိုက်ကြည့်လိုက်သည်။

"ဒါကို ကျွန်မပြောတာ မဟုတ်ဘူး"

"ကားမောင်းဖို့ မကျွင်းနစ်ကောင်းကောင်း ခေါ်လာခဲ့ရင် ဒီလိုမဖြစ်ဘူးပေါ့။ ခုကောင်က ခပ်တုံးတုံး။ ဓာတ်ဆီကုန်လို့ ကုန်မှန်းမသိ။ ဘယ်ရင်ပျော်မှပဲ သိတော့တယ်"

"ကျွန်မက ဒါကိုပြောတာ မဟုတ်ဘူး"

"အင်းလေ၊ မင်း အပေါင်းအသင်းပေါင်းတွေ ဟို ဝက်စတာနီကြီးတို့ ဆာရာတိုဂါတို့၊ ပြီးတော့ ပမ်ဗိက သောက်သုံးမကျတဲ့လူတွေလေ။ အဲဒါတွေကို ထားခဲ့ပြီး ငါနဲ့လိုက်လာခဲ့လို့"

"မောင် ဘာတွေပြောနေတာလဲ။ မောင့်ကို ကျွန်မ ချစ်လို့ လိုက်လာခဲ့တာပေါ့။ ဒီလိုတော့ မပြောသင့်ပါဘူး။ မောင့်ကို အမြဲချစ်နေမှာပဲ။ ကဲ ပြောပါဦး။ ကျွန်မကို မချစ်ဘူးလား"

"ဟင့်အင်း။ ဘယ်တုန်းကမှ ချစ်တယ်လို့ မထင်မိခဲ့ဘူး"

"ဟယ်ရီနေဉ်၊ မောင် ဘာတွေ လျှောက်ပြောနေတာလဲ။ မောင့်ခေါင်းမှ ကောင်းသေးရဲ့လား"

"ငါ့မှာ ကောင်းစရာ ခေါင်းမှ မရှိတာ"

"အဲဒီအရက်တွေ မသောက်ပါနဲ့လို့ ပြောတာကွယ်။ ဒါလင်ကလဲ မသောက်နဲ့နော်။ ကျွန်မတို့ဘက်က လုပ်နိုင်တာမှန်သမျှ အကုန်လုပ်ရမယ်"

"မင်းလုပ်လေ၊ ငါတော့ မောပြီ"

* * *

သူ့စိတ်ထဲတွင် ကာရာဂတ်ဘူတာကို မြင်လာသည်။ သူသည် အထုပ်အပိုးနှင့်အတူ ဘူတာတွင် ရပ်စောင့်နေသည်။ သူတို့တပ်ဆုတ်ခဲ့ပြီးနောက် 'သရေ'မှ ခွာရတော့မည်။ 'ဆင်ပလွန်အိုရီယင့်' ရထား၏ မီးမောင်းသည် အမှောင်ထုကို ထွင်းဖောက်ကာ သူတို့ဆီသို့ ထိုးလာသည်။ သည်အကြောင်းတွေ သူ မရေးခဲ့ရသေး။ ရေးချင်သည်။ နံနက်စာစားရင်း ပြတင်းမှ လှမ်းကြည့်လိုက်လျှင် ဘူလဂေး

နီးပါး တောင်တန်းတို့၌ နှင်းကျနေသည်ကို မြင်ရသည်။ နှစ်ဆင်၏ အတွင်းရေးမှူးလေးက အဘိုးကြီးကို နှင်းကျပြီလားဟု မေးသည်။ အဘိုးကြီးက တောင်တန်းဆီသို့ကြည့်ပြီး နှင်းမကျသေးဘူး။ ဒါ နှင်း မဟုတ်ဟု ဆိုသည်။ နှင်းကျရန် လိုသေးသည်။

ထိုအခါ အတွင်းရေးမှူး ကလေးက တခြား မိန်းကလေးများဆီသို့ လှမ်းပြောလိုက်သည်။

'ဒါ နှင်းကျတာ မဟုတ်ဘူး။ တို့စိတ်ထဲက ထင်နေတာ' ဟု ဆိုသည်။ သို့သော်လည်း တကယ် နှင်းကျနေပြီ၊ သူတို့အားလုံးကိုပင် ထိုအရပ် ထိုဒေသရှိ နှင်းတောထဲသို့ သူပို့ခဲ့ရသည်။ ယင်းမှာ တစ်ဖက်နှင့် တစ်ဖက် လူအလဲအလှယ် လုပ်ကြစဉ်က ဖြစ်သည်။ ထိုနှင်းတောကို သူတို့ တိုးကာ ဖြတ်ကျော်ခဲ့ကြသည်။ ထိုနှစ်က ဆောင်းရာသီမှာပင် သူတို့သည် နှင်းတောထဲ၌ သေဆုံးခဲ့ကြသည်။

ထိုနှစ်က ဂွါတာယ်တွင် ခရစ္စမတ်၌ တစ်ပတ်လုံးလုံး နှင်းတွေ ကျသည်။ ထိုအချိန်တုန်း သစ်ခုတ်သမားအိမ်၌ သူတို့ ရောက်နေကြ သည်။ လေးထောင့် ကြွေမီးဖိုကြီးတစ်ခုသည် အခန်းတစ်ဝက်နီးပါး နေရာယူထားသည်။ သူတို့သည် ဗီချရွက်များ ထည့်ထားသည့် မွေ့ရာထက်၌ အိပ်ရသည်။ ထိုအခိုက်မှာပင် သူတို့ဆီသို့ သွေး အလိမ်းလိမ်း ပေကျံနေသော တပ်ပြေးတစ်ယောက် နှင်းတောကို ဖြတ်ကာ ရောက်လာသည်။ သူ့ခြေမှာ သွေးစွန်းနေသည်။ စစ်ရဲတွေ သူ့နောက်က လိုက်လာသည်ဟု ဆိုသည်။ တပ်ပြေးအား သူတို့က သိုးမွေးခြေအိတ်များ ပေးသည်။ စစ်ရဲတို့ကိုလည်း စကားဝိုင်းဖွဲ့ ပြောဆိုကာ အချိန်ဆွဲထားကြသည်။ တပ်ပြေး၏ ခြေရာများကို နှင်းတွေ ဖုံးလောက်မှ စကားဝိုင်း ရပ်လိုက်ကြသည်။

ခရစ္စမတ်နေ့က သူတို့သည် ရှရန့်တွင် ရောက်နေကြသည်။ ထိုနေ့က ကျသည့် နှင်းသည် ဖြူဖွေးဝင်းလက်နေရာ ကြည့်ရသည် ပင် မျက်စိမှာ ကျိန်းစပ်လာသည်။ ဘုရားရှိခိုးကျောင်းက ပြန်လာ

ကြသူများကိုလည်း တွေ့ရသည်။ ဝါထိန်နေသော လမ်းကြောင်း တစ်လျှောက်သည် စွတ်ဖားရောတို့ကြောင့် ချောမွေ့နေသည်။

သူတို့သည် စကီးများကို ပခုံးထက်၌ ထမ်းကာ တက်ခဲ့ကြသည်။ မက်ဒလီနာဟော တောင်ထက်က ရေခဲပြင်တွင် အရှိန်ဖြင့် ဆင်းလာခဲ့ကြသည်။ နှင်းစိုင်များမှာ ကိတ်မုန့်လို ချောမွေ့သည်။ ပေါင်ဒါမှုန့်လို ပေါ့ပါးသည်။ အရှိန်ပြင်းပြင်း လျှောစီးသွားသည့်အခါ ဘာသံမျှ မကြားရ။ ငှက်ကလေးများ ပျံ့ဝဲကျသလို တောင်စောင်းပေါ်က ကျလာသည်ကို သူ့မျက်စိထဲတွင် မြင်ယောင်လာသည်။

မက်ဒလီနာဟောတွင် ရှိနေသည့် တစ်ပတ်လုံး နှင်းတောထဲတွင် ရောက်နေသည်။ နှင်းမုန်တိုင်းကျလာတော့ သူတို့မှာ ဖဲကစား လို့ ကောင်းနေသည်။ မီးအိမ်မှိန်မှိန်၌ ဆေးလိပ်ခိုးတွေ မှိုင်းထနေ သည့်အကြားတွင် ဖဲကစားကြသည်။ ဟားလင့်တစ်ယောက် အရှုံး များလာသည့်အခါ လောင်းကြေးမှာ ကြီးလာသည်။ နောက်ဆုံးတွင် ရှိသမျှ အကုန်ရှုံးသည်။ စကီးမှ ရသည့်ပိုက်ဆံရော တစ်ရာသီ အမြတ်နှင့် အရင်းပါ ကုန်သည်။

ထိုစဉ်ကမူ အချိန်အားလျှင် ဖဲကစားကြသည်။ နှင်းမကျ လျှင်လည်း ကစားပြီး နှင်းတွေထန်တော့လည်း ကစားသည်။ လောင်းကစားနှင့် ဆက်စပ်ခဲ့သည်တို့ကို အမှတ်ရလာသည်။

သို့သော်လည်း ထိုအကြောင်းတို့ကို သူ မရေးခဲ့ဖူးချေ။ ပြီးတော့ အလွန်အေးသည့် ခရစ္စမတ်နေ့တွင် ဂျုန်ဆန်သည် တောင်ကြီးတွေ ကို ကျော်ဖြတ် ပျံသန်းပြီးနောက် ရှေ့တန်းစစ်မျက်နှာကိုဖြတ်ကာ ဩစတြီးယား အရာရှိများ၏ မီးရထားကို ဗုံးကြဲခဲ့သည့်အဖြစ်ကို လည်း အမှတ်ရလာသည်။

ဩစတြီးယား အရာရှိများသည် ခွင့်ယူပြီး အိမ်သို့ ပြန်ကြမည် ဖြစ်သည်။ ဘာ့တာရဲ့တွင် လူးလာခတ်နေစဉ် ဗုံးကြဲပြီး စက်သေနတ် ဖြင့် မွှေခဲ့သည်။ ပြေးလွှားသူတို့နောက်သို့ လိုက်ကာ စက်သေနတ်

ဆွဲသည်။ ဂျွန်ဆန်သည် ဖုံးကြဲရာမှ ပြန်လာပြီး အရောရှိရိပ်သာ ထမင်းစားခန်းထဲသို့ ဝင်လာကာ ထိုအကြောင်းတို့ကို ပြောပြသည်ကို သူ အမှတ်ရလာသည်။ အားလုံး ငြိမ်ပြီး နားထောင်နေကြသည်။

ထို့နောက် တစ်ယောက်က "မင်း တော်တော် သွေးဆာတဲ့ လူသတ်သမား" ဟု ထအော်သည်။

သူတို့သတ်ခဲ့သည့် ဩစတြီးယန်းများမှာ သူတို့နှင့်အတူ လျှောစီးခဲ့သူများ ဖြစ်နေပြီလား။ ဤသို့ကား မဟုတ်။ သူနှင့်အတူ လျှောစီးခဲ့သည့် ဟန်းသည် ထိုအချိန်က ကိုင်ဇာ-ဂျာဂါးတွင် ရောက်နေသည်။ သူတို့နှစ်ယောက် အတူ ယုန်လိုက်ထွက်ခဲ့ကြသည်။ သစ်စက်အပေါ်ဘက်က လျှိုထဲမှာဖြစ်သည်။ ထိုအချိန်က ပါဆူဗိုတွင် တိုက်ပွဲဖြစ်နေသည်။ ပါတီကာကို လာတိုက်သည်။ အဆာလုန်၊ မွန်တီကော်နီအာဆီဒိုတို့၌ တိုက်ပွဲများဖြစ်နေသည်။ ထိုအကြောင်းတို့ကို သူတို့နှစ်ယောက် ယုန်လိုက်ရင်း ပြောကြသည်။ ထိုအကြောင်းများ တစ်လုံးတစ်ပါဒမျှ မရေးခဲ့ရသေး။

ဗိုရယ်ဗတ်နှင့် အားလဗတ်တို့တွင် လေးနှစ်လေးမိုး နေခဲ့သည်။ ဗလူဒင့်မြို့ထဲ ဝင်သွားကြတော့ လူတစ်ယောက်က မြေခွေး လာရောင်းသည်။ ထိုအဖြစ်ကို အမှတ်ရလာသည်။ ထိုစဉ်ကမှ လက်ဆောင်ပစ္စည်းများဝယ်ရန် ရောက်သွားခြင်းဖြစ်သည်။ ချယ်ရီဖူးနံ့ သင်းနေသည့် ကတ်ဗရန်ဒီကို အမှတ်ရလာသည်။ ပြီးတော့ လျှောစီးရင်း "ဟီးဟို"ဟု သီချင်း တကြော်ကြော် ဟစ်ကြွေးကာ နောက်ဆုံးတာကို လွတ်အောင်ခုန်ပြီး သစ်သီးခြံကို သုံးကွေ့လောက် ကွေ့ကာ ထမင်းဆိုင်နောက်က လမ်းပေါ်သို့ အပြေးအလွှား လာခဲ့ရပုံတို့ကို သတိရလာသည်။ ထမင်းဆိုင်နံရံမှာ မှိုရပ်ရင်း လျှောကို ဖြုတ်နေစဉ် ဆိုင်ထဲက မီးရောင်သည် ပြတင်းကိုဖြတ်ကာ ကျလာသည်။ ဆိုင်ထဲတွင် မီးခိုးနံ့ တသင်းသင်း။ ဝိုင်အရက်နံ့ တကြိုင်ကြိုင် မွှေးနေစဉ် သူတို့သည် အကော်ဒီယန်ကို တီးမှုတ်နေကြလေသည်။

x x x

"ပါရီမှာတုန်းက တို့ ဘယ်မှာနေသလဲ"

သူ့အပါးတွင် ရွက်ဖျင်ကုလားထိုင်၌ ရှိနေသော အမျိုးသမီးကို သူ မေးလိုက်သည်။ ယခုမူ သူတို့သည် အာဖရိကတွင် ရောက်နေကြသည်။

"ကရီလွန်မှာလေ၊ မောင် သိသားပဲ"

"ဘာလို့ ငါသိရမှာလဲ"

"အဲဒီမှာ ကျွန်မတို့ အမြဲနေတာပဲဟာ"

"မဟုတ်ဘူး။ အမြဲမနေပါဘူး"

"အဲဒီမှာရယ်၊ ပြီးတော့ စိန့်ဂျာမိန်းက ပယ်ဘဲလီယွန် ဟင်နရီကွာ ဘာမှာရယ် နေတယ်လေ။ အဲဒီနေရာတွေကို မောင် သိပ်သဘောကျတယ် ဆို၊ မောင် သိပ်ချစ်တယ်ဆို"

"အချစ်ဆိုတာ နွားချေးပုံပဲဟေ့။ တို့က အဲဒီ နွားချေးပုံပေါ်တက်ပြီး တွန်မယ့် ကြက်ဖကြီး"

"မောင်သွားတော့မယ်ဆိုရင် မောင့် ခြေရာလက်ရာတွေကို အစ သတ်သွားဖို့ တကယ်လိုသလား။ ကျွန်မဆိုချင်တာက အားလုံးကို မောင်နဲ့ အတူ ယူသွားမှာလား။ မြင်းကို သတ်၊ ဇနီးကိုလည်း သတ်၊ ကုန်းနှီးနဲ့ ချပ်ဝတ်ကို မီးရှို့သွားမယ်ပေါ့"

"ဟုတ်တယ်။ မင်းငွေတွေဟာ ငါ့ချပ်ဝတ်တန်ဆာတွေပဲ။ ငါ့မြင်းနဲ့ ချပ်ဝတ်ပေါ့"

"တော်ပါတော့"

"ကောင်းပြီလေ၊ မပြောတော့ဘူး။ မင်းကိုလည်း မနာကျင်စေချင်ပါဘူး"

"ခုတော့ နည်းနည်းလေး နောက်ကျသွားပြီရှင့်"

"ဒီလိုတဲ့လား။ ကောင်းပြီလေ မင်းကို ငါ နာကြည်းအောင် ဆက်လုပ်ရမှာပေါ့။ အဲဒါက ပျော်စရာကောင်းတယ်။ မင်းနဲ့ အလုပ်ချင်ဆုံးတစ်ခုကို တော့ အခု ငါ မလုပ်နိုင်တော့ဘူး"

"ဒါတော့ မဟုတ်ဘူး။ မောင် လုပ်ချင်တာတွေ အများကြီးပဲ။ မောင် လုပ်ချင်တာမှန်သမျှ ကျွန်မ လိုက်လျောပြီး လုပ်ပေးခဲ့တာချည်းပဲ"

"ကဲ - တော်ပါတော့ကွာ၊ သိပ်အပြောကြီးမနေပါနဲ့တော့"

သူမ ငိုနေသည်ကို တွေ့ရသည်။

"နားထောင်ပါဦး။ ခုနေ ဘာမှလုပ်လို့ မရတော့ဘူး။ ငါကိုယ်ငါ ဘာလုပ်နေမှန်းလည်း မသိတော့ဘူး။ ကိုယ်အသက်ရှင်နေဖို့ လိုက်သတ်နေရသလို ဖြစ်နေပြီထင်တယ်။ တို့ စကားပြောစကတော့ ငါလည်း ကောင်းပါတယ်၊ အခုတော့ ငါ ဘာဖြစ်နေမှန်း မသိတော့ဘူး။ မင်းအပေါ် ရက်စက်ရာကျနေပြီ၊ ငါပြောတာတွေ ဘာမှ ဂရုမယူနဲ့နော်။ ဟုတ်လား ဒါလင်၊ မင်းကို တကယ်ချစ်တာပါကွာ။ မင်းသိပါတယ်။ မင်းကိုချစ်သလို တခြား ဘယ်သူ့ကိုမှ ငါ မချစ်နိုင်ဘူး။ သိလား"

ပြောနေကျ စကားကိုပင် သူ ပြောသည်။

"သိပ်ချစ်တာပဲ ဒါလင်ရယ်"

"မင်းဟာ တကယ် ခွေးမပဲ၊ သိပ်ချမ်းသာတဲ့ ခွေးမ။ အဲဒါက ပိုပြီး ကဗျာဆန်တယ်။ အေး - ခုနေမှာတော့ ငါ့မှာ ကဗျာစပ်ဖို့ ကာရန်တွေ အများကြီးပဲ။ လူက ပုပ်နေပြီ၊ အပုပ်နဲ့ ကဗျာ၊ ကဗျာပုပ်ကြီးပေါ့"

"တော်ပြီဟယ်မီ၊ ဘာတွေ လျှောက်ပြောနေတာလဲ"

"အေး - ငါသွားရင် ဘာမှချန်မထားခဲ့ချင်ဘူး။ အကုန်ယူသွားချင်တယ်"

ညနေစောင်းလာပြီ၊ သူ အိပ်ပျော်သွားသည်။ နေသည် တောင်ကုန်းတစ်ဖက်သို့ ကျသွားပြီး အရိပ်မည်းမည်းတို့ ထိုးကျလာပြီ။ သားကောင်ငယ်လေးများ အမြီး ခေါင်းတို့ လှုပ်ယမ်းကာ စားသောက်နေကြသည်။ သူတို့ စခန်းနှင့် မနီးမဝေးတွင် ညှိစီနေသည်။ လင်းတတို့မှာ ကွင်းထဲတွင် မရှိတော့ဘဲ သစ်ပင်ထက်တွင် ခပ်အိအိ နားခိုနေကြသည်။ အကောင်တွေ တော်တော်လေးများလာသည်။ သူ့ အနိုင်းအစေလေးသည် အိပ်ရာဘေးတွင် ထိုင်စောင့်နေသည်။

"သခင်မ တောပစ်ထွက်သွားတယ် ခင်ဗျ။ ဘာလိုချင်သလဲ သခင်"

"ဘာမှ မလိုချင်ဘူး"

ဟင်းစားတစ်ခုခုရရန် သူမ ထွက်သွားခြင်းဖြစ်သည်။ သူမ တောပစ် ထွက်သည်ကို သူကြည့်ချင်မှန်း သိသည်။ ထို့ကြောင့် ခပ်ဝေးဝေး တစ်နေရာသို့ သွားသည်။ သူ့ကို အနှောင့်အယှက် ပေးချင်ပုံမရ။ အလွန် အစဉ်းစား အဆင်ခြင်ကြီးသည့် မိန်းမဟု သူ ထင်သည်။ ကြားတာတွေ၊ ဖတ်တာတွေ၊ သိတာတွေကို ပြန်လည် ဆင်ခြင်တတ်သည်။

သူ့ကို သူမ လက်ခံသည်မှာ သူမ အပြစ်မဟုတ်။ သူ့ဘဝမှာ စုံနေပြီ။ သူပြောသမျှ စကားတွေမှာ ဘာတစ်ခုမှ မှန်တာ မပါ။ ပြောနေကျအတိုင်း ပြောသည့် နှစ်သိမ့်စကားများသာ ဖြစ်သည်။ ထိုစကားတွေကို မိန်းမတစ်ယောက်အဖို့ မှန်သည် မှားသည် ဘယ်မှာ သိနိုင်မည်လဲ။ မိန်းမတွေနှင့် ပတ်သက်လာလျှင် သူ့ မုသားစကားတွေက အမှန်စကားထက် ပိုပြီး ထိရောက်သည်ကို သူ နားလည်ပြီးနောက် သူ့ မုသားစကားတို့မှာ အောင်မြင်လာသည်။

လောကမှာ မှန်တာတွေ ပြောစရာမရှိသဖြင့် မုသားစကား ဆိုရသည်ကား မဟုတ်။ သူ့မှာ ဘဝမျိုးစုံ ကျင်လည်ခဲ့ပြီ။ ထို့နောက် မရိုးနိုင်သည့် ဘဝဟောင်းတို့တွင် လူသစ်များနှင့် ထပ်မံ ဆုံစည်းပြန်သည်။ ငွေတွေ အများကြီးပိုက်ကာ ပျော်မွေ့ခဲ့သည်။ အကောင်းဆုံး ဒေသ၊ အကောင်းဆုံး နေရာ၊ အကောင်းဆုံး ပျော်မွေ့စရာတို့တွင် အသစ်အသစ်အချိန်နှင့် ကျက်စားခဲ့သည်။

သည်ဟာတွေကို မစဉ်းစားချင်။ အံ့ဩစရာတွေချည်းသာ ဖြစ်သည်။ သည်လိုဘဝတွင် ကျင်လည်ပြီးနောက် လွှင့်စဉ်ကွဲကြေမသွားဖို့ ထိန်းထားသည်။ ထိန်းထားနိုင်ခဲ့သည်။ အများသူငါတို့မှာ ကြေပျောက်ပျက်စီးသွားသည်သာ များသည်။ ပြီးတော့ ကိုယ်လုပ်ခဲ့သမျှကို နွဲ့လယ်းတယ်းတ ဖြစ်မနေနိုင်သည်။ လိုသည်။ ယခုမူ ဘာမျှမလုပ်နိုင်တော့။ သို့ပေမဲ့ စိတ်ထဲကတော့ သူကျင်လည်ခဲ့သည့် လောကထဲက လူတွေအကြောင်း စာတစ်စောင်လောက်ဖွဲ့ ရေးချင်သည်။ လူချမ်းသာတွေအကြောင်း ဆိုပါစို့။ ကိုယ်တိုင်ကမူ သူတို့လောကသား မဟုတ်။ သူတို့ဘဝထဲ ဝင်ကြည့်သည်၊ သူတို့တိုင်းပြည်ထဲ

ဝင်ကြည့်သည့် သူလျှိုတစ်ယောက်သာတည်း။ ထို့နောက် ထိုလောကကို ဖယ်ခွာထွက်ခဲ့မည်။ ပြီးမှ သူတို့လောကအကြောင်း ရေးဖွဲ့မည်။ သည်လို ဆိုလျှင် သူ့စာသည် ကိုယ်ရေးသည့်အကြောင်းကို ပိုင်နိုင်စွာ သိသည့် သူတစ်ယောက်၏စာ ဖြစ်လာမည်။ သို့သော်လည်း ထိုလောကအကြောင်း စာတစ်ပုဒ်မျှ မရေးနိုင်ခဲ့။ စာမရေးဘဲ နေခဲ့ဖန်များတော့၊ စည်းစိမ်ကျကျ နေခဲ့ဖန်များတော့ ဉာဏ်တုံးလာသည်။ လုပ်ချင်ကိုင်ချင်စိတ် မရှိတော့။ သည်လိုနှင့် ဘာမျှမရေးတော့ဘဲ နေခဲ့သည်။ သူ စာမရေးဘဲ နေသည့်အခါ၊ သူ့အလုပ် သူမလုပ်ဘဲ နေသည့်အခါ သူ သိကျွမ်းခဲ့သည့်လူတွေမှာ ပို၍ သက်ဆောင့်သက်သာ ဖြစ်လာသည်။ ပို၍ စိမ်ရှိလာသည်။ သူကျင်လည်ခဲ့သည့် ဒေသတို့အနက် အာဖရိကသည် ပျော်စရာအကောင်းဆုံး နေရာ ဖြစ်သည်။ ယခုလည်း သူ့ဘဝကို ပြန်စရန် အာဖရိကသို့ ရောက်လာခြင်း ဖြစ်သည်။ ယခု တောပစ်ခရီးကို စည်းစိမ်အနည်းဆုံး စီစဉ်ထားသည်။

သို့သော်လည်း ခရီးလမ်းပန်း မခက်ခဲ၊ မပင်ပန်း။ ထို့အတူ ဇိမ်လည်း မယူနိုင်။ ဤနည်းဖြင့် ဘဝမှန် ပြန်ရောက်လာအောင် လေ့ကျင့်ခန်းယူရမည် ထင်သည်ဟု သူ ယူဆသည်။ အဆီအအိမ့် များသူသည် လှုပ်ရှားလေ့ကျင့်ရင်း ကိုယ်ကိုချုပ်ရပ်အောင် လုပ်ရသကဲ့သို့ သူသည်လည်း လေ့ကျင့်ခန်း ယူကာ အဆီအအိမ့်တွေကို လျှော့ပစ်ရလိမ့်မည်။

သူမကလည်း အာဖရိကကို သဘောကျသည်။ နှစ်သက်သည်။ လှုပ်လှုပ်ရှားရှား ကြွကြွရွရွဖြစ်စေသည့် ကိစ္စမှန်သမျှကို သူမ နှစ်သက်သည်။ လူသစ်တွေ တွေ့ရမည်။ မြင်ကွင်းသစ်၊ ရှုခင်းသစ်တွေ ကြုံရမည်။ အမြင်သစ်၊ အတွေ့သစ်တွေ ကြုံရမည်။

သူလည်း ပြန်လည် လန်းဆန်းလာကာ စာပြန်ရေးချင်လာသည်။ ယခုမှ သည်လိုစခန်းသိမ်းဖို့ ကြုံလာသည်။ မြွေကိုက်ခံရဟာမျိုး မဟုတ်။ ဤအဖြစ်မှာလည်း အမျိုးသမီးအပြစ် မဟုတ်။ သူမနှင့်မဟုတ်လည်း အခြား အမျိုးသမီးတစ်ယောက်ယောက်နှင့် သည်အဖြစ်မျိုးပင် ကြုံရမည်မဟုတ် လား။ သူသည် မုသားတွေအကြား ကြီးပြင်းလာခဲ့သူဖြစ်ရာ သေတော့လည်း

မဟုတ်တာ မမှန်တာတွေနှင့် သေဖို့ ကြိုးစားရန်သာရှိသည် မဟုတ်လား။ ထိုခဏမှာပင် တောင်ကုန်းဟိုဘက်ဆီမှ သေနတ်သံတစ်ချက် ကြားရသည်။

သည်မိန်းမ အမဲပစ် ကောင်းသည်။ လက်တည့်သည်။ အလွန်ချမ်းသာသည့် မိန်းမ။ ပြီးတော့ သူ့ကို ကြင်နာယုယစွာ ပြုစုသူ။ တစ်ချိန်တည်းမှာပင် သူ့အရည်အသွေးတွေ မှေးမှိန်သွားအောင် ဖျက်ဆီးသူလည်း ဖြစ်သည်။ သည်လိုလည်း မဟုတ်။ သူ့အစွမ်းအစကို တုံးအောင် သူကိုယ်တိုင်ပင် လုပ်နေသည်မဟုတ်လား။ သူ့ကို အကျအန စည်းစိမ်ရှိရှိထားပြီး ပြုစုယုယသဖြင့်တော့ သည်အမျိုးသမီးကို အပြစ်တင်ရမည်လား။ အားလုံး သူ့အပြစ်ချည်းပင်ဖြစ်သည်။ အရက်ကို နင်းကန်သောက်သည်။ အတွေးအမြင်တွေ တွေပြားကုန်သည်။ ပျင်းသည်။ အစွမ်းအစတွေ တုံးကုန်သည်။ လက်နက်ကို ချွန်မြအောင် မသွေး။ မာနတွေ၊ အာဃာတတွေ ကြီးလွန်းများလွန်းသည်။ ပြီးတော့ သူယုံကြည်တာကို ဖျက်ကွယ်ပြုကာ သူကိုယ်သူ သစ္စာဖောက်ခဲ့သည်။ တစ်ခါတစ်ရံ မဟုတ်တာ မမှန်တာတွေ သူလုပ်ခဲ့သည်။ ဒါက ဘာတွေလဲ။ စာအုပ်ဟောင်းတွေရဲ့ စာရင်းလေ။ သူ့အစွမ်းအစက ဘာလဲ။ အစွမ်းအစရှိတာ အမှန်။ သို့သော်လည်း သူသည် အကျိုးရှိအောင် အသုံးမပြုဘဲ ရောင်းစားခဲ့သည်။ သူ ဘာလုပ်ပြီးခဲ့ပြီဟူ၍ မပြောနိုင်။ ဘာဖြစ်ဖြစ် သူလုပ်နိုင်တာပေါ့ဟူ၍သာ ပြောခဲ့သည်။ ကလောင်တစ်ချောင်းနှင့် အသက်မွေးမည့်အစား အခြား အလုပ်တစ်ခုဖြင့် အသက်မွေးခဲ့သည်။ ပြီးတော့ သူ့ဘဝမှာ ကြုံရသည့် အဖြစ်ဆန်းက မိန်းမတစ်ယောက်နှင့် ချစ်ပြီ ကြိုက်ပြီဆိုလျှင် ထိုမိန်းမသည် သူ့အလျှင်မိန်းမထက် ပိုက်ဆံ ပိုရှိသူ ဖြစ်နေတတ်သည်။

သည်မိန်းမကို သူ မချစ်လှ၊ သူမကမူ သူ့ကို အရူးအမူးချစ်သည်။ သူ့တစ်ယောက်အဖြစ်လည်း ချစ်သည်။ အပေါင်းအသင်းတစ်ယောက်အဖြစ်လည်း ချစ်သည်။ သူ့ကို ပိုင်ဆိုင်ရသည်ပင် အဖိုးတန် ပစ္စည်းတစ်ခုကို ပိုင်ဆိုင်ရသလို သဘောထားသည်။ သူမမှာ ငွေ အများအပြားရှိသည်။ လင်တစ်ယောက်နှင့် သားသမီးတွေလည်း ရှိခဲ့သည်။ ချစ်သူတွေရှာကာ မကျေ

မနပ်ဖြစ်ပြီး စွန့်ခဲ့သည်။ သူ့ကိုမှ စွဲလမ်းနေသည်။ သို့သော်လည်း ထူးဆန်းသည်က သူမှာ ချစ်စိတ်တွေ ကုန်ခန်းပြီး လိမ်ညာကာ ချစ်ချင်ယောင် ဆောင်နေသည့်အခါမျိုးတွင် သူမ ငွေတွေနှင့် ထိုက်တန်အောင် ကိုယ့်ဘက်က ပြန်လည်ပေးဆပ်ဖို့ လိုသည်မဟုတ်လား။ ချစ်တုန်း ခင်တုန်းကထက် ပိုပြီး လိုက်လျောရမည် မဟုတ်လား။

သူတို့လုပ်ခဲ့တာတွေနှင့် ရှင်းရှင်းပြတ်ပြတ် ကဏ္ဍခွဲခြားထားလိုက်လျှင် ကောင်းမည်ဟု သူထင်သည်။ ဘယ်လို အသက်မွေးသလဲဆိုသည်မှာ အစွမ်းအစနှင့် ဆိုင်သည်။ သူ့ဘဝတွင် သူ့စွမ်းအားမှန်သမျှကို တစ်နည်းမဟုတ် တစ်နည်း ရောင်းချခဲ့ပြီးဖြစ်သည်။ စိတ်ထဲကမပါလျှင် ဘာကိုမျှ မလုပ်ချင်။ ငွေအတွက်တော့ စိတ်မပါဘဲ လုပ်ရတာတွေရှိသည်။ ယခုတော့ ထိုအဖြစ် ထိုဘဝအကြောင်းကို နားလည်ပြီ။ သို့တိုင်အောင် ထိုဘဝ ထိုအကြောင်းတို့ကို မရေးနိုင်ခဲ့။ ရေးလည်း ရေးမည်မဟုတ်။ ရေးဖို့ကောင်းသော်လည်း မရေးချင်။

သူမ ပြန်လာပြီ။ ကွင်းပြင်ကိုဖြတ်ကာ စခန်းဆီသို့ လာနေသည်ကို မြင်ရသည်။ မြင်းစီးဘောင်းဘီကို ဝတ်ထားပြီး ရိုင်ဖယ်ကို လွယ်ထားသည်။ သူငယ်နှစ်ယောက်သည် ဒရယ်ဖိုတစ်ကောင်ကို ဝါးလုံးတွင် လျှိုထမ်းပြီး သူမနောက်က လိုက်လာကြသည်။ ယခုတိုင် ကြည့်ပျော်ရှုပျော်ရှိသေးသည့် မိန်းမတစ်ယောက်ဟု သူထင်သည်။ ကိုယ်လုံးကိုယ်ပေါက်ကလည်း လှသည်။ အိပ်ရာထဲမှာ တီတီတာတာ ပြောတတ်သည်။ ပြီးတော့ အမြဲအစုကောင်းသည်။ လှသည်ဟုလည်း မဆိုနိုင်။ သို့သော် သူမမျက်နှာပေါက်ကို သူ နှစ်သက်သည်။ သူမသည် စာအလွန်ဖတ်သည်။ မြင်းစီးဝါသနာပါသည်။ တောလိုက်ဝါသနာပါသည်။ ပြီးတော့ အရက်ကိုလည်း ခပ်ခပ်မင်မင် သောက်တတ်သည်။ ခပ်ငယ်ငယ်ကပင် မုဆိုးမဖြစ်ခဲ့သည်။ ခဏတာမျှ လူမမည် ကလေးနှစ်ယောက်ကို ပြုစုပျိုးထောင်ပေးသည်။ သို့သော် သူတို့က သူမ အစောင့်အရှောက် မခံချင်ကြ။ သူတို့အပေါ်၏ မြင်းတွေ၊ စာအုပ်တွေ၊ အရက်ပုလင်းတွေကို သူတို့ မနှစ်သက်။ ညနေ ထမင်းမစားမီ စာဖတ်ရင်း ဝီစကီနှင့်

ဆိုဒါ သောက်တတ်သည်။ ထမင်းစားချိန်ရောက်လျှင် အတန်အသင့် မူးနေပြီ။ ထမင်းစားရင်း ဝိုင်တစ်ပုလင်းသောက်ရာ အိပ်ကောင်းလောက် အောင် မူးယစ်သွားတတ်သည်။

ဤသည်တို့မှာ ချစ်သူများနှင့် မတွေ့မီက ဖြစ်သည်။ ချစ်သူရသည့် အခါ အရက် သိပ်မသောက်တော့။ အရက်သောက်လျှင် အိပ်လို့မကောင်း။ ချစ်သူတွေက သူမကို ငြီးငွေ့လာသည်။ သူမကို ဘယ်တော့မှ မငြီးငွေ့သည့် လူတစ်ယောက်သည် လက်ထပ်ခဲ့ဖူးသည်။ ယခုလူတွေကမူ သူမကို ငြီးငွေ့ သွားကြသည်။

ထိုအနိုက်မှာပင် သူမ ကလေးတစ်ယောက်သည် လေယာဉ်ပျံ ပျက်ကျသည့်အထဲ ပါသွားကာ ဆုံးပါးခဲ့သည်။ သည့်နောက်တွင်မူ ချစ်သူ တွေ မလိုချင်တော့။ ဘဝကို မေ့ရအောင် အရက်သောက်လို့ မရသည့် အတွက် နောက်ဘဝသစ်တစ်ခု ထူထောင်ရန် ကြိုးစားသည်။ အဲ - အထီးကျန် ဘဝကို စိုးမိုးချုပ်လာသည်။ သို့နှင့် သူမလေးစားရမည့်သူ တစ်ယောက်ကို သိုချင်လာသည်။

ဇာတ်လမ်းကြေပုံက အလွန်ရိုးသည်။ သူ့စာတွေကို သူမ နှစ်သက် သည်။ သူ၏ ဘဝကို ကုန်လွန်ပုံကိုလည်း သဘောကျသည်။ သူသည် သူ ကြိုက်တာကို လုပ်နေသူတစ်ယောက်ဟု သူမ ထင်သည်။ သို့နှင့် ဘဝသစ် ထူထောင်ရန် ကြိုးစားရင်း သူမသည် သူနှင့်နီးစပ်အောင် ကြံစည်ကြိုးစား သည်။ တဖြည်းဖြည်း နီးစပ် ရင်းနှီးလာသည်။ ချစ်သူများ ဖြစ်လာသည်။ သို့နောက် ဘဝသစ်တူထောင်ကြသည်။ သူကမူ သူ့ဘဝကို ရောင်းစားလိုက် ပြီဟု ဆိုသည်။

ရောင်းစားလိုက်သည်ဆိုခြင်းမှာ အမှန်ပင်ဖြစ်သည်။ ဘဝလုံခြုံမှု အတွက်၊ သက်သောင့်သက်သာ နေနိုင်ဖို့အတွက် ရောင်းစားရသည်။ မင်းကို ငြင်းနေစရာမလို။ သို့မဟုတ်လျှင် ဘာအတွက် ဘဝကို ရောင်းစားရမှာလဲ။ မဖြေရှင်းတတ်တော့ပြီ။ သူလိုချင်တာ မှန်သမျှကို သူမက ဖန်တီးပေးသည်။ သင်းကိုလည်း သူသိသည်။ အလွန်အလွန် ကောင်းသည့် မိန်းမတစ်ယောက်

ဖြစ်သည်။ မကြာမြင့်မီ အုံးစက်ရာမှာ အတူနှံ့ကြဖို့ပင်ဖြစ်သည်။ သူမနှင့်ပဲ ခန်းသွားတော့မည်။ ငွေကြေးအားဖြင့် ပြည့်စုံကုံလုံသည်။ ရုပ်ရည်အားဖြင့် နှစ်သက်စရာကောင်းသည်။ အလိုက်ကို သိသည်။ စကားများခြင်း ရန်ဖြစ်ခြင်း မရှိ။ ဤဘဝသစ်ကို သူမနှင့် တူတောင်ခဲ့သည်။ ယခု ဆုံးခန်းတိုင်တော့မည်။ အလျင် နှစ်ပတ်ခန့်က ဆတ်တစ်အုပ်ကို ဓာတ်ပုံရိုက်ရန် ကြိုးစားသည်။ ခေါင်းလည်မော့နေကြသည့် ဆတ်အုပ်ကို ချုံထဲတိုးဝင်ကာ ချောင်းသည်။ ဓာတ်ပုံ မရိုက်လိုက်ရ။ အသံ မလုံသဖြင့် ဆတ်အုပ်သည် ထွက်ပြေးသွားသည်။ သူ့မှာလည်း ဒူးတွေ ခုခြစ်ခံရသည်။ ထိုအနာကို တင်ချာမထည့်မီ။ ဤသည်ကာစကာ သူတို့ဘဝသစ်ကလေး ဆုံးခန်းတိုင်တော့မည်။

ယခု သူမ ရောက်လာသည်။

သူမ လာရာသို့ ခေါင်းလှည့်ကြည့်ရင်း နှုတ်ဆက်လိုက်သည်။

"ဒရယ်ဖိုတစ်ကောင် ပစ်လာခဲ့တယ်။ ဒီညစာတော့ ကောင်းကောင်း ရပြီ။ စွပ်ပြုတ်လုပ်မယ်။ ပြီးတော့ အာလူးပြုတ် ခြေတာနဲ့ စားကြမယ်၊ ဘယ့်နှယ်နေသေးသလဲ"

"ကောင်းလာပါတယ်"

"ကောင်းလာမှာပါ။ ကြားရတာ ဝမ်းသာပါတယ်။ သက်သာလာလိမ့်မယ်လို့ ကျွန်မထင်သားပဲ။ ကျွန်မ ထွက်သွားတော့ မောင် အိပ်ပျော်နေတယ်"

"အတော်လေး အိပ်လိုက်ရတယ်၊ တော်တော်သွားရသလား"

"မဝေးလှပါဘူး။ တောင်ကုန်းနားတစ်ဝိုက်အထိပါ။ ဒရယ်ဖိုကို ချက်ကောင်းမှန်တယ်"

"သေနတ်ပစ် တည့်လာပြီ။ လက်တည့်လာပြီ"

"သိပ်သဘောကျတာပဲ။ အာဖရိကကို ကျွန်မ စွဲလမ်းခဲ့တယ်၊ တကယ်ပါ။ မောင်သာ နေကောင်းရင် သိပ်ပျော်စရာကောင်းမှာပဲ။ နှစ်ယောက်အတူ သေနတ်ပစ်ရတာ၊ အမဲလိုက်ရတာ ပျော်စရာဆိုတာ မောင်မသိသေးဘူး။ တောတောင်တွေထဲ သွားလာနေရတာကိုလည်း ကျွန်မ ပျော်တယ်"

"ငါလည်း မေ့တော့ဘာပါပဲ"

"သက်သာလာပြီဆိုလို့ သိပ်ဝမ်းသာတာပဲ အချစ်ရယ်။ မောင် ဒီလို ခံစားနေရတာ ကျွန်မ မကြည့်ရက်ဘူး။ စောစောကလို ကျွန်မကို မပြောနဲ့နော်။ ဟုတ်လား။ မပြောတော့ဘူးနော်။ ဘယ့်နှယ်လဲ"

"မပြောတော့ပါဘူး။ ဘာတွေပြောခဲ့မိသလဲဆိုတာ ငါလည်း မမှတ်မိတော့ဘူး"

"ကျွန်မဘဝကိုတော့ မဖျက်ဆီးပါဘူးနော်။ ဘယ်လိုလဲ၊ ကျွန်မဟာ သူလတ်ပိုင်း မိန်းမတစ်ယောက်ပါ။ မောင့်ကို ချစ်ပါတယ်။ မောင်လုပ်ချင်တာတွေ မှန်သမျှ ကျွန်မလည်း လိုက်ပြီး လုပ်ချင်ပါတယ်။ ကျွန်မဘဝမှာ နှစ်ကြိမ် သုံးကြိမ်လောက် အဖျက်ဆီးခံခဲ့ရပြီ။ ဒီတစ်ခါတော့ ကျွန်မဘဝလေးကို သပ်ပြီး မဖျက်ဆီးပါနဲ့တော့"

"မင်းကို ငါ နည်းနည်းပါးပါးတော့ ဖျက်ဆီးချင်တယ်"

"ဒီလို ဖျက်ဆီးတာမျိုးတော့ ကိစ္စမရှိပါဘူး မောင်ရယ်။ နက်ဖြန် ဆိုရင် လေယာဉ်ပျံ ရောက်လာတော့မယ်"

"မင်း ဘယ်လိုသိသလဲ"

"သေချာပါတယ်။ လာမှာပါ။ သူငယ်လေးတွေကိုလည်း ထင်းခြောက်တွေ ရှာခိုင်းထားတယ်။ မီးပုံရှို့ဖို့ အသင့်ပဲ။ မြက်ခြောက်တွေလည်း ရှိတယ်။ ဒီနေ့ပဲ သွားကြည့်ခဲ့သေးတယ်။ လေယာဉ်ဆင်းဖို့နေရာ အများကြီးရှိပါတယ်။ နှစ်ဖက်စလုံးမှာ မီးပုံလုပ်ဖို့ အသင့်ပြင်ထားတယ်"

"နက်ဖြန် ရောက်လာမယ်လို့ ဘာဖြစ်လို့ ပြောနိုင်သလဲ"

"လာမှာပေါ့။ သေချာပါတယ်။ ခုဆို ရက်တောင်လွန်နေပြီ။ မြို့ရောက်တော့ မောင့်ခြေထောက်ကို သူတို့ ကြည့်ရှုကုသပေးမှာပေါ့။ ပြီးတော့မှ ကောင်းသောဖျက်ဆီးခြင်းတွေ ရောက်လာမယ်လေ။ စောစောတုန်းကလို ဒေါ်သတကြီးစကားတွေတော့ မပြောပါနဲ့ မောင်ရယ်"

"အရက်သောက်ကြရင် မကောင်းဘူးလား။ နေလည်း ကျသွားပြီ"

"သောက်ချင်လို့လား"

"တစ်ခွက်လောက်ပေါ့ကွာ"

"ဒါဖြင့် အတူတူသောက်မယ်။ မိုလို၊ ဝီစကီနဲ့ ဆိုဒါနှစ်ခွက် ယူခဲ့"

"ခြင်မကိုက်အောင် ဘွတ်ဖိနပ် စီးထားလေ"

သူက သတိပေးသည်။

"ရေချိုးပြီးတော့မှပဲ"

မှောင်ရီသန်းလာပြီ။ သူတို့သည် အရက်သောက်ကြသည်။ အလင်းရောင် နည်းလာပြီး သေနတ်ပစ်လို့ မရသည့်အခါတွင်မှ တောခွေးတစ်ကောင်သည် ကွင်းစပ်မှဖြတ်ကာ တောကုန်းဆီသို့ ပြေးသွားသည်။

"ဒီကောင်ဟာ အဲဒီကွင်းစပ်ကို ညတိုင်းဖြတ်ပြေးတယ်။ နှစ်ပတ်လောက်ရှိပြီ။ ညတိုင်းပဲ"

"ည ည အူတာ ဒီကောင်လား ဟင်၊ ကြောက်တော့ မကြောက်ပါဘူး။ အင်မတန် ညစ်ပတ်တဲ့ကောင်မျိုးတွေပဲ"

သူတို့နှစ်ယောက် အရက် အတူသောက်နေကြသည်။ သူ့မှာ နာကျင်ခြင်း လုံးဝမရှိ၊ တစ်နေရာတည်း မရွေ့မလျားနေရသည့် အဖြစ်တစ်ခုသာ မသက်မသာရှိသည်။ သူငယ်ကလေးများသည် မီးဖိုနေကြသည်၊ မီးရောင်ဟပ်သဖြင့် အရိပ်မည်းမည်းတို့သည် တဲပေါ်တွင် ခုန်လွှားဆော့ပျံနေသည်။ ယခုဘဝကား အေးချမ်းသာယာသည့် ဘဝဖြစ်လေသည်။ ဤဘဝသည် ငြိမ်းအေးသည်။ သူမသည် သူ့အပေါ် အလွန်ကောင်းခဲ့သည်၊ နေ့လယ်ခင်းက သူ့အပြုအမူမှာ ရက်စက်ရာရောက်သည်။ သူမသည် သဘောကောင်းသည်။ အံ့ဩစရာကောင်းလောက်အောင် ကောင်းသည်၊ သည်လိုအချိန်မျိုးမှာ သူသည် သေတွင်းနှုတ်ခမ်း ရောက်နေသည်။

သေခြင်းသည် ဝုန်းကနဲ ရောက်လာသည်။ ရေစီးသလို၊ လေတိုက်သလိုကား မဟုတ်။ ခဏချက်ချင်းပင် အနံ့ဆိုးကြီးတစ်ခု ရလာပြီ၊ ဟာကနဲဖြစ်သွားသည်။ ပြီးတော့ ခွေးကျားက ဟာကနဲဖြစ်သွားသည့် အနံ့ဆိုးကြီး၏ဘေးတစ်လျှောက် ဖြတ်ပြေးသွားသည်မှာ ထူးဆန်းသည်။

"ဘာဖြစ်တာလဲ ဟယ်ရီ"

သူမက မေးသည်။

“ဘာမှမဖြစ်ပါဘူး။ မင်း ဟိုဘက်ရှေ့ဆိုင်နေ လေတင်ဘက်ကိုသွား”

“အနာက ပတ်တီးကို မိုလိုက လဲမပေးဘူးလား”

“ပေးပါတယ်။ အခု ဗောရစ်ပေါင်းခါ ထည့်မလို့”

“ဘယ်နှယ်နေသလဲ မောင်”

“နည်းနည်း တုန်တုန်ယင်ယင် ဖြစ်ချင်တယ်”

“ကျွန်မ ရေချိုးလိုက်ဦးမယ်။ ချက်ချင်းပြန်လာမယ်။ ပြီးတော့ ညစာအတူစားကြမယ်။ မောင့်ခုတင်ကိုလည်း တဲထဲ ပြောင်းပေးရမယ်”

သို့နှင့် သူ့ကိုယ်သူ ပြောသည်။ တို့နှစ်ယောက် ရန်မဖြစ်ကြတော့ဘူး။ သခုမိန်းမနှင့်ကား သူသည် အကြီးအကျယ် စကားများ ရန်ဖြစ်သည်အထိ မဖြစ်ခဲ့။ သူချစ်သည့် မိန်းမတွေနှင့်မူ ခဏခဏ ရန်ဖြစ်သည်။ နောက်ဆုံးဘွင် ရန်ဖြစ်ဖန်များလာသည့်အခါ အချစ်တွေ ပျက်ပြယ်လွင့်ပါးသွားလေသည်။ သူသည် အချစ်ကြီးသူဖြစ်သည်။ လိုချင်တာတွေကို အတင်းအကျပ်ပေယူသည်။ ပြီးတော့ အားလုံး ပျက်ပြယ်ကုန်သည်။

သူသည် ကွန်စတန်တင်နိုပယ်တွင် တစ်ယောက်တည်း ရှိနေသည့်ဘဝကို ပြန်စဉ်းစားကြည့်သည်။ သည်တုန်းက ပါရီမှာ ရန်ဖြစ်ခဲ့ပြီး ထွက်လာခဲ့ခြင်းဖြစ်သည်။ ထိုအချိန်က သူသည် တစ်ချိန်လုံး ဖောက်ပြားနေခဲ့သည်။ ကျေနပ်အားရလျှင် အထီးကျန်ဘဝကို ရှုံ့မုန်းလာပြန်သည်။ တစ်ယောက်တည်း နေလို့မဖြစ်။ အဖော်လိုသည်။ သို့သော်လည်း သူ့အခြေအနေမှာ ဆိုးရွားလာသည်။ သူ့ကို စွန့်ခွာသွားသည့် အမျိုးသမီးဆီသို့ ပထမဆုံး စာရေးသည်။ အဖော်လိုသည့်ဘဝကို နာကြည်းမိပုံကို ဖွင့်ဟဝန်ခံခဲ့ရသည်။ ပြီးတော့ ... ရီးဂျင့်ပြင်ဘက်တွင် သူ့ကို တွေ့လိုက်မိသည်ဟု ထင်ယောင်ထင်မှားဖြစ်ကာ ပူဆွေးရပုံ၊ စိတ်နလုံး ကြေကွဲရပုံတို့ကိုလည်း ရေးလိုက်သည်။ မိန်းမပေါင်းများစွာနှင့်အတူ အိပ်ပြီးသည့်အခါတိုင်း သူ့ကိုသတိရပုံ၊ သူနှင့် ကွဲရသဖြင့် အောက်မေ့မိပုံ၊ သူ့ကို ချစ်မိပြီဆိုတော့

ဘယ်မျှပင်ဆိုးဆိုး ဘာတွေပင် လုပ်သွားသွား အရေးမထား။ ယခုမူ သူ့ကိုသာ တမ်းတနေမိပုံတို့ကိုလည်း ထည့်ရေးလိုက်သည်။ သည်စာကို ကလပ်မှာထိုင်ရေးပြီး နယူးယောက်သို့ ထည့်လိုက်သည်၊ ပါရီရှိ သူ့ရုံးခန်းသို့ စာပြန်ရေးရန်ကိုလည်း မှာကြားလိုက်သည်။ ထိုအချိန်တွင် သူ့စိတ်မှာ ပျော့ပျောင်းနေသည်။ ထိုညတွင် သူနှင့် လွဲရသဖြင့် စိတ်မချမ်းမြေ့စွာဖြင့်ပင် ညစာ အတူစားရန် တက်ဆင်သို့ဝင်ခဲ့ပြီး ကလေးမတစ်ယောက်ကို ခေါ်ခဲ့သည်။ ကလေးမနှင့်အတူ ကရန်တစ်နေရာသို့ ရောက်သွားသည်၊ ကောင်မလေးမှာ အက မကောင်း။ ထို့ကြောင့် သူ့ကိုထားခဲ့ကာ ကြိုးကြိုးကြွကြွ အမေရိကန်မလေးတစ်ယောက်နှင့် တွဲကခဲ့သည်။ အမေရိကန်မလေးမှာ အက ကောင်းသည်၊ ဗိုက်သားနှင့် ပွတ်ကာပွတ်ကာ ကသည်မှာ ကြာလျှင် ပွတ်ဖန်များသဖြင့် ကိုယ့်ဗိုက်ပင် အရည်ပျော်သွားမလား၊ အောက်မေ့ရသည်။ အင်္ဂလိပ် အမြောက်တပ် ဗိုလ်တစ်ယောက်ထံမှ ကောင်မလေးကို လုယူခဲ့ရသည်။ တစ်ပွဲတစ်လမ်း ချလိုက်ကြရသေးသည်။ အမြောက်ဗိုလ်က အပြင်ခေါ်ထုတ်ပြီး ချသည်၊ အမှောင်ရိပ်တွင် သူတို့နှစ်ယောက် ထိုးကြိတ်ကြသည်။ အင်္ဂလိပ်ကို မေးရိုးတွင် နှစ်ချက် ခပ်နာနာ ထိုးလိုက်သည်၊ လဲကျမသွားလျှင် တစ်ချီတစ်မောင်း ကြရဦးမည်ဟု နားလည်ထားလိုက်သည်။

အမြောက်ဗိုလ်က သူ့ဗိုက်ကို ထိုးသည်၊ မျက်လုံးဘေးကို ထိုးသည်။ သူက ဘယ်လက်သီး ပစ်သွင်းလိုက်သည်၊ အမြောက်ဗိုလ်က သူ့အကျီလက်တစ်ဖက်ကို ဆုတ်ဖြဲသည်။ ထို့နောက် သူက နားသယ်တွင် နှစ်ချက်ထိုးလိုက် သည်။ ပြီးတော့ အမြောက်ဗိုလ်ကို တွန်းလှဲလိုက်သည်။ ထို့နောက် ပုလိပ်တွေ ရောက်လာသဖြင့် ကောင်မလေးကို ဆွဲကာ ထွက်ပြေးခဲ့ကြရသည်။ တက္ကစီတစ်စီးတွင် တက်ကာ ဘော့စဖိုရတ်တစ်လျှောက် 'ရင်မိလီဟစ္စာ'အထိ လာခဲ့ကြသည်။ ပြီးတော့ အေးစိမ့်စိမ့် ညချမ်းတွင် သူနှင့် အမေရိကန်မလေး

တို့သည် အုံးစက်ရာတွင် မွေ့ကြသည်။ ကောင်မလေးမှာ ကြိုးကြိုး ကြွကြွရှိသည်။ ပါးက နှင်းဆီသွေး။ အသားက ချောမွတ်သည်။ ရင်တင် ကားသည်။ ကောင်မလေး မနိုးမီ အခန်းက သူ ခွာခဲ့သည်။ ပြီးတော့ ပီရာပဲလေ့သို့ ကုတ်အင်္ကျီပိုက်ကာ လာခဲ့ရသည်။ အင်္ကျီက ဝတ်လို့မရ။ လက်တစ်ဖက်က မရှိတော့။ သူ့မျက်စိမှာလည်း ညှိုမည်း နေသည်။

ထိုညမှာပင် အနာတိုလီယာသို့ သူ ထွက်လာခဲ့သည်။ ထိုခရီး တွင် ဘိန်းအတွက်စိုက်သည့် ပေါ်ပီခင်းတွေကို ဖြတ်ကာ တစ်နေကုန် မြင်းစီး ခရီးနှင်ခဲ့ရသည်ကို အမှတ်ရနေသည်။ လောလောဆယ် ရောက်လာသည့် ကွန်စတန်တင် အရောရှိများနှင့်အတူ တိုက်ပွဲဆင် ကြသည်။ အမြောက်တပ်က အဆက်မပြတ် ပစ်သည်။ စစ်အခြေ အနေကို အကဲခတ်လာသည့် အင်္ဂလိပ်ကြီးသည် ကလေးလိုပင် အော်ငိုလေသည်။

ထိုနေ့က ဘဲလေးဂါဝန်ဖြူတွေဝတ်၊ ပန်းဖွားတွေတပ်ကာ မိနပ် ဦးကော့ကြီးတွေ စီးထားသည့် လူသေများကို သူ ပထမဆုံး မြင်ဖူး သည်။ တူရကီတွေ အစုလိုက် အပြုံလိုက် တက်လာကြသည်။ အဆက်မပြတ် တက်လာသည်။ ဂါဝန်ဝတ်ယောက်ျားတွေ ပြေးလွှား နေသည်ကို မြင်ရသည်။ ထိုလူအုပ်ထဲသို့ ပစ်ထည့်ပြီး သူတို့ကိုယ် တိုင် ထွက်ပြေးကြသည်။ သူနှင့်အတူ အင်္ဂလိပ် အကဲခတ်သမားတို့ လည်း အမောတကော ပြေးရသည်။ အသက်ပင် ထွက်သွားမလား အောက်မေ့ရသည်။ ကျောက်ဆောင်တွေကွယ်ကာ ရပ်စောင့်ပြီး တက်လာသည့် တူရကီတွေကို ငေးမောကြည့်နေမိသည်။ သည့် နောက်တွင်မူ တွေးလို့မရသည့် မြင်ကွင်းမျိုးတွေကို မြင်ရသည်။ အခြေအနေမှာ ဆိုးရွားလာသည်။ ပါရီသို့ ပြန်ရောက်သည့်အခါ ထိုအကြောင်းတို့ကိုပင် ပြန်မပြောချင်တော့ပေ။

ကဖေးရှေ့သူ ဖြတ်လျှောက်သည့်အခါ ဆိုင်ထဲတွင် အမေရိကန်

ကဗျာဆရာတစ်ယောက်သည် ရူမေးနီးယားတစ်ယောက်နှင့် ဒါဒါ အရေးတော်ပုံ* အကြောင်းကို ဆွေးနွေးနေကြသည်။ အမေရိကန် ကြီးရေတွင် ကော်ဖီပန်းကန်လွတ်တွေ ပုံနေသည်။ သူ့မျက်နှာမှာ အာလူးနှင့် တူသည်။ ရူမေးနီးယန်းကမူ သူ့နာမည်သည် 'ထရစ္စတန် ဇာရာ' ဖြစ်သည်ဟု ဆိုသည်။ သူသည် မျက်ကွင်းတစ်ဖက်တပ် မျက်မှန်ကို အမြဲတပ်ဆင်ထားသည်။ အမြဲတမ်း ခေါင်းကိုက်နေ သည်ဟုလည်း ဆိုသည်။

အိမ်ခန်းပြန်ရောက်လျှင် ရန်ဖြစ်တာတွေ၊ ပြီးတော့ အမြဲလို အချစ်နှာလန်ထရသည့် ဇနီးမယားနှင့် ပြန်လည် အကြည်ဆိုက်ရ သည်။ အိမ်ပြန်လာသည်ကို ဝမ်းသာသည်။ ဆူပူ ရှုံးမှုခဲ့တာတွေ လွင့်စဉ်ကုန်ပြီ။ ထိုခဏမှာပင် ရုံးခန်းရောက်လာသည့် သူ့စာ တစ်စောင်ကို အိမ်သို့ ပို့လိုက်ကြသည်။ သူရေးသည့်စာကို ပြန်ကြား လိုက်သည့်စာပင် ဖြစ်သည်။ လက်ရေးကိုမြင်တော့ ခေါင်းနားပန်း ကြီးကာ စာကိုဝှက်သည်။ သို့ပေမဲ့ ဇနီးမယားက "ဘယ်ကစာလဲ မောင်ရယ်"ဟု မေးစမ်းသည့်အခါ သံသရာ အစအဆုံး ချာချာလည် ကုန်သည်။

သူတို့နှင့်အတူ ကုန်လွန်ခဲ့ရသည့် အချိန်ကောင်းများကို ပြန်လည် အောက်မေ့ပါသည်။ ပြီးတော့ ခွန်းကြီးခွန်းငယ် ပြောခဲ့ ဆိုခဲ့သည်များကိုလည်း အမှတ်ရလာသည်။ ရန်ဖြစ်ဖို့ဆိုလျှင် သူတို့ သည် နေရာကောင်းကို ရွေးတတ်ကြသည်။ ပြီးတော့ သူ့မှာ ပျော်ရွှင် ချမ်းမြေ့နေပြီဆိုလျှင် သူတို့တစ်တွေက ဘာရန်လုပ်ချင်ကြသလဲ။ သူ နားမလည်နိုင်။ သည်အကြောင်းတွေကို စာမဖွဲ့ခဲ့။ တစ်စုံ တစ်ယောက်ကို မနစ်နာစေချင်၍ ဖြစ်သည်။ ပြီးတော့ ဒါတွေမပါဘဲ

* ၁၉၁၆ မှ ၁၉၂၂ အတွင်း ပြင်သစ်၊ ဆွစ်ဇာလန်၊ ဂျာမနီနိုင်ငံတို့၌ ခေတ်စားလာ သည်။ ပန်းချီနှင့် ကဗျာတွင် ရေးထုံးများကိုပယ်ကာ အဆန်းတွင်လမ်းသစ် လျှောက်သော အနုပညာရှင်တို့၏ လှုပ်ရှားမှု။

လည်း စာရေးလို့ စာဖွဲ့လို့ ရနေသည်မဟုတ်လား။ ရေးစရာတွေ တစ်ပုံကြီး မဟုတ်လား။ သို့ပေမဲ့ နောက်ဆုံးမှာတော့ ရေးဖြစ်အောင် ရေးရမည်ဟု သူမှတ်ထားသည်။ ရေးစရာတွေ အများကြီးရှိသည်။ ကမ္ဘာကြီး ပြောင်းလဲနေသည်မဟုတ်။ လူတွေကိုလည်း သူစောင့်ကြည့်ခဲ့သည်။ လူတွေလည်း ပြောင်းလဲနေသည်။ အချိန်အခါကိုလိုက်ပြီး အယူအဆတွေ ပြောင်းနေသည်။ ဤပြောင်းလဲသည့် အစဉ်ကြီးထဲတွင် သူလည်းပါသည်။ သူလည်း သက်သေပြခဲ့သည်။ သို့ဖြစ်ရာ ယင်းတို့ကို ရေးပြရန် သူမှာ တာဝန်ရှိသည်။ သို့သော် ယခုမူ ရေးနိုင်ဖို့ လမ်းမမြင်တော့။

× × ×

"ဘယ်လိုနေသေးသလဲ"

ရေချိုးပြီး တဲထဲမှ ထွက်အလာတွင် သူ့ကိုမေးသည်။

"ကောင်းပါတယ်"

"စားတော့မယ်လား"

သူမနောက်တွင် မိုလိုသည် ခေါက်စားပွဲလေးကို သယ်ကာ ပါလာသည်။ တခြား သူငယ်တစ်ယောက်လက်တွင်လည်း ဟင်းခွက်များ ပါလာသည်။

"ငါ စာရေးချင်တယ်" သူက ဆိုသည်။

"စွပ်ပြုတ်လေး သောက်လိုက်ဦးလေ။ ဒါမှ အားရှိမှာပေါ့"

"ဒီနေ့ည ငါသေတော့မှာ ဘယ်မှာ အားရှိဖို့ လိုဦးမှာလဲ"

"စိတ်ကူးနဲ့ လွမ်းမနေပါနဲ့လေ။ လာပါ ဟယ်ရီရယ်၊ စားကြမယ်"

သူမက ဖျောင်းဖျသည်။

"မင်း နာခေါင်းကို အသုံးမချဘူးလား။ ငါ့မှာ အခု ပေါင်ကနေပြီး ဘစ်ဝက်ပုပ်နေပြီ။ မင်းစွပ်ပြုတ်က ဘာဖြစ်မှာလိုက်လို့။ မိုလို၊ ဝီစကီနဲ့ ဆိုဒါယူခဲ့"

"စွပ်ပြုတ်သောက်လိုက်လေ"

သာသာယာယာ ချော့ကျွေးသည်။

"ကောင်းပြီ"

စွပ်ပြုတ်သည် ပူသည်။ ပန်းကန်ကို လက်ထဲတွင် ကိုင်ထားပြီး အေးအောင် စောင့်နေရသည်။ အေးလျှင် တစ်ကျိုက်တည်း မော့ချလိုက်သည်။

"မင်းဟာ သိပ်တော်တဲ့ မိန်းမပဲ။ အေး အခု ငါ့မှာ ဘာမှ ဂရုစိုက်စရာ မလိုဘူး"

သူမကို စိုက်ကြည့်သည်။ သူမမျက်နှာသည် ကျက်သရေရှိသည်။ အလှအပတွေ စုဝေးနေသည်။ အရက်သောက်လျှင်တော့ နည်းနည်း အရုပ်ဆိုးသည်။ အိပ်ရာထဲမှာလည်း အရုပ်ဆိုးသည်။ လုံးဝန်းသည့် ရင်သား၊ သွယ်တန်းတုတ်ခိုင်သည့် ပေါင်တံ၊ အကိုင်အတွယ် ညင်သာသည့် လက်ချောင်းများ။ သူမကို စိုက်ကြည့်စဉ် ချစ်စရာ့အပြုံးကို တွေ့လိုက်ရသည်။ ထိုအခါ သေခြင်းသည် သူ့ဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် လာနေပြီဟု ထင်သည်။ သည်တစ်ခါတွင်မူ မြန်မြန်ဆန်ဆန်မဟုတ်။ ဝုန်းကနဲ လေပင့်တိုက်လိုက်သည့်အခါ ဖယောင်းတိုင်မီး မှိတ်တုတ်မှိတ်တုတ် ဖြစ်ပြီး မီးတောက်ရှည် တက်သွားသည့် ပုံစံမျိုးအတိုင်း ဟုပ်ကနဲ ရောက်လာခြင်းမျိုးဖြစ်သည်။

"ငါ့ ပိုက်ကွန်ပုခက်ယူလာပြီး သစ်ပင်မှာ ချည်ပေးနိုင်။ မီးဖိုထား။ ဒီည တဲထဲ ဝင်မအိပ်ဘူး။ အထဲဝင်လို့ မဖြစ်ဘူး။ ဒီည သာယာတယ်။ မိုးရွာဖို့ မမြင်ဘူး"

သည်လိုပဲ သေသွားတော့မည်။ သေပြီလို့ တီးတိုးလာပြောသည့် လေသံကို မကြားရဘဲ သေသွားလျှင် ကောင်းမည်။ ပြီးတော့ ရန်ဖြစ်စရာ၊ အချင်းများစရာ မရှိတော့ပြီ။ ဒါကိုတော့ အာမခံနိုင်သည်။ အလျင်က မကြုံဖူးသည့် အတွေ့အကြုံတစ်မျိုးကို ရယူတော့မည်။ သည်အတွေ့အကြုံကို ပျောက်ပျက်မသွားစေချင်၊ မပျက်စီးစေချင်။ သူကတော့ တွေ့မည် သေချာသည်။ သို့ပေမဲ့ မင်းတို့က ဖျက်ဆီးကြမှာလား။ သူကတော့ သေခြင်းအတွေ့အကြုံကို မဖျက်ဆီးချင်။

"ငါ ပါးစပ်က ပြောတာကို လိုက်ရေးနိုင်မလား"

"ဟင့်အင်း။ တစ်ခါမှ လိုက်မရေးဖူးဘူး"

သူမက ဖြေသည်။

အချိန်မရှိဘူး။ ဟုတ်သည်။ အဝေးကြည့်မှန်ပြောင်းနှင့် ကြည့်ပြီး မြင်ရသည်တို့ကို စာတစ်ပိုဒ်ထဲမှာ ထည့်ရေးတာမျိုး ရေးလိုက်ချင်သည်။ ရေးလို့ရလျှင် ကောင်းမည်။

ရေကန်ထက်က တောင်ကုန်းကလေးပေါ်တွင် သစ်လုံးအိမ်ကလေးတစ်ခု ရှိသည်။ တံခါးနားက တိုင်တွင် ခေါင်းလောင်းတစ်ခု ချိတ်ထားသည်။ ထမင်းစားချိန်တွင် လူခေါ်ရန်ဖြစ်သည်။ အိမ်၏ နောက်ဘက်တွင် လယ်ကွင်းများရှိပြီး လယ်ကွင်းဟိုဘက်တွင် သစ်တောရှိသည်။ လွှမ်းတာဒီပေါ်ပလာပင်တို့သည် အိမ်မှ ရေဆိပ်အထိ စီတန်းပေါက်ရောက်နေသည်။ သစ်တောစပ်အတိုင်း တောင်ကုန်းဆီသို့ တက်သွားသည့် လမ်းကလေးရှိသည်။ ထိုလမ်းတစ်လျှောက်တွင် ဗလက်ဝယ်ရီသီးများကို သူ ခူးစားလေ့ရှိသည်။ ထို့နောက် သစ်လုံးအိမ်ကလေးသည် မီးလောင် ပြာကျသွားသည်။ မီးဖိုထက်တွင် သမင်ခြေထောက်များဖြင့် လုပ်ထားသည့် စင်ကလေးပေါ် ရှိ သေနတ်များလည်း မီးလောင်ခံရသည်။ သေနတ်ပြောင်းများကို ပြာပုံထဲတွင် တွေ့ရသည်။ ကျည်ကပ်ထဲက ကျည်ဆန်မှ ခဲများ အရည်ပျော်သွားသည်။ ယမ်းတို့မှာ လောင်ကုန်သည်။ ထိုပြာများကို ဆပ်ပြာကျိုနိုင်သည်။ ထိုပြာတွေကို ကစားရန်ပေးပါဟု အဘိုးအိုထံ တောင်းသည့်အခါ ခေါင်းခါသည်။ မပေးနိုင်ဟု ဆိုသည်။ ပြာပုံထဲက သေနတ်များမှာ သူ့သေနတ်များပင်ဖြစ်သည်။ နောက်ထပ်လည်း အသစ်မဝယ်တော့။ ထိုအချိန်မှစ၍ အဘိုးအိုသည် အမဲမလိုက်တော့။ ယခုမှ ထိုနေရာမှာပင် အိမ်ကို ပြန်ဆောက်ပြီးပြီ။ ထုံးဖြူသုတ်ထား သည်။ ဆင်ဝင်အောက်က ကြည့်လိုက်လျှင် ပေါ်ပလာပင်များနှင့် ကန် ပြေပြင်ကျယ်ကြီးကို မြင်ရသည်။ သို့သော်လည်း သေနတ်များကိုမူ

မတွေ့ရတော့ပေ။ နံရံတွင် သမင်ခြေထောက်များနှင့် အစီအရီ တင်ထားသည့် သေနတ်ပြောင်းများမှာ ယခုတိုင် ပြာပုံထဲတွင် ရှိနေသေးသည်။ ယင်းတို့ကို ဘယ်သူမျှ မကိုင်ကြ။ မယူကြ။ သည်အတိုင်းပင် ရှိနေသည်။

စမ်းပြီးလျှင် ဇလက်သစ်တောနှင့် ထရောက်ငါးများ ပေါသည့် စမ်းချောင်းတစ်ခုကို ငှားရမ်းကာ ငါးမျှားကြသည်။ စမ်းချောင်းဆီသို့ သွားရန် လမ်းနှစ်သွယ်ရှိသည်။ တစ်ခုက လျှိုအတိုင်းဆင်းကာ ထရိဗတ်မှ ချိုင့်ဝှမ်းအတိုင်း သွားရသည်။ တောင်ကြားလမ်းတွင် သစ်ပင်အရိပ် များစွာရှိသည်။ ထို့နောက် တောင်ကုန်းကလေးတက်သည့် လမ်းအတိုင်း သောဖွဲ့ထွက်ရသည်။ တောင်ယာတွေ၊ လယ်ကွင်းတွေ ဖြတ်ရသည်။ ရှေ့တွင် စမ်းချောင်းလေး ရှိလေသည်။ ထိုနေရာမှာပင် ငါးမျှားကြသည်။

နောက်တစ်လမ်းမှာ တောင်တက်လမ်းဖြစ်သည်။ တောစပ်အတိုင်း မတ်စောက်သည့် တောင်ကုန်းကို တက်ရသည်။ ထို့နောက် တောင်ကုန်းထိပ်တွင် ထင်းရှူးတောများကို ဖြတ်ပြီး မြက်ခင်းပြင် တစ်ခုကို ဖြတ်ကာ တောင်အောက် တံတားလေးတစ်ခုရှိရာသို့ ဆင်းရသည်။ စမ်းချောင်းတစ်လျှောက်တွင် ဗတ်ပင်များ ရှိသည်။ စမ်းချောင်းသည် မကျယ်လှ၊ ကျဉ်းသည်။ ကြည်လင်ပြီး ရေစီးသန်သည်။ ဗတ်ပင်ခြေများအောက် စမ်းချောင်း ဖြတ်စီးသည့်အခါ ရေအိုင်များ ဖြစ်နေတတ်သည်။ 'ထရိဗတ်'ရှိ ဟိုတယ်ပိုင်ရှင်မှာ အခါကောင်းကြုံပြီး စီးပွားလမ်း ဖြောင့်သွားသည်။ သူတို့တစ်တွေနှင့် ခင်မင်ရင်းနှီးလာသည်။ နောက်တစ်နှစ်တွင်မူ ကုန်ဈေးတွေ တက်လာသည်။ အရင်နှစ်က ရထားသည့်ငွေနှင့် ဟိုတယ်ဖွင့်ရန် ပစ္စည်းများ မဝယ်လောက်။ ထို့နောက် စိတ်ဓာတ်ကျကာ ကြိုးဆွဲချ သေသွားသည်။

သည်အကြောင်းတွေကိုလည်း ရေးနိုင်သည်။ သို့သော်လည်း

'ကွန်ထရီစကပ်'တွင် ပန်းသည်များသည် ပန်းများကို ဈေးဆိုးကာ ရောင်းကြသည့်အကြောင်း၊ ဆိုးဆေးတွေ လမ်းပေါ် စီးကျနေသည့် အကြောင်း၊ ထိုအရပ်က အဘိုးကြီး အဘွားကြီးတွေ ပိုင်သောက် ကာ အမြဲ မူးနေကြသည့် အကြောင်း။ ကဖေး ဒီအာဂမေချာတွင် ကြေးစားမတွေ၏ ချွေးနံ့ ပေါင်ဒါနံ့ အရက်နံ့နှင့် ဆင်းရဲသည့် အနံ့ အသက်တို့အကြောင်းကိုကား ရေးနိုင်မည်မထင်။ တံခါးမှူး အမျိုး သမီးကလည်း ဗိုလ်တပ်ဗလီကင်တပ်မတော်မှ မြင်းသည်တော်ကို သူမ၏အခန်းတွင် အကျအန ညှိခံသည်။ မြင်းသည်တော်၏ ငှက်မွေးတပ် သံခမောက်သည် ကုလားထိုင်ပေါ်တွင် အငြိမ့်သား စံနေသည်။ ထိုအကြောင်းကိုလည်း ရေးချဲ့ရမည်မထင်၊ သူ့ယောက်ျား သည် ပါရီမော်တော်ကားပြိုင်ပွဲတွင် တတိယပန်းဝင်သဖြင့် အပျော် ကြီး ပျော်နေသည့် အမျိုးသမီးတစ်ယောက်ကိုလည်း သူ အမှတ်ရ လာသည်။ ထိုသတင်းကို ကြားသည့်အခါ ဝမ်းသာလွန်းသဖြင့် မျက်ရည်လည်ပြီး အိမ်ပေါ်သို့ ပြေးတက်သွားသည်ကိုလည်း အမှတ် ရလာသည်။ ဝယ်မှုဆေးတွင် ပြည့်တန်ဆာခန်းထောင်သည့် အမျိုး သမီးကြီး၏ လင်သည် တက္ကစီမောင်းသမားဖြစ်သည်။ တစ်နေ့တွင် ဟယ်ရီတစ်ယောက် အစောဆုံးလေယာဉ်ဖြင့် ခရီးထွက်ရန် ရှိသည့် အခါ သူ့အိပ်ခန်းတံခါး လာခေါက်ပြီး နှိုးသည်။ သူတို့နှစ်ယောက် စောစောစီးစီး ပိုင်အရက်ဖြူ သောက်ကြသည်ကို အမှတ်ရလာသည်။ ထိုဒေသ၊ ထိုပတ်ဝန်းကျင်တွင် သူ နေခဲ့ရသည့်အကြောင်းများကို သတိရသည်။ အိမ်နီးချင်းတို့မှာ ဆင်းရဲသူများဖြစ်လေရာ သူတို့ကို မမေ့နိုင်။

ထိုဒေသဝန်းကျင်တွင် လူနှစ်မျိုးနှစ်စား ရှိသည်။ အရက်သမား များနှင့် အားကစားလိုက်စားသူများ ဖြစ်သည်။ အရက်မူးသမားတို့ သည် ဆင်းရဲမွဲတေမှုကို အရက်ဖြင့် ဆေးကြောကြသည်၊ အားကစား လိုက်စားသူတို့ကမူ လေ့ကျင့်ခန်းလုပ်ရင်း ကုန်လွန်သည်။ သူတို့မှာ

ကွန်မြူနီးအရေးတော်ပုံ တပ်သားများ၏ အဆက်အနွယ်များဖြစ်သည်။ သူတို့အဖို့ နိုင်ငံရေးသဘောတရားတို့ကို လွယ်လွယ်နှင့် နားလည်ကြသည်။ သင်တန်းတက်စရာ အတွေ့အကြုံ ရှာစရာပင်မလို။ ကွန်မြူနီးအရေးတော် ပြီးဆုံးသည့်နောက် တာဆေးမြို့သို့ တပ်များ ဝင်လာ သိမ်းပိုက်ပြီး တွေ့သမျှ ဖမ်းဆီးကာ အကြင်နာကင်းမဲ့စွာပင် သတ်ဖြတ်ခဲ့ကြသည်ကို သူတို့ သိနေကြသည်။ ထိုစဉ်က သူတို့ အဖေတွေ၊ သူတို့ဆွေမျိုးသားချင်းတွေ၊ သူတို့ညီအစ်ကိုတွေ၊ သူတို့ မိတ်ဆွေတွေကို ဘယ်သူက ပစ်သတ်သည်ကိုလည်း သူတို့သိသည်။ ပြီးတော့ ဘယ်သူတွေ ဦးထုပ်ဆောင်းသည်၊ တစ်နည်းဆိုလျှင် အလုပ်သမား ရဲဘော်ဖြစ်မှန်းသိအောင် အထိမ်းအမှတ်တစ်ခုခုကို ဘယ်သူတွေ ကိုင်ဆောင်လာသည်ကိုလည်း သူတို့သိနေကြသည်။ ထိုရပ်ကွက်တွင် သူသည် အဆောင်းရဲခံကာ အတွေ့အကြုံရှာခဲ့သည်။ ၎င်းအရက် သဘဝါယမဆိုင်နှင့် မျက်နှာချင်းဆိုင်တစ်နေရာတွင် သူ စတည်းချကာ စာရေးခြင်းအလုပ်ကို အခြေပြုခဲ့သည်။ ထိုရပ်ကွက်သည် ချစ်စရာကောင်းသည်။ သစ်ပင်များကမညီမညာ ထိုးထွက်နေသည်။ အိမ်အိုကြီးများမှာ အောက်ခြေတွင်အညိုရောင်ဆေး သုတ်ထားပြီး အထက်ပိုင်းတွင် အင်္ဂတေအဖြူမံထားသည်။ ဘတ်စ်ကားစီး အရှည်ကြီးများလည်း ထိုအရပ်တွင်ပြေးသည်။ ခရမ်းရောင်ဆိုးထားသည့် ပန်းဆိုင်များလည်း လမ်းတစ်လျှောက် ခင်းကျင်းထားသည်။ ကာဒီနာလီမွန်းလမ်းမှတောင်ကုန်းအတိုင်း ဆင်းသွားလျှင် မြစ်ဆိပ်သို့ တိုက်ရိုက်ရောက်သည်။ နောက်တစ်လမ်းမှာ လူစည်ကားသည့် မုဖတာ့လမ်းဖြစ်သည်။ ပေါင်သေယွန်ဘုရား ကျောင်းကုန်းထက်သို့မှ စက်ဘီးစီးကာ တက်လေ့ရှိသည်။ ထိုလမ်းမှာ ပါရီတွင် ကတ္တရာခင်းထားသည့်တစ်ခုတည်းသော လမ်းဖြစ်သည်။ ထိုလမ်း၌ အိမ်မြင့်မြင့်သေးသေးများ ပေါ်သည်။ စျေးချိုသည့် ဟိုတယ်များလည်း ရှိသည်။ ထိုဟိုတယ်

မှာပင် ကရျာဆရာ ပေါဝယ်လန်း ကွယ်လွန်ခဲ့သည်။ သူတို့နေသည့်အိမ်တွင် အခန်းနှစ်ခုသာ ရှိသည်။ သူနေသည့်အခန်းမှာ ဟိုတယ်ထိပ်ဆုံးထပ်တွင်ဖြစ်ပြီး တစ်လ ဖရန့်ဒဂါး ခြောက်ဆယ်ပေးရသည်။ ထိုအခန်းမှာပင် စာရေးသည်။ ထိုအခန်းမှကြည့်လျှင် ပဲရစ်၏ အိမ်ခေါင်မိုးများ၊ မီးခိုးခေါင်းတိုင်များ၊ တောင်ကုန်းများကို မြင်နေရသည်။

ထိုအခန်းမှကြည့်လျှင် ထင်းနှင့် မီးသွေးဆိုင်နေရာကိုလည်း မြင်နိုင်သည်။ သူ့ဆီတွင် ဝိုင်အရက်ရနိုင်သည်။ သို့သော် အမျိုးညံ့သည်။ ဗူရှရီရှတာလိန်း အပြင်ဘက်တွင် ရွှေမြင်းခေါင်းတစ်ခုချိတ်ဆွဲထားသည်။ သမဝါယမဆိုင်ကမူ ဆေးစိမ်းသုတ်ထားသည်။ ထိုဆိုင်တွင် ဝိုင်အရက်ကောင်းကောင်း ရနိုင်သည်။ ဈေးချိုသည်။ အိမ်နီးချင်းတို့ကိုလည်း အမှတ်ရသည်။ ညအခါ လမ်းတွင် အရက်မူးသမားတို့ မကြားဖူးမနာသာသာများ ဆဲရေးတိုင်းထွာ ရေရွတ်ပြီဆိုလျှင် ပြတင်းများပွင့်လာပြီး အိမ်နီးနားချင်းများနှင့် တီးတိုးပြောဆို ဝေဖန်ကြသည်။

'ပုလိပ် ဘယ်ရောက်နေသလဲကွ။ ဒီမအေပေးက မတွေ့ချင်ဘူးဆိုရင် ရောက်လာပြီ။ အခု ဘယ်ဖာအိမ်သွားပြီး အိပ်နေသလဲ'

တစ်စုံတစ်ယောက်က ပြတင်းမှ ရေတစ်ပုံး လောင်းချလိုက်လျှင် ထိုအသံများ ငြိမ်သွားသည်။

'ဟေး ဘာတွေလဲ။ ရေတွေလား။ ကောင်းတယ် ကောင်းတယ်'

ထိုအခါ ပြတင်းတွေ ပိတ်သွားသည်။ သူ့အမျိုးသမီး မေရီကမူ တစ်နေ့ ရှစ်နာရီ အလုပ်ချိန်ကို ကန့်ကွက် နေသည်။

'ကိုယ့်လင်ဟာ တစ်နေကုန် ညနေ ခြောက်နာရီအထိ အလုပ်လုပ်ရင် အပြန်မှာ အရက်သောက်ချိန် နည်းနည်းပဲရတယ်။ ပိုက်ဆံကုန်သက်သာတယ်။ ငါးနာရီအထိသာ အလုပ်လုပ်ရတယ်ဆိုရင်တော့ ညနေတိုင်း မူးပြန်လာတာပဲ။ ပိုက်ဆံကုန်တယ်။ အလုပ်ချိန်တွေ လျှော့လိုက်တာ အလုပ်သမားမယားတွေ ထိနိုက်လာတယ်'

× × ×

"စွပ်ပြုတ် ထပ်သောက်ဦးမလား"

အမျိုးသမီးက မေးသည်။

"တော်ပြီ ကျေးဇူးပဲ။ မင်းစွပ်ပြုတ်က သိပ်ကောင်းတာပဲ"

"နည်းနည်းလေး ထပ်သောက်ပါလား"

"ဝီစကီနဲ့ ဆိုဒါပဲ ကြိုက်တယ်ကွာ"

"မောင်နဲ့ မတည့်ဘူးရှင့်"

"မဟုတ်ဘူး။ ငါ့အတွက် မကောင်းဘူး။ 'ကိုးပေါ်တာ' က စကားလုံးတွေနဲ့ ဂီတသံကို ရေးတယ်။ အေး ... အဲဒါမှပဲ မင်းဟာ ငါ့အတွက် အရှုံးအမူး ဖြစ်နေတယ်ဆိုတာ"

"မောင့်ကို ဒီက အရက်သောက်စေချင်ပါတယ်ရှင်"

"ဟုတ်တာပေါ့။ ဒါပေမဲ့ ငါနဲ့ မတည့်ဘူး ဟုတ်လား"

သူမ ထွက်သွားသည့်အခါ သူ စိတ်ကူးပြန်သည်။ ငါလိုချင်တာတွေ အကုန်ရမှ ဖြစ်မယ်။ ငါလိုချင်တာတွေ မဟုတ်ပါဘူးလေ။ အားလုံး အပြည့်အစုံ ရှိနေရမယ်။ သူ မောပန်းနေပြီ။ အလွန်မောနေပြီ။ ခဏကလေးလောက် အိပ်လိုက်မည် စိတ်ကူးသည်။ မလှုပ်မရှား ငြိမ်နေသည်။ သေခြင်းက မရောက်လာသေး။ သေခြင်းသည် ဟိုဘက်လမ်းကို သွားနေပြီထင်သည်။ သေခြင်းသည် စုံတွဲ လျှောက်လည်တတ်သည်။ စက်ဘီးစီးပြီး လည်တတ်သည်။ စင်္ကြံတွေပေါ်မှာ တိတ်တဆိတ် လျှောက်နေတတ်သည်။

x x x

ပါရီ အကြောင်းကို သူ မရေးခဲ့ရသေး။ သူချစ်သည့် ပါရီမြို့တစ်ပိုင်းကို မဆိုလို။ ကျန် ပါရီမြို့အကြောင်းက ဘယ်လိုလဲ။ ပါရီဝန်းကျင်သည် သာယာသည်။ နွားခြံတွေအကြောင်း ရေးရဦးမည်။ ပြီးတော့ ရေစီးသန်ပြီး ကြည်လင်သည့် စမ်းချောင်းကလေးများ။ ရေသွင်းဆည်မြောင်းများ။ စိမ်းလန်းသည့် မြက်ခင်းပြင်များ။ လှည်းသွားလမ်းကလေးများသည် တောင်ကုန်းများကို တက်သွားကြသည်။

နွေရာသီတွင် ကျွဲနွားတို့မှာ သမင်တွေလို လန့်ဖျပ်တတ်ကြသည်။ လူအတွေ့မခံကြ။ တောင်ကုန်းထိပ်က တောင်အောက်သို့ မောင်းချလျှင် တဝူးဝူးမြည်ဗုံ အော်ဟစ်တိုးဝှေ့ကြသည်။ ဖုန်တွေ အလုံး အလုံး တက်လာသည်။ တောင်တွေ ဟိုဘက်မှာ အပြန့်ကျယ်သည့် ကွင်းပြင်တစ်လျှောက် ညအခါ လသာသာတွင် မီးရထားစီးကာ လျှောက်လည်ရသည်မှာ ပျော်စရာကောင်းသည်။ သစ်တော မည်းမည်းအုပ်အုပ်ထဲ ဖြတ်ပြီး မြေပြန့်သို့ ဆင်းသည့်အခါ ဘာကိုမျှ မမြင်ရသဖြင့် မြင်းမြီးဆွဲပြီး လိုက်ရသည်ကိုလည်း အမှတ်ရလာသည်။ သည်အကြောင်းတွေကို ဝတ္ထုဖွဲ့ကာ ရေးချင်သည်။

နွားခြံထဲတွင် အနိုင်းအစေ သူငယ်လေးတစ်ယောက်သာ ကျန်ခဲ့သည်။ ခြံထဲဝင်လာလျှင် ဘယ်သူ့ကိုမျှ လက်မခံရ မပေးရ မြက်ခြောက်လည်း မပေးရဟု သူ့ကို မှာထားသည်။ ထိုအချိန်မှာပင် ဖော့အရပ်မှ မိုက်တိမိုက်ကန်း ငနဲကြီးတစ်ကောင်က သူငယ်လေးနှင့် အချင်းဖြစ်ပွားသည်။ အစာတောင်းမရသဖြင့် သူငယ်လေးကို နှိက်နှက်သည်။ သူငယ်လေးက ဘာမျှမပေးနိုင်ဟု ငြင်းဆန်သည်။ ငနဲကြီးက သေရအောင် ပြင်ပေတော့ဟု ကြိမ်းသည်။ ထိုအခါ သူငယ်လေးသည် မီးဖိုထဲမှ နိုင်ဖယ်ကို ပြေးယူကာ ငနဲကြီးကို ပစ်သတ်လိုက်သည်။ နောက်တစ်ခေါက် သူတို့ပြန်လာကြသည့်အခါ ငနဲကြီး၏ အလောင်းမှာ နှင်းတုထဲတွင် အေးခဲနေပြီး ခွေးတွေ စားနေသည်ကို တွေ့ရသည်။ ထိုအခါ သူငယ်လေးနှင့်အတူ သူပိုင်ပစ္စည်းအချို့ကိုယူကာ မိုင်ခြောက်ဆယ်ခရီးကို စွပ်ဖားဖြင့် အပြေးလာခဲ့ကြသည်။ လွတ်ရာကျွတ်ရာသို့ ရောက်ပြီဟု သူထင်သည်။ သူငယ်လေးမှာ အပြစ်မရှိ၊ အဖမ်းခံရမည် မဟုတ်ဟု သူထင်သည်။ သူ့အဖို့ မဟာဝတ္ထုရေးတစ်ခု ဆောင်ရွက်လိုက်ရပြီဟု ထင်သည်။ မိတ်ဆွေကောင်းပီသစွာပင် သူငယ်လေးကို ဘေးကင်းရာသို့ ပို့ခဲ့ရသဖြင့် ချီးကျူးခံရလိမ့်မည်ဟုပင် မျှော်လင့်ခဲ့သည်။ သူများပစ္စည်းကို

မတာရားလိုချင်သည့် ငနဲကြီးမှာ သူ့အပြစ်နှင့်သူ ခံသွားရပြီဟု သူယူဆသည်။ သို့သော်လည်း သူ့ငယ်လေးကို လက်ထိတ်ခတ်ပြီး ဖမ်းသွားသည့်အခါ ကိုယ့်မျက်စိပင် ကိုယ်မယုံကြည် ဖြစ်ခဲ့ရသည်။ မခံရပ်နိုင်သဖြင့် ငိုကြွေးခဲ့ရသည်။ သည်အကြောင်းကို ဝတ္ထုဖွဲ့စရာ ကျန်သေးသည်။ သည်ဒေသတွင် ကျင်လည်ခဲ့စဉ်က အကြောင်း တွေကို ဝတ္ထုအပုဒ်နှစ်ဆယ်လောက် ရေးနိုင်သေးသည်။ သို့သော် တစ်ပုဒ်မျှ မရေးဖြစ်ခဲ့၊ ဘာဖြစ်လို့လဲ။

× × ×

"ဘာဖြစ်လို့လဲဆိုတာ သူတို့ကို ရှင်းပြလိုက်လေ"

"ဘယ်ဟာက ဘာဖြစ်လို့လဲ မောင်ရဲ့"

"ဘာမှ မဖြစ်ပါဘူးကွာ"

သူနှင့် အကြောင်းပါကတည်းက သူမသည် အရက်ကို များများ မသောက်ခဲ့။ သို့သော်လည်း ဆက်လက် အသက်ရှင်နေဦးမည်ဆိုလျှင် သူမ အကြောင်း ရေးစရာ များများစားစား မရှိ၊ ယင်းကို ယခု ထင်ထင်လင်းလင်း သိရပြီ။ သူတို့လောကအကြောင်းကိုလည်း ရေးစရာ မလိုပြီ။ လူချမ်းသာ များမှာ ထုံထိုင်းကြသည်။ တုံးလည်း တုံးသည်။ အရက်သမားတွေဖြစ်သည်။ သို့မဟုတ်လျှင် ကစားသမားတွေဖြစ်သည်။ ကြွေအံကစား ဝါသနာထုံကြ သည်။ ဉာဏ်မရှိ၊ လုပ်စရာမရှိလျှင် လုပ်ဖူးပြီးသားကို ထပ်ကာတလဲလဲ လုပ်နေကြသည်။ ဂျူလီယန်ဆိုသည့် လူဆင်းရဲတစ်ယောက်နှင့် သူ တွေ့ခဲ့ ဖူးသည်။ သူ့အကြောင်းကို 'အလွန်ချမ်းသာသောသူများသည် ခင်ဗျားတို့ ကျွန်တော်တို့နှင့် မတူကြ'ဟု အစ ချီကာ ဝတ္ထုရေးဖို့ ကြံစည်ခဲ့ဖူးသည်။ ဂျူလီယန်ကို သူတို့ထဲမှ တစ်ယောက်က 'ဟုတ်တယ် တို့မှာ ပိုက်ဆံတွေ အများကြီးရှိတယ်'ဟု ကြွေးကြော်ခဲ့သည်။ ဂျူလီယန်အဖို့မူ သူတို့သည် စိတ်ဝင်စားစရာ လူတန်းစားတစ်ရပ်ဟု သတ်မှတ်ခဲ့သည်။ သို့သော်လည်း သူမျှော်လင့်သည့်အတိုင်း မဖြစ်လာသည့်အခါ သူ့ဘဝသည် ပျက်စီးခြင်း ငါးပါး ဆိုက်လေတော့သည်။

ပျက်စီးသည့်လမ်းကြောင်း လျှောက်သူတို့ကို သူ စက်ဆုပ်သည်။ သူတို့ကို နှစ်သက်စရာ အကြောင်းမရှိ။ ထိုဘဝကို သူ နားလည်ထားသော ကြောင့်သာ ဖြစ်သည်။ သူတို့တစ်တွေကို အရေးမထား။ သူတို့ထက်သာ အောင် လုပ်နိုင်ကိုင်နိုင်သည်ဟု သူ့ကိုယ်သူ ယူဆသည်။ သူသည် လောက တွင် ဘာကိုမျှ အရေးမထား။

ဟုတ်ပါပြီ။ ယခု သေခြင်းကိုကော အရေးမထားဘူးတဲ့လား။ သေခြင်း ကို အလေးမထားသည့်တိုင် နာရမှာကိုတော့ ကြောက်သည်။ မခံစားချင်။ နာတာကို တခြားလူတွေလို သည်းခံနိုင်ပါသည်။ ကြာရှည်ကြာမျှောဆိုလျှင် ကား သူ့တစ်ကိုယ်လုံးကို ဝါးမျိုသွားလိမ့်မည်ထင်သည်။ သို့ပေမဲ့ ယခု အဖြစ်တွင် ကြောက်စရာကောင်းလောက်အောင် နာကျင်သည့်ဝေဒနာကို ခံစားရဖူးသည်။ သူသေတော့မှာပဲဟု တွေးမိသည့်အခါ နာကျင်မှုသည် လုံးဝ ပျောက်သွားသည်။

× × ×

ဗုံးကြဲအရာရှိ ဝီလျံဆန်ကို သူ အမှတ်ရလာသည်။ တစ်ည တွင် ရန်သူစခန်းမှအပြန် သံဆူးကြိုးတစ်ခု ဖြတ်စဉ် ဂျာမန် ကင်း သမားတစ်ယောက်က လက်ပစ်ဗုံးခွဲလိုက်သဖြင့် သူ့တွင် ဒဏ်ရာ ရကာ သံဆူးကြိုးနှင့် ငြိနေသည်။ အော်ဟစ်ကာပင် သူ့ကို ပစ်သတ် လိုက်ကြပါဟု တောင်းဆိုသည်။ သူသည် လူဝတစ်ယောက်ဖြစ်သည်။ သတ္တိကောင်းသည်။ မဟုတ်တာရုတ် ပွဲများကို ဝါသနာပါသော်လည်း လူကောင်းတစ်ယောက်ဖြစ်သည်။ ထိုညတွင် သံဆူးကြိုးငြိကာ အူတွေ၊ အသည်းတွေ ပွင့်ထွက်ပြီး အော်ဟစ်နေသည်။ မီးကျည်က လည်း ပစ်ထွန်းထားရာ အားလုံးက သူ့ကိုမြင်နေကြရသည်။ သူ့ကို အသက်ရှင်လျက် ခေါ်ခဲ့ဖို့ ဖြတ်တန်သည်တို့ကို ဖြတ်ရသည်။ 'ဟယ်ဒီရာ၊ ငါ့ကို ပစ်သတ်လိုက်ပါကွာ'ဟု သူက တောင်းပန်သည်။ 'ဘုရားသခင် အလိုတော်အတိုင်း၊ ငါ့ကို ပစ်သတ်လိုက်ပါကွာ'ဟု

ဆိုသည်။ သူတို့နှစ်ယောက်မှာ တစ်ခါက ဘုရားသခင် အလိုတော်နှင့် ပတ်သက်၍ ငြင်းခုံခဲ့ကြဖူးသည်။ ဘုရားသခင်သည် 'သင် မခံမရပ်နိုင်ဖြစ်မည့် ကိစ္စမျိုးကို မဖန်ဆင်း'ဟု ဆိုသည်။ တချို့ကလည်း နာကျင်မှုဆိုသည် တစ်ချိန်တွင် အလိုအလျောက် ကွယ်ပျောက်သွားသည်သာတည်။ သို့သော်လည်း ထိုညက ဝီလျံဆန်ကို မမေ့နိုင်ဘဲ ရှိခဲ့သည်။ ဝီလျံဆန်မှာ တစ်ချိန်လုံး နာခနေသည်။ အလိုအလျောက် ပျောက်သည်ဟူ၍ မရှိခဲ့။ နောက်ဆုံးတွင် သူ့မှာရှိသမျှ မော်ဖင်းတို့ကို ပေးသည့်တိုင် အနာမပျောက်ခဲ့။ ယင်းတို့မှာ အာနိသင် မရှိလေရောသလား။

× × ×

ယခုထက်တိုင် သက်သက်သာသာ ရှိနေသေးသည်။ သည်ထက် ပိုဆိုးမလာလျှင် စိုးရိမ်စရာ အကြောင်းမရှိပြီ။ သို့ပေမဲ့ အပေါင်းအဖော်ကောင်းကိုတော့ တောင့်တမိသည်။

ဘယ်လို အပေါင်းအသင်း ရှာရမလဲဟု သူ စဉ်းစားသည်။

တစ်စုံတစ်ခု လုပ်တော့မည်ဆိုလျှင် သူ့အကျင့်က ထိုအလုပ်ကို အကြာကြီးလုပ်ရမှ ကျေနပ်သည်။ ထိုအခါ အချိန်ကုန်သည်။ နောက်ကျသည်။ သူ့ဆီသို့ လူတွေမလာကြတော့။ ပြန်သွားကုန်ကြပြီ။ ပါတီ ပြီးဆုံးသွားပြီဖြစ်ရာ အိမ်ရှင်မနှင့် နှစ်ယောက်တည်းသာ ကျန်ခဲ့သည်။

အရာရာကို ငြီးငွေ့သလို သေမှာကိုလည်း ငြီးငွေ့စရာဟု သူထင်သည်။

"ငြီးငွေ့တယ်ကွာ"

ခပ်ကျယ်ကျယ် အော်လိုက်သည်။

"ဘာလဲ၊ ဘာဖြစ်တာလဲ"

"မင်းတို့လုပ်နေတာ သိပ်ကြာတာပဲ။"

သူမ မျက်နှာကို စိုက်ကြည့်လိုက်သည်။ သူမသည် ကုလားထိုင်တွင် နိုကာ ထိုင်နေသည်။ မီးရောင်တွင် မြင်ရသည့် မျက်နှာမှာ ကျက်သရေ

ရှိသည်။ ပြီးတော့ အိပ်ချင်နေသည်ကိုလည်း သတိထားမိသည်။ မလှမ်းမကမ်းတွင် တောခွေးကျားတွေ အူနေကြသည်ကိုလည်း ကြားမိသည်။

"ငါ စာရေးနေတာကွ။ ဒါပေမဲ့ မောတယ်ကွာ"

"အိပ်ပျော်မယ် ထင်သလား"

"ပျော်မှာပါ။ ဘာလို့ အထဲမဝင်သေးသလဲ"

"မောင်နဲ့အတူ ဒီမှာ ထိုင်နေချင်လို့ပေါ့"

"စိတ်ထဲမှာ ဘာမျှား ထူးထူးခြားခြား ဖြစ်သလဲ"

"ဟင့်အင်း ... အိပ်ချင်တာပဲ"

"ငါလည်း အိပ်ချင်တယ်"

ယခုမူ သေခြင်းသည် သူ့ဆီသို့ ပြန်လာပြီဟု ခံစားမိသည်။

"အသစ်အဆန်းဆိုရင် ငါ စိတ်ဝင်စားတာချည်းပဲ"

"မောင်ဟာလေ ကကြယ့်ကို လူနဲ့တူတဲ့ လူပါပဲ"

"ဘုရားရေ မင်းတို့မိန်းမတွေ သိတယ်ဆိုတာ နည်းနည်းပါကွာ။ ကဲ ပြောပါဦး။ ဘယ်လိုသိတာလဲ။ အလိုလိုသိတာလား"

ထိုအချိန်မှာပင် သေခြင်းသည် သူ့ခုတင်သို့ရောက်လာပြီး ခုတင်ခြေထောက်တွင် ခေါင်းချသည်ကို သူသိလိုက်သည်။ သေခြင်း၏ အသက်ရှူနံ့ကိုလည်း သူခံလို့ရသည်။

"တံစဉ်နဲ့ ခေါင်းခွံဆိုရင် ဘယ်တော့မှ အယုံအကြည်မရှိနဲ့။ စက်ဘီးစီးရောင်လှည့်တဲ့ ပုလိပ်နှစ်ယောက်လည်း ဖြစ်နိုင်တယ်၊ ငှက်တစ်ကောင်လည်း ဖြစ်နိုင်တယ်၊ တောခွေးကျားလို နှာရောင်ကားကားလည်း ရှိနိုင်တယ်"

သေခြင်းသည် သူ့ကိုယ်ပေါ်သို့ တက်လာသည်။ ပုံသဏ္ဌာန်ကား မရှိ၊ နေရာကွက်လပ်တစ်ခုကို ဝင်ယူထားခြင်းသာ ဖြစ်သည်။

"ထွက်သွားလို့ ပြောလိုက်ပါကွာ"

ထွက်မသွား။ တိုး၍ပင် ကပ်လာသည်။

"မင်းအနံ့အသက်က မကောင်းဘူးကွ။ မကောင်းဆိုးရွားကောင်ရ"

သူ့အနားသို့ ကပ်လာသည်။ ယခုမူ စကားတစ်ခွန်းမျှ မပြောနိုင်

တော့။ စကားမပြောနိုင်မှန်း သိသည့်အခါ အနားကပ်လာပြန်သည်။ ထိုအခါ အဝေးသို့သွားရန် မောင်းထုတ်ဖို့ ကြိုးစားသည်။ ပါးစပ်ကမူ စကားတစ်ခွန်းမျှ မပြောနိုင်။ သို့သော်လည်း သေခြင်းသည် သူ့ကို ခွစီးသည်။ ရင်ဘတ်ပေါ် ရောက်လာသည်။ လေးလံလာသည်။ ထိုအခါ မလှုပ်ရှားနိုင်။ စကားမပြော နိုင်။ အမျိုးသမီးက 'သခင်အိပ်ပြီ။ ခုတင်ကို ဖြည်းဖြည်းသယ်ပြီး တဲထဲ ယူသွား' ဟု၍ ပြောသည်ကိုကား သူ ကြားလိုက်သည်။

သူ့ကိုမောင်းထုတ်ဖို့ သူမကို ပြောချင်သော်လည်း ပါးစပ်က မထွက်။ သူ့အပေါ် တက်စီးထားသဖြင့် လေးလံကာ အသက်မရှူနိုင် ဖြစ်လာသည်။ ခုတင်ကို မသည့်အခါတွင်မူ ဟန်ကျလာသည်။ ရင်ဘတ်ပေါ်က အလေးအလံ တစ်ခုလည်း ထွက်ပြေးသွားသဖြင့် ပေါ့ပါးသွားသည်။

မနက်လင်းပြီ။ မိုးလင်းသည်မှာ အတန်ကြာပြီ။ လေယာဉ်ပျံသံ ကြားရသည်။ သေးသေးကလေး စမြင်ရသည်။ ပြီးမှ ဝဲကာဝဲကာ ပျံသန်း လာသည်။ သူငယ်လေးများ ပြေးသွားကာ မီးဖိုကြသည်။ မြက်ခြောက်တွေ ပေါ် ရေနံဆီလောင်းပြီး မီးရှို့သည်။ နံနက်ခင်း လေပြည်က ပင့်တင်ပေးသည့် အခါ မီးတောက်နှစ်ခုမှာ ကြီးလာသည်။ လေယာဉ်သည် စခန်းဆီသို့ ဦးတည် ပျံသန်းလာသည်။ နီးလျှင် နိမ့်ဆင်းလာပြီး ညင်သာစွာပင် ဆင်းသက်သည်။ သူ့ဆီသို့ ကွမ်ပတန် လျှောက်လာသည်။

"ဟေး ကောင်ကြီး။ ဘယ်လိုဖြစ်တာလဲ ..."

ကွမ်ပတန်က မေးသည်။

"ခြေထောက်ပေါ့ဗျာ။ ဒီမှာ မနက်စာ စားပါလား"

"တော်ပြီ မစားတော့ဘူး။ လက်ဖက်ရည် သောက်လာခဲ့တယ်။ လေယာဉ်ပျံက ဖလံကောင်လေးဗျ။ ခင်ဗျားအမျိုးသမီးကောင် လိုက်နိုင်မှာ မဟုတ်ဘူး။ တစ်နေရာစာပဲ ရှိတယ်။ လမ်းမှာ ခင်ဗျားတို့လော်ရီကား တွေ့ ခဲ့တယ်"

ဟယ်လင်သည် ကွမ်ပတန်ကို တစ်နေရာသို့ ခေါ်သွားပြီး စကားပြော သည်။ ပြန်လာသည်။ ကွမ်ပတန်သည် ပိုပြီး စကားသွက်လာသည်။

“ခင်ဗျားကို အခုခေါ်သွားမယ်။ ပြီးတော့မှ နောက်တစ်ခေါက် ပြန်လာပြီး အမျိုးသမီးကိုခေါ်မယ်။ ဓာတ်ဆီမလောက်ဘူးနဲ့တူတယ်။ အရှေ့ရွာမှာ ခဏဝင်ပြီး ဓာတ်ဆီဖြည့်ရလိမ့်မယ်။ ကဲ အချိန်မရှိဘူး သွားကြမယ်”

“လက်ဖက်ရည် မသောက်တော့ဘူးလား ...”

“လက်ဖက်ရည်မှ မကြိုက်တာ။ ခင်ဗျားသိသားပဲ”

သူငယ်လေးနှစ်ယောက်က သူ့ခုတင်ကို ဦးမှဲ့ထမ်းပြီး သယ်လာခဲ့သည်။ ရွက်ဖျင်တဲစိမ်းများကို ပတ်ကာ ကျောက်တောင်ကြားမှ ဆင်းလာပြီး ကွင်းပြင်ဆီသို့ ရောက်လာကြသည်။ မြက်ခြောက်တွေ အားလုံးကို မီးဝါး ပြီးပြီ။ မီးတောက်ကို လေပင့်သဖြင့် လေယာဉ်ကလေးကို ကောင်းကောင်း မြင်ရသည်။ လေယာဉ်ပျံထဲသို့ သူ့ခန္ဓာကိုယ်ကြီးကို မနည်းသွင်းရသည်။ ထိုင်ခုံပေါ် ထိုင်မိလျှင် အနာဖြစ်သည့် ခြေထောက်ကို ဆန့်တန်းကာ ကွမ်ပတန်၏ ထိုင်ခုံဆီသို့ နေရာယူရသည်။ ကွမ်ပတန်သည် လေယာဉ်ကို စက်နှိုးသည်။ ပန်ကာ လည်လာသည်။ ထိုအခါ သူသည် ဟယ်လင်နှင့် သူငယ်ကလေးများကို လက်ပြသည်။ စက်သံကျယ်လာသည်။ ခဏကြာလျှင် လေယာဉ်သည် ပြေးလမ်းပေါ်သို့ ရောက်လာသည်။ ဆောင့်ရင်း ခုန်ရင်းနှင့် မြေပြင်မှ တက်ခဲ့သည်။ တောစပ်တွင် ဟယ်လင်နှင့် သူငယ်ကလေး နှစ်ယောက်က သူ့ကို လက်ဝှေ့ယမ်း နှုတ်ဆက်နေသည်ကို လေယာဉ်ပေါ်မှ မြင်ရသည်။ တောင်ကုန်းဘေးက သူတို့စခန်းကို လွန်ခဲ့ပြီးနောက် အပြန့်ကျယ်သည့် လွင်ကို ဖြတ်သည်။ သစ်တောအုပ်အုပ်ကိုလည်း မြင်ရသည်။ ချုံနွယ်တို့မှာ ပုပျက်ကျန်ရစ်သည်။ မြေပြင်တွင် ပြားကပ်နေကြသည်။ အမဲလိုက်သည့် လမ်းကလေးများသည် တောင်ကိုကျော် တောကိုဖြတ်သည်။ စမ်းရေရှိရာ၊ ရေအိုင်ရှိရာသို့ လမ်းကလေးများ ပြေးသွားကြသည်။ တချို့ ရေအိုင်များမှာ ခြောက်သွေ့နေပြီ။ ရေပေါင်းခန်းလျှင် ရေသစ်ထွက်လာလိမ့်မည်။ ဘယ်နေရာက ထွက်လာမှာလဲ။ သူ မသိနိုင်ပြီ။ မြင်းကျားတစ်အုပ် ဆင်းနေသည်။ ကျောကုန်းများမှာ ပြောင်လက်နေသည်။ အာဖရိကမျိုး ဒရယ်တစ်အုပ်သည် တောင်ကုန်းဘက်သို့ ပြေးတက်နေကြသည်။ သေသေချာချာ

မသဲကွဲ အမည်းစက်ကလေးများသာ မြင်ရသည်။ တစ်ခါတစ်ရံ လက်ချောင်းကလေးများ လှုပ်ရှားနေသည်ဟု ထင်ရသည်။ လေယာဉ်အစိုင်က သူတို့ဆီရောက်လာသည့်အခါ လန့်ဖျပ်ပြီး ကစဉ့်ကလျား ပြေးကြရင်း အုပ်ကွဲသွားသည်။ တဖြည်းဖြည်း မှုန်ဝါးလာသည်။ လွင်ပြင်ကျယ်ကြီးမှာ ဝါထိန်နေသည်။ ရှေ့တည့်တည့်တွင်မူ ကွမ်ပတန်၏ တွီအကျီသား ကျောကုန်းကြီးနှင့် ညိုမည်းမည်း သက္ကလတ်ဦးထုပ်ကို မြင်ရသည်။ ထို့နောက် တောင်ကုန်းကလေးများကို ကျော်ခဲ့သည်။ ဒရယ်အုပ်သည် သူတို့လေယာဉ်နောက်သို့ လိုက်လာသည်။ ခဏကြာလျှင် သစ်တောစိမ်းစိမ်းသည် ထူထပ်လာသည်။ ချက်ချင်းလိုပင် တောင်ကြီးများကို ကျော်တက်ရသည်။ တောင်စောင်းတွင် ဝါးတောများရှိသည်။ ဝါးတောနှင့် သစ်တောစိမ်းစိမ်းတို့ တစ်လှည့်စီ တစ်ထပ်စီ အမြင့်သို့ တက်လိုက်လာသည်။ နောက်ဆုံးတွင် တောင်ထိပ်ရောက်ပြီး ခဏမှာပင် ချိုင့်ဝှမ်းကြီးများကို ဖြတ်ရသည်။ ပြီးတော့ တောင်စောင်းတို့ ပြေပြေလျှောဆင်းကာ နောက်ထပ် လွင်တစ်ခုကို တွေ့ရသည်။ လွင်မှာ ပူသည်။ ခရမ်းညိုရောင် ဖြစ်သည်။ အပူရှိန် ဟပ်သဖြင့် ကွမ်ပတန်သည် သူ့ကို ဘယ်လိုစီးလိုက်လာသည်ဟု စုံစမ်းရန် နောက်သို့ လှည့်ကြည့်သည်။ ရှေ့တွင်မူ ညိုမှိုင်းနေသော တောင်တန်းကြီးများက စောင့်နေသည်။

ထို့နောက် အရှေ့ရှာသို့ မသွားတော့ဘဲ လေယာဉ်သည် ဘယ်ဘက်သို့ ကွေ့ခဲ့သည်။ သူတို့လေယာဉ်မှာ ဓာတ်ဆီလုံလောက်သဖြင့် ဖြည့်စရာမလို။ အောက်ဘက်တွင် ပန်းရောင်တိမ်အုပ်တစ်အုပ် မြေပြင်ပေါ်တွင် လှုပ်ရှားပြေးလွှားနေသည်ကို တွေ့ရသည်။ နှင်းမုန်တိုင်းကျသည့်အခါ လွင့်ပျံနေသည့် နှင်းမှုန်များနှင့် တူသည်ဟု ထင်သည်။ ဤသည်မှာ တောင်ပိုင်းက ရောက်လာသည့် ကျိုင်းကောင်အုပ်ပင်ဖြစ်သည်။ ထို့နောက် သူတို့သည် အထက်သို့ ခပ်မြင့်မြင့်တက်ကာ အရှေ့ဘက်ဆီသို့ သွားနေသည်ဟု ထင်မိသည်။ ပြီးတော့ မှောင်ကျသွားသည်။ မိုးသည်းထန်သည်။ ရေတံခွန်ကို ဖြတ်နေသလား ထင်ရသည်။ ထို့နောက် မိုးထဲမှ ထွက်လာသည်။ ကွမ်ပတန်က သူ့ကို လှည့်ကြည့်ပြီး ပြုံးရယ်ကာ ရှေ့ဆီသို့ လက်ညှိုးညွှန်လိုက်သည်။ တောက်ပ

နေသော နေခြည်တွင် ကမ္ဘာကြီးလောက် ကျယ်ပြန့်ပြီး ကြီးမားမြင့်မားသည့် လေးထောင့်စပ်စပ် ကီလီမန်ဂျရိုတောင်ထွတ်ကို မြင်ရသည်။ နေခြည်တွင် ယုံကြည်နိုင်လောက်အောင်ပင် ဖြူဖွေးဝင်းလက်နေသည်။ သူသိပြီ။ အဲဒီနေရာကို သူတို့ သွားနေတာပဲ။

ထိုခဏတွင် ညဥ့်မှောင်မိုက်၌ တောခွေးကျားတို့၏ ညည်းသံစာစာ ဆို့ ချက်ချင်းရပ်သွားသည်။ လူတစ်ယောက် ငိုကြွေးသည့် ထူးဆန်းသည့် အသံမျိုးကို သူတို့ အော်ဟစ်ကြသည်။ အမျိုးသမီးလည်း ထိုအသံကို ကြား သဖြင့် တုန်တုန်လှုပ်လှုပ် ဖြစ်သွားသည်။ အိပ်ရာကမှ မနိုး။ အိပ်မက်ထဲတွင် သူမသည် ‘လောင်းကျွန်း’က အိမ်တွင် ရောက်နေသည်။ ထိုညမှာ သူ့သမီး ထွက်သည့် ည၏ အလျင်တစ်ည ဖြစ်နေသည်။ သမီးအဖေလည်း ဘယ်လို ဘယ်ပုံ ရောက်လာသည် မသိ။ ရှိနေသည်။ သူ့အပြောအဆို အသံမှာ ကျယ်လာသဖြင့် သူမလည်း အိပ်ရာမှ လန့်နိုးသည်။

ခဏမျှ သတိလက်လွတ် ဖြစ်သွားသည်။ သူမ ဘယ်အရပ်ရောက် နေသလဲ။ ထိတ်ကနဲ ဖြစ်လာသည်။ ပြီးမှ လက်နှိပ်ဓာတ်မီးဖြင့် တစ်ဖက် ခုတင်ကို ထိုးကြည့်လိုက်သည်။ ညက ဟယ်ရီအိပ်ပျော်သွားလျှင် တဲထဲသို့ ခုတင်ပါ သယ်လာခဲ့သည်။ ခြင်ထောင်ထဲတွင် သူ့ကိုယ်လုံးကြီးကို မြင်ရ သည်။ သို့သော်လည်း သူ့ခြေထောက်တစ်ဖက်မှာ ခြင်ထောင်ပြင်ဘက်သို့ ရောက်နေပြီး တွဲလောင်းကျနေသည်။ ပတ်တီးတွေလည်း မရှိတော့။ အောက်သို့ ပြေကျနေပြီ။ သူမ မကြည့်ရဲ။

“မိုလို”

အော်ခေါ်သည်။

“မိုလို၊ မိုလို”

ထို့နောက် ‘ဟယ်ရီ ဟယ်ရီ’ဟု အော်ကာ သူ့ကိုနှိုးသည်။ သူမ အသံ သည် ကျယ်လာသည်။

“ဟယ်ရီ၊ အိုး ... ဟယ်ရီရယ်”

ဘာသံမျှ မကြားရ၊ မထူး။ ပြီးတော့ သူ့အသက်ရှူသံကိုလည်း မကြားရ။

တဲပြင်ဘက်တွင် သူမ လန့်နိုးစဉ်ကလို တောခွေးကျူးသည် ထူးဆန်းသည့်အသံကို ခေါ်မြည်နေသည်။ သူမ၏ နှလုံးခုန်သံကို သူ မကြားနိုင်တော့ပြီ။

❑

## ဝေဖန်သုံးသပ်ချက်

**ကီလီမန်ဂျရိုမှာ ဝေသောနှင်း** သည် အလွမ်းဇာတ်ဖြစ်သည်။ အာဖရိကတိုက် 'တန်ဂန်ယီကာ' လွင်ပြင်တွင် အမဲလိုက်သွားသော စာရေးဆရာတစ်ယောက်အကြောင်းကို သရုပ်ဖော်ထားသည့် ဝတ္ထုဖြစ်သည်။ စာရေးဆရာ ဟယ်ရီသည် အမဲလိုက်ရင်း ဆူးခြစ်မိသည့်အနာမှ အသားပုပ် ခွေးနာကို ရသည်။ ဒူးတွင်းခြင်ဆီလိုက်ကာ ခြေထောက်တစ်ခုလုံး တဖြည်းဖြည်း ပုပ်လိုက်လာပြီး သေတော့မည့်အချိန်တွင် သေခြင်းနှင့် နပန်းလုံးရသည်ကို သရုပ်ဖော်ထားသည်။ တစ်နည်းဆိုလျှင် သေအံ့မူးမူး လူတစ်ယောက်၏အခြေအနေကို ပေါ်အောင် ဖော်ပြရန် ကြိုးစားသည့် ဝတ္ထုဖြစ်သည်ဟု ဆိုရမည်။ ပေါ်လွင်အောင် ဖော်နိုင်သဖြင့် အောင်မြင်သည့် ဝတ္ထုတစ်ပုဒ်ဟု ဆိုနိုင်သည်။

ဟဲမင်းဝေးသည် တောလိုက်ဝါသနာပါသူဖြစ်သည်။ အာဖရိကတိုက်၌ အမဲလိုက်ဖူးသည်။ ဤဝတ္ထု၏ ကျောရိုးကို စာရေးဆရာ၏ အတွေ့အကြုံမှ တည်ဆောက်ထားသည်ဟု ဆိုနိုင်သည်။ ဟဲမင်းဝေးက သူ့အတွေ့အကြုံတို့ကို ဤဝတ္ထုတွင် ထည့်သွင်းဖော်ပြထားသည်ဟူ၍လည်း တစ်နည်း ဆိုနိုင်သည်။

တစ်ကြိမ်တွင် ဟဲမင်းဝေးသည် အမဲလိုက်ရင်း နေမကောင်းဖြစ်သည်။ လေယာဉ်ဖြင့် အမြန်ပြန်လာကာ နိုင်ရိုဘီဆေးရုံတွင် တက်ရောက်

ကသရသည်။ အပြန်ခရီးတွင် နှင်းခမောက်ဆောင်းထားသည့် ကီလီမန်ဂျရို တောင်ကို ဟဲမင်းဝေး လှမ်းမြင်ရသည်။ နိုင်ရိုဘီဆေးရုံတွင် ဝမ်းကိုက်ရောဂါကို ပျောက်ကင်းအောင် ကုသစဉ် အမ်မင်းဆေးကြောင့် ခေါင်းကိုက်ရသည်။ နားထဲမှာ အူလာသည်။ ထိုစဉ်မှာပင် အကယ်၍သာ စာရေးဆရာ တစ်ယောက်သည် သူရေးချင်သည့်စာများ မရေးလိုက်ရဘဲ သေသွားခဲ့လျှင် မည်သို့ရှိလေမည်နည်းဟု စဉ်းစားမိဟန်တူသည်။ ဤအတွေးအကြံ၌ စိတ်အခြေအနေတို့ကို ပေါင်းစပ်ကာ ဇာတ်လမ်းတစ်ခုကို ဖန်တီးလိုက်ခြင်းဖြင့် **ကီလီမန်ဂျရိုမှာ ဝေသောနှင်း** ဖြစ်လာရဟန် တူသည်။

ဟဲမင်းဝေးသည် သေခြင်းကို စူးစမ်းလိုသည်။ သေရင် ဘယ်လိုနေမလဲဟု တစွဲလမ်းလမ်း ဖြစ်ခဲ့သည်။ ဥပါဒါန်တစ်ခုလို ဖြစ်နေသည်။ ဟဲမင်းဝေးလိုပင် ဝတ္ထုထဲက စာရေးဆရာ ဟယ်ရီသည်လည်း သေခြင်းကို ဆင်ခြင်သုံးသပ်သည်။ ဝတ္ထုထဲတွင်မူ ဟယ်ရီသည် သေခြင်းကို ရင်ဆိုင်နေရပြီဖြစ်လေရာ သူ့အဖို့ ပင်ပန်းသည်။ မောပန်းသည်။ ဒေါသဖြစ်ရသည်။

စာရေးဆရာတစ်ယောက်အဖို့ သူ့စာတွေ ကျန်ရစ်ခဲ့ဖို့ အရေးကြီးသည်။ သူ ရေးချင်တာကို မသေမီ ပြီးအောင်ရေးသွားရန် အရေးကြီးသည်။ ဤကိစ္စမှာ ခက်ခဲသည်ဟူ၍ ဟဲမင်းဝေးက ဖွင့်ဟဝန်ခံခဲ့ဖူးသည်။ လူ့ဘဝသည် တိုတောင်းသည်။ စာရေးဖို့ အချိန်မရှိ။ မသေခင် ရေးသွားရမည်။ သို့သော်လည်း အလုပ်မလုပ်ချင်စိတ်၊ ပျင်းရိစိတ်က လွှမ်းကဲလေရာ ရေးချင်သော်လည်း စာမရေးဖြစ်သည်သာ အဖတ်တင်တတ်သည်။ ဝတ္ထုထဲက ဟယ်ရီသည် စာရေးသည့်အလုပ်ကို ပစ်ထားသည်။ ပျင်းရိကာ အချိန်ကုန်စေသည်။ ယခုမူ အချိန်တွေ လွန်ကုန်ပြီ။ သေခြင်းက နီးကပ်လာပြီ။

သေတော့မည့် စာရေးဆရာ ဟယ်ရီကို အတိတ်ဆီက တက်သစ်စ စာရေးဆရာကလေး ဟယ်ရီက ခြောက်လှန့်နေသည်။ ငယ်စဉ်ကမူ ဟယ်ရီသည် လွတ်လပ်သည်။ စိတ်ထဲက ထင်မြင်ယူဆသည့်အတိုင်း ထုတ်ဖော်ရေးသားသည်။ ဥရောပတစ်ခုလုံးကို ဝှေ့ယမ်းလာခဲ့သူ ဖြစ်သည်။ စာရေးခြင်း အတတ်ပညာကိုလည်း မြတ်နိုးလေးစားသည်။ ယခုကား အချိန်တွေ

ကုန်လွန်လာပြီ။ ရေးချင်တာတွေ ရေးနိုင်ရန် လမ်းမမြင်တော့ပြီ။ ဟယ်ရီ သည် စိတ်ပင်ပန်းလာသည်။

ဤဝတ္ထုတွင် နိမိတ်ပုံများပါသည်။ ယင်းတို့ကြောင့် ဝတ္ထုမှာ ထူးခြား သာရသည်။ ဒေသ၊ ပယောဂတို့နှင့် လိုက်ဖက်သည့် နိမိတ်ပုံတို့ကို ပြထား သည်။ ဟဲမင်းဝေးသည် ဤအတတ်ပညာပိုင်း၌ ကျွမ်းကျင်သည်။ ဇာတ်လမ်း အထွတ်အထိပ်သို့ ရောက်ခါနီးလျှင် စိတ်လှုပ်ရှားလာပုံတို့ကို ဒေသပတ်ဝန်း ကျင်နှင့် ယှဉ်၍ပြသည်။ စာရေးဆရာတစ်ယောက်သည် သေတော့မည်။ သေးရုံသို့ အမြန်သွားရန် လေယာဉ်ပျံကို စောင့်နေသည်။ ထိုအချိန်မျိုးတွင် သေခြင်းနှင့်ယှဉ်သည့် နိမိတ်ပုံတို့ကို အလွယ်တကူ ဆွဲယူပြသည်။ ညတိုင်း ခြံပင် သားရဲတို့က အကောင်ငယ်ကလေးများကို သတ်ဖြတ်စားသောက် သည်။ အကျန်အကြွင်း အသေကောင်၊ အပုပ်ကောင်တို့ကို လင်းတနှင့် တောခွေးကျားတို့က စားသည်။

ဟယ်ရီ၏ ခန္ဓာကိုယ် တစ်စိတ်တစ်ပိုင်းသည်လည်း ပုပ်နေသည်။ သူ့ကိုဝါးမျိုရန် လင်းတများနှင့် တောခွေးကျားတို့ စောင့်နေကြပြီဟု ဟယ်ရီ ထင်နေသည်။ လင်းတတွေ အုပ်လိုက်ဝဲပျံကြသည်။ မြေပြင်သို့ ဆင်းလာ သည်။ ညရောက်လျှင် တောခွေးကျားသည် အူသည်။ အနာဖြစ်သွားသည်။ ခွေးအူသံသည် အမင်္ဂလာသံဖြစ်လာသည်။ အနံ့ဆိုးကြီးတစ်ခု ရလာပြီး ဟာကနဲ ဖြစ်သွားသည်။ ဟာကနဲဖြစ်သွားသည့် အနံ့ဆိုးကြီးသေးတစ်လျှောက် ခွေးကျားက ဖြတ်ပြေးသွားသည်။ ‘တံစဉ်နဲ့ ခေါင်းခွံကို မယုံကြည်နဲ့’ဟု သူ့ဇနီးကို ပြောသည်။ တံစဉ်နဲ့ ခေါင်းခွံသည် သေမင်းဖြစ်သည်။ ယင်းမှာ အလွန်ရိုးသည့် နိမိတ်ပုံဖြစ်သည်။ ဟယ်ရီစိတ်သည် အတိတ်က ပါရီသို့ ရောက်သွားသည်။ ပြီးတော့ အာဖရိကသို့ ပြန်ရောက်လာသည်။ သေခြင်း သည် စက်ဘီးနှင့် ပတ္တာရောင်လှည့်သည့် ပုလိပ်နှင့်တူသလိုလို၊ နာရောင် အားကား တောခွေးကျားနှင့် တူသလိုလို ထင်လာသည်။ သေခြင်းသည် သူ့ခုတင်ခြေထောက်သို့ ရောက်လာသည်ဟု သူထင်သည်။ ပြီးတော့ ခေါင်းဘတ်ပေါ် ခွစီးကာ အသက်ရှူကျပ်လာသည်။ ဤသည်မှာ သူ့ အသား

ပုပ်ဆွေးနေသည့် ခြေထောက်တွင် ဇဖြစ်သည်နှင့် ယှဉ်ပြ တင်စားခြင်း ဖြစ်သည်။

ထို့နောက် ရင်ဘတ်ပေါ်က အလေးအလံတစ်ခု ပျော်သွားသည့်အခါ ဟယ်ရီသည် နိုင်ရိုဘီသို့သွားသည့် လေယာဉ်ပေါ် ရောက်လာသည်။ လမ်းတွင် ကျိုင်းကောင်အုပ်နှင့် တွေ့သည်။ မုန်တိုင်းနှင့် တွေ့သည်။ မုန်တိုင်းက လွတ်လာလျှင် ကီလီမန်ဂျရိုတောင်ထိပ်ကို လှမ်းမြင်ရသည်။ သူသွားရမည့်နေရာသည် ဤနေရာဖြစ်သည်ဟု ဟယ်ရီ သိနားလည်လိုက်သည်။ သူ့ဇနီး ဟယ်လင်သည် ညကြီးသန်းခေါင်တွင် လန့်နိုးသည်။ သူတို့နှင့် ကီလိုမန်ဂျရိုတောင်မှာ အလှမ်းကွာသည်။ သူ့ယောကျ်ားကို အော်နိုးသည်။ ထူးသံမကြားရ။

ဝတ္ထုအစတွင် ကီလီမန်ဂျရိုတောင်ထိပ်၌ ကျားသေတစ်ကောင်ရှိသည်ဟု ဖော်ပြခဲ့သည်။ ပါမောက္ခ စီ၊ စီ၊ ဝေါလကတ်က ကီလီမန်ဂျရိုကို ဟယ်ရီ မြင်သည့်အခါ သစ္စာတရား၏ သင်္ကေတဟု ထင်ပြီး ယင်းအတွက် သူ့မှာ ရုန်းကန်လှုပ်ရှားခဲ့ရသည်။ ကျားသေသည် ဟယ်ရီ၏ ကိုယ်ကျင့်တရားနှင့် တူသည်ဟု ယူဆသည်။ ပါမောက္ခ တက်ဒလေ့ကမူ ကျားသေ၏ ခြောက်သွေ့ အေးခဲနေသည့်အဖြစ်ကို ဟယ်ရီတစ်ယောက် ပူပြင်းသည့် လွင်ပြင်အလယ်၌ ခြေထောက်အသားပုပ်ဆွေးနေကြောင့် သေတော့မည့်အဖြစ်နှင့် ဆန့်ကျင် နှိုင်းယှဉ်ကြည့်သည်။ အနာသည် သတိမထားမိ၍ ဖြစ်ရသည်။ ထို့အတူ သတိတရား လက်လွှတ်သည့်အခါ စိတ်ဓာတ်သည်လည်း အနာတရဖြစ်ရသည်။ ကိုယ်ရောစိတ်ပါ ဒဏ်ရာရသည်။ ကျားသေသေနှင့် ကီလီမန်ဂျရိုတို့မှာ ဘယ်တော့မှ မပုပ်ဆွေး။ သို့ဖြစ်ရာ ကျားသေသေနှင့် တောင်တို့သည် ဟယ်ရီ၏စိတ်ဓာတ်ကို အတည်တကျဖြစ်အောင် ညွှန်ပြထားသည့် သင်္ကေတတရားဖြစ်သည်ဟု ယူဆသည်။

ဤသို့ဖြင့် ဟဲမင်းဝေးသည် အာဖရိက အတွေ့အကြုံကို အနုပညာအဖြစ် မည်သို့ ပြောင်းလဲဖန်တီးသည်ကို တွေ့နိုင်သည်။ ဤဝတ္ထုကို ရေးသားခြင်းဖြင့် အနုပညာသဘောတရားတစ်ခုကို ဟဲမင်းဝေးက ညွှန်းဆိုသည်ဟု

ဆိုချင်သည်။ ယင်းမှာ အနုပညာတွင် လွတ်လပ်စွာ တွေးခေါ်မှုသည် အရေးကြီးသည်။ လူတို့သည် သစ္စာတရားကို ဖွေရှာကြသည်။ နည်းအမျိုးမျိုး အသုံးပြုကြသည်။ အနုပညာရှင်သည်လည်း သစ္စာတရားကို ဖွေရှာသည်။ သစ္စာတရား (ဝါ) အမှန်တရားကို ဘယ်ပုံဘယ်နည်း တင်ပြနိုင်သည်ကို အနုပညာရှင်ကလည်း ကြိုးစားဖွေရှာသည်။ ဟဲမင်းဝေးသည် နည်းသစ်တစ်ခုကို တွေ့ခဲ့သည်ဟု ဆိုချင်သည်။

❑

# ချစ်သူ ချစ်တဲ့သူ*

ကျော်အောင်

ဂျင်ကီးလမိုးသည် ဟော်တန်အော်သို့ ကနေဒါမှ ရောက်လာသည်။ ပန်းပဲဖိုကို အဘိုးကြီး ဟော်တန်ထံမှ သူဝယ်လိုက်သည်။ ဂျင်သည် အရပ်ပုပု၊ အသားညိုညို ဖြစ်သည်။ နှုတ်ခမ်းမွှေးကြီးမှာ ကားနေသည်။ လက်ဆံခြေဆံ ကြီးသည်။ မြင်းသံခွာ ကောင်းကောင်းလုပ်တတ်သည်။ သားရေပြားကြီး သိုင်းဝတ်ထားသော်လည်း ပန်းပဲဆရာနှင့် မတူ။ ပန်းပဲဖို အပေါ်ထပ်တွင် နေပြီး ထမင်းကိုမူ ဒီ၊ ဂျေ၊ စမစ်၏ ဆိုင်တွင် စားသည်။

'လစ်ကုတ်'သည် စမစ်၏ဆိုင်တွင် အလုပ်လုပ်သည်။ မစ္စက်စမစ်သည် တုတ်တုတ်ခိုင်ခိုင် မိန်းမကြီးဖြစ်သည်။ အသန့်အရှင်း ကြိုက်သည်။ လစ်ကုတ်ကိုမူ သူနိုင်းခဲ့သမျှ ကောင်မလေးတွေထဲတွင် အသန့်ရှင်းဆုံးဟု ဆိုကာ သဘောကျသည်။ လစ်၏ ခြေထောက်မှာ ပြည့်ဖြိုးလှပသည်။ သလုံးသားများမှာလည်း ချစ်စရာကောင်းသည်။ သူမ အဝတ်များမှာ ဖြူဖွေးသန့်ရှင်း သပ်ရပ်သည်။ ဆံပင်ကို ခေါင်းနောက်တွင် အမြဲလိုလိုပင် သပ်သပ်ရပ်ရပ် စုသိမ်းထားသည်ကို ဂျင် သတိထားမိသည်။ မျက်နှာမှာ ရွှင်ပျသည်။

---

* မိုးဝေ၊ အမှတ် ၁၇၁၊ (ဧပြီ ၁၉၈၂)၊ စာ ၁၀၄-၁၀၈။

ပျော်ပျော်နေတတ်သူ ဖြစ်သဖြင့် ဂျင် သဘောကျသည်။ သို့သော်လည်း ဂျင်သည် သူ့မအကြောင်းကို ဘယ်တော့မှ မစဉ်းစား။

လစ်ကမူ ဂျင်ကို အလွန်နှစ်သက်သည်။ ဆိုင်ထဲက အပြင်သို့ လျှောက်ထွက်သွားပုံ သဘောကျသည်။ ဂျင် ထွက်သွားလျှင် မီးဖိုတံခါးသို့ ပြေးကာ မျက်စိတစ်ဆုံး ကြည့်ရသည်။ နုတ်ခမ်းမွှေးကားကားကိုလည်း သဘောကျသည်။ သူ ပြုံးလိုက်လျှင် ဖွေးကနဲပေါ်လာသော သွားတွေကို လည်း သဘောကျသည်။ ပန်းပဲဆရာနှင့် မတူသည်ကိုလည်း အလွန် သဘောကျသည်။ ဒီ၊ ဂျေ၊ စမစ်နှင့် သူ့မိန်းမတို့က သူ့ကို သဘောတွေ့သည် ကိုလည်း လစ်သဘောကျသည်။ တစ်နေ့တွင် ဂျင်သည် မျက်နှာသစ်ကန်၌ ငုံ့ကာ မျက်နှာသစ်နေသည်ကို လစ် မြင်သည်။ ဂျင်၏ ဆံပင်မည်းနက်နက် တို့သည် လက်ပေါ် ဖွာကျနေသည်။ ထိုမြင်ကွင်းကြောင့် ဂျင်ကို သဘောကျ သည်။

ဟော်တန်အော်သည် ဗွိုင်းမြို့နှင့် ချာလီဗိုး လမ်းမကြီးအကြားတွင် အိမ်ခြေငါးခုသာရှိသော မြို့လေးဖြစ်သည်။ ကုန်စုံဆိုင်တစ်ခု ရှိသည်။ စာတိုက်တစ်ခုလည်း ရှိသည်။ စမစ် အိမ်ရှေ့ စထဲရောက် အိမ်ရှေ့ ဒီးလာဝပ် အိမ်ရှေ့ ဟော်တန် အိမ်ရှေ့ပြီးတော့ ဗင်ဟူးဆင် အိမ်ရှေ့တို့တွင် မြင်းလှည်း တစ်စီးစာလေ ရှိနေတတ်သည်။ အိမ်များသည် အမ်းပင်များဖြင့် အုပ်ဆိုင်း နေသည်။ လမ်းမှာ သဲထူသည်။ လမ်းအထက်ဘက်တွင် မက်သဒစ် ဘုရား ရှိခိုးကျောင်းရှိပြီး အောက်ဘက်တွင် မြို့နယ်စာသင်ကျောင်းရှိသည်။ ယင်း သည် ဆေးနီသုတ်ထားသည့် ပန်းပဲဖိုနှင့် မျက်နှာချင်းဆိုင်တွင် ရှိသည်။

မတ်စောက်စောက် သဲလမ်းတစ်ခုသည် သစ်ပင်များအကြားမှ ကန်ပေါ်ရှိ အော်ဆီသို့ ဆင်းသွားသည်။ စမစ်၏ နောက်ဘေးတံခါးမှ ကြည့် လိုက်လျှင် သစ်တောကိုကျော်ကာ ကန်နှင့် အော်တို့ကို မြင်နေရသည်။ ပြေးကြည့်စရာ မလို။ နွေဦးနှင့် နွေတို့တွင် ရှုခင်းသည် အလွန်လှသည်။ အော်သည် ပြာနှမ်း ကြည်လင်သည်။ အဝေးတွင် လှိုင်းခေါင်းဖြူများ ထနေ သည်။ လေပြည်လေညင်းသည် ချာလီဗိုးနှင့် မစ်ချီကန် ကန်ကြီးဆီမှ

တဖြူးဖြူး တိုက်ခတ်သည်။ ဗွိုင်းမြို့ဆီသို့ တအိအိ သွားနေသော ကျောက်ရိုင်း သမွန်ကြီးကိုလည်း စမစ်အိမ် နောက်ဖေးပေါက်မှ မြင်နေရသည်။ လစ်စိတ်ထဲတွင် သမွန်ကြီးများသည် ရွှေသည်ပင် မထင်ရ။ သို့သော်လည်း အိမ်ထဲဝင်ကာ ပန်းကန်ဆေးပြီး ပြန်ထွက်လာလျှင် စောစောက နေရာတွင် မရှိတော့ဘဲ အဝေးသို့ ရောက်သွားသည်ကို တွေ့ရသည်။

လစ်သည် အချိန်ရှိသရွေ့ ဂျင်ကီးလမိုးအကြောင်းကိုသာ စဉ်းစားနေသည်။ သူကတော့ လစ်ကို ဂရုစိုက်မိဟန် မတူ။ စမစ်နှင့်ကား သူ့ဆိုင်အကြောင်း။ ဒီပတ်ဇလီကင် ပါဝီနှင့် ဂျိမ်းကိုဇလိန်းတို့အကြောင်းကို စကားလက်ဆုံ ကျတတ်သည်။ ညနေခင်းတွင် ဂျင်သည် **သည်တိုလီဒိုဇလိတ်**ကို ဖတ်သည်။ ပြီးတော့ အိမ်ရှေ့ခန်းတွင် မီးအိမ်ထွန်းကာ ဂရင်းရက်ပစ်မှ ထုတ်သည့် သတင်းစာကို ဖတ်သည်။ ထို့နောက် စမစ်နှင့်အတူ ကန်စပ်အော်ဆီသို့ ထွက်သွားကာ ငါးထိုးကြသည်။ ဆောင်းဦးပေါက်တွင် ဂျင်၊ စမစ်နှင့် ချာလီဝိုင်မင်တို့သည် မြင်းလှည်းတစ်စီးတွင် ရှက်ဖျင်တဲ၊ ပုဆိန်၊ နိုင်ဖယ်များကို တင်ကာ ခွေးနှစ်ကောင်နှင့်အတူ ဗန်ဒါဗိဟိုဘက် ထင်းရှူးလွင်ဆီသို့ သမင်ပစ် သွားတတ်သည်။ လစ်နှင့် မစ္စက်စမစ်တို့မှာ သူတို့ သမင်ပစ်မသွားမီ လေးရက်လောက်ကစ၍ ဟင်းလျာများ ချက်ပြုတ်ကြရသည်။ ဂျင်အတွက် တစ်ခုခု အထူးစီမံချက်ပြုတ်ပေးလိုက်ချင်သည်။ သို့သော် မစီမံနိုင်။ မစ္စက်စမစ်ဆီတွင် ကြက်ဥနှင့် ဂျုံမှုန့် မတောင်းရဲ။ ဝယ်ပြီး ချက်ပြုတ်မည်ဆိုလျှင် တွေ့သွားမည်။ ပြောဆိုမည်ကား မဟုတ်။ သို့သော် လစ် ရှုံ့သည်။

ဂျင်တို့ သမင်ပစ်ထွက်နေသည့် တစ်ချိန်လုံး လစ်သည် သူ့အကြောင်းကိုသာ တွေးနေသည်။ သူထွက်သွားတော့ ရင်ထဲမှာ ဟာနေသည်။ ညဆိုလျှင် စဉ်းစားရသဖြင့် အိပ်လို့ပင် မပျော်။ သို့ပေမဲ့ ကြည်နူးစရာတော့ အကောင်းသား။ မစဉ်းစားဘဲနေလျှင်မှ နေသာထိုင်သာ ရှိသည်။ ရင်ထဲမှာ မမောရတော့။ သူတို့မပြန်မီ ညကမူ လစ်သည် တစ်ရေးမျှ အိပ်မပျော်။ အိပ်မက်ထဲမှာ အိပ်မပျော်တာတွေ၊ တကယ် မအိပ်တာတွေ ရောထွေးနေပြီး အိပ်မပျော်ဟု ထင်နေခြင်းသာ ဖြစ်သည်။ တောင်ကုန်းထက်မှ သူ မြင်းလှည်း၊

လာနေပြီကို မြင်ရလျှင် လစ်ရင်ထဲမှာ နုံးချည့်ချည့် ဖြစ်လာသည်။ လူလည်း နွမ်းလျလာသည်။ ဂျင်ကို မြင်သည်အထိပင် မစောင့်နိုင်၊ မအောင့်နိုင် ဖြစ်လာသည်။ သူ့ကို မြင်လိုက်ရလျှင် ရင်ထဲမှာ အေးသွားပြီး အရာရာ ချောမောသွားလိမ့်မည်ဟု ထင်သည်။ အမ်းပင်ကြီးအောက် မြင်းလှည်း ရပ်လျှင် မစွက်စမစ်နှင့် လစ်တို့ ပြေးထွက်သွားသည်။ သူတို့မှာ မုတ်ဆိတ် မွေး ကိုးကျဲပေါက်လာကြသည်။ လှည်းနောက်ပိုင်းတွင် သမင်သုံးကောင် ပါလာသည်။ ခြေထောက်တွေ ထိုးထိုးထောင်ထောင် ထွက်နေသည်။ မစွက် စမစ်က သူ့လင်ကို နမ်းသည်။ စမစ်က သူ့မိန်းမကို သိုင်းဖက်လိုက်သည်။ ဂျင်ကမူ 'ဟေး ... လစ်'ဟု နှုတ်ဆက်ပြီး သွားဖြဲ ပြုံးသည်။ ဒီတစ်ခါ ဂျင် ပြန်လာလျှင် ဘာဖြစ်လေမည်ကို လစ် မသိ။ သို့သော် တစ်ခုခုတော့ ထူးခြား မည်လားဟု မျှော်လင့်မိသည်။ ယခုကား ဘာမျှမထူးခြား။ ယောကျ်ားတွေ အမဲပစ်ရာက ပြန်လာခြင်းသာ ထူးခြားသည်။ ဂျင်က သမင်သေကောင်တို့ကို ဆွဲထုတ်သည်။ လစ်လည်း နေရာကမခွာဘဲ ကြည့်နေသည်။ သမင် တစ်ကောင်မှာ တော်ကြီးသည်။ တောင့်တင်းနေသဖြင့် မနည်းပင် ဆွဲထုတ် ရသည်။

"ဒီအကောင်ကြီး ဂျင် ပစ်တာနော်၊ ဂျင်"

"အေး၊ မလှဘူးလား"

ဂျင်သည် သမင်သေကိုထမ်းကာ သယ်သွားသည်။

ထိုညတွင် ချာလီဝိုင်မင်လည်း ညလယ်စာစားရန် စမစ်အိမ်၌ ရှိနေ သည်။ အချိန်လင့်နေပြီဖြစ်သဖြင့် ချာလီမိုးသို့ မပြန်နိုင်။ သူတို့သည် ကိုယ်လက်သုတ်သင်ကာ ညစာစားရန် အိမ်ရှေ့ခန်း၌ အသင့် စောင့်နေကြ သည်။

"ဟို ပုလင်းထဲမှာ ကျန်သေးတယ်မဟုတ်လား ဂျင်"

စမစ်က မေးသည်။

ဂျင်သည် ကျီထဲတွင်သွင်းထားသည့် မြင်းလှည်းဆီသွားကာ ဝီစကီ သက်ကျန်ကို ယူသည်။ အမဲပစ်သွားတုန်းက လက်ကျန်ဖြစ်သည်။ လေးဂါလံ

ပုလင်းကြီးဖြစ်သဖြင့် မနည်းပင် သယ်ခဲ့ရသည်။ သည်ပုလင်းကြီးကို မပြီး ပုလင်းလိုက် မမော့နိုင်။ တစ်ကိုက်မော့ရာ ဘေးသို့ဖိတ်ကျပြီး အင်္ကျီတွင် စိုရွှဲကုန်သည်။ ဂျင်ဝင်လာလျှင် အခန်းထဲက နှစ်ယောက်က ပြုံးသည်။ စမ်က ဖန်ခွက်ယူနိုင်းသဖြင့် လစ်က ယူပေးသည်။ ဖန်ခွက်ထဲသို့ ခပ်များများ ငှဲ့လိုက်သည်။

"ခုမှ အားရပါးရ သောက်ရတော့ပဲဟေ့"

စမ်သည် အဆက်မပြတ် မော့သည်။

"နောက်တစ်ခွက်ဟေ့ ဘယ်လိုလဲ"

"ရပါတယ်ဗျာ"

"မင်းတို့ဟာ ရေတံလျှောက်တွေပါလားကွ"

"ဟောဒါက နှစ်သစ်အတွက် တစ်ခွက်ခင်ဗျ"

ဂျင်သည် ကြွကြွရွရွ ဖြစ်လာသည်။ ထွေပူလာသည်။ ဝီစကီအရသာ ကို သူ ကြိုက်သည်။ ယခုမှ အစားကောင်း စားရမည့်နေရာ၊ ပြီးတော့ နွေးနွေး ထွေးထွေး အိပ်ရာရှိရာသို့ ပြန်ရောက်လာပြီဖြစ်သဖြင့် ဝမ်းသာသွားသည်။ နောက်ထပ် တစ်ခွက်သောက်ပြန်သည်။ ယောက်ျားကြီးများသည် ဖေအ်ဟစ် ချုပ်ကာ ထမင်းစားပွဲသို့ ရောက်လာကြသည်။ သို့သော် ဂုဏ်ကြားမပျက်။ လစ်သည်လည်း တစ်စားပွဲတည်း ထိုင်စားသည်။ အလွန်အရသာရှိသည့် ညစာစားပွဲ ဖြစ်သည်။ ယောက်ျားတွေက အားရပါးရ စားကြသည်။ စားသောက်ပြီးလျှင် အိမ်ရှေ့ခန်းသို့ သွားကြသည်။ လစ်နှင့် မစ္စက်စမ်တို့ သိမ်းဆည်း ကျန်ခဲ့သည်။ ပြီးလျှင် မစ္စက်စမ်သည် အိမ်ပေါ်ထပ်သို့ တက်သွားသည်။ ခဏကြာလျှင် စမ်လည်း အပေါ်ထပ်သို့ တက်လိုက်သွား သည်။ ဂျင်နှင့် ချာလီတို့သာ စည့်ခန်း၌ ကျန်ခဲ့သည်။ လစ်သည် မီးဖိုထဲတွင် မီးလင်းဖိုဘေး၌ထိုင်ကာ စာအုပ်တစ်အုပ်ကို ဖတ်ချင်ယောင်ဆောင်နေ သည်။ စိတ်ထဲကမူ ဂျင်အကြောင်း စဉ်းစားနေသည်။ မအိပ်ချင်သေး။ ဂျင် ထွက်လာသည်ကို စောင့်ချင်သေးသည်။ ပြီးတော့ အိမ်ပြန်သည်ကို စောင့် ကြည့်ချင်သည်။

လစ်သည် ဂျင်အကြောင်းကို စိတ်ထဲက စဉ်းစားနေစဉ် ဂျင် ထွက်လာသည်။ ဂျင်၏ မျက်လုံးများမှာ ဝင်းဝင်းတောက်နေသည်။ ဆံပင်တို့မှာသည်း ဖွာဆန်ကြဲနေသည်။ လစ်သည် ခေါင်းငုံ့ကာ စာအုပ်ကို စိုက်ကြည့်နေသည်။ ဂျင်က သူ့နောက်ကုလားထိုင်သို့ ရောက်လာသည်။ အကြာကြီးရပ်နေသည်။ အသက်ပြင်းပြင်းရှူသံ ကြားနေရသည်။ ထို့နောက် ဂျင်သည် သူ့ကို လက်နှစ်ဖက်ဖြင့် သိမ်းကျုံး ဖက်လိုက်သည်။ တင်းတင်းရင်းရင်းဖြစ်လာသည်။ လစ်သည် စိုးရွံ့လာသည်။ အလျင်က သူ့အသားကို ဘယ်သူမျှမထိဖူးခဲ့။ ယခုမူ စိတ်ထဲက 'အင်း ... ငါ့ဆီတော့ လာနေပြီ။ နောက်ဆုံးကျတော့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတော့တာပဲ''ဟု စဉ်းစားနေမိသည်။

သို့သော် ထိတ်လန့်တုန်လှုပ်မှုကား မပြေ။ ဘာလုပ်ရမည် မသိ။ ထိုစဉ်မှာပင် ဂျင်၏ အပွေ့အဖက်သည် ပိုပြီး တင်းကျပ်လာသည်။ လစ်မှာကုလားထိုင်တွင် ညှပ်ပူးညှပ်ပိတ် မိနေသည်။ မလှုပ်သာ မရှားသာ ဖြစ်လာသည်။ ပြီးတော့ ဂျင်က နမ်းသည်။ ဘယ်လိုဝေဒနာမျိုး ခံစားရမှန်း သူနားမလည်။ ရုတ်တရက် ဖြန်းစားကြီးမို့ နာကျင်သလို ပူလောင်သလို ထင်မိသည်။ ကြာကြာ အနမ်းမခံနိုင်။ သူ့နောက်မှာ ဂျင်ရှိနေသည်။ ခဏကြာလျှင်သူ့ရင်ထဲမှာ နွေးထွေးလာသည်။ ကြာကြာဖက်ထားချင်သည်။ ဂျင့် ရင်ခွင်ထဲသို့ တိုးဝင်ချင်လာသည်။ ထို့နောက် ဂျင်က နားနားသို့ကပ်ကာ ''လမ်းထွက်လျှောက်ရအောင်နော်'' ဟု တိုးတိုးဆိုသည်။

လစ်သည် ကုတ်အင်္ကျီကိုယူကာ ဂျင်နှင့်အတူ ထွက်လာခဲ့သည်။ ဂျင်က သူ့တစ်ကိုယ်လုံးကို လက်တစ်ဖက်ဖြင့် ရစ်သိုင်းရင်း လျှောက်လာသည်။ ခဏကလေး လျှောက်မိပြီး နားကြသည်။ တစ်ယောက်ကို တစ်ယောက် တင်းကျပ်နေအောင် ဖက်နေသည်။ ပြီးတော့ ဂျင်က နမ်းသည်။ ကောင်းကင်တွင် လရောင် မရှိ။ သဘော်ဆိပ်ဆီသို့ သဲလမ်းအတိုင်း လျှောက်ကြသည်။ ကန်စပ်တွင် ဂိုဒေါင်တစ်ခုရှိသည်။ ထိုနေရာသို့ ဦးတည်လာခဲ့ကြသည်။ လှိုင်းပုတ်သံကို ကြားနေရသည်။ အောက်တစ်ပိုက်တွင် မည်းမှောင်နေသည်။ လေက အေးသည်။ သို့သော် လစ်မှာ ဂျင်၏ ကိုယ်ငွေ့ကြောင့် နွေးနေသည်။

ထို့နောက် ဂျင်က လစ်ကို သူ့ဆီသို့ ဆွဲယူသည်။ လစ်မှာ ကြောက်ရွံ့လာသည်။ ပို၍ ထိတ်လာသည်။ သူ ဘာတွေများ ဆက်လုပ်ဦးမှာလဲဟု စိုးရွံ့မိသည်။

"ဟင့်အင်း။ ဂျင် မလုပ်နဲ့"

လစ်က တိုးတိုးဆိုသည်။ ဂျင်၏လက်သည် အငြိမ်မနေ။

"မလုပ်နဲ့ ဂျင် မလုပ်ရဘူး"

ထိုအမိန့်ကို ဂျင်ကလည်း မနာခံ။

ကြမ်းခင်းမှာ မာကျောသည်။ ဂျင်သည် သူ့အင်္ကျီကို ပင့်တင်လိုက်သည်။ တစ်စုံတစ်ခု လုပ်တော့မည်ဟန် ပြင်နေသည်။ လစ်မှာ တထိတ်ထိတ်နှင့် ဘာလုပ်မှာလဲဟု သိချင်နေသည်။ သူ ဘာလုပ်မှာလဲ။ သို့သော် ကြောက်သည်။

"ဒါတော့ မရဘူး ဂျင်၊ မရဘူး"

"ဟင့်အင်းကွာ၊ ချစ်ချင်တယ်ကွာ။ ချစ်တယ်ကွာ"

"ဟင့်အင်း မဖြစ်ဘူး ဂျင်၊ အိုး။ မလုပ်နဲ့ကွယ်။ ဒီလိုမလုပ်နဲ့လေ၊ ဂျင်ရယ်၊ မလုပ်ပါနဲ့ဆို၊ အို ... ဂျင်၊ အိုး"

တစ်ကိုယ်လုံး ကြေမွကုန်ပြီထင်သည်။ ဂျင်ကို ဘေးဖယ်ထုတ်လိုက်သည်။ ဂျင်ကား အိပ်ပျော်သွားပြီ။ မလှုပ်ရှားတော့။ လစ်သည် မနည်းပင် ထထိုင်ကာ အင်္ကျီကို ပြန်ပြုသွားအောင် လက်ဖြင့် သပ်ချရသည်။ ဆံပင်ကိုလည်း ပြင်ထုံးရသည်။ ဂျင်မှာ ပါးစပ်ဟကာ အိပ်ပျော်သွားပြီ။ လစ်သည် သူ့ပါးကို နမ်းသည်။ ဂျင်ကား အိပ်ပျော်နေဆဲ။ ထို့ကြောင့် ခေါင်းကို လက်နှစ်ဖက်ဖြင့်ထူကာ လှုပ်သည်။ မျက်လုံး မဖွင့်။ ခေါင်းယမ်းကာ တံတွေးမျိုချသည်။ လစ်သည် ငိုချင်လာသည်။ ပြီးတော့ ငိုသည်။ ဆိပ်ခံပေါ် လျှောက်သွားပြီး ရေထဲသို့ ကြည့်သည်။ အောက်ဘက်မှ မြူနှင်းတစ်အုပ် တက်လာသည်။ အေးကလည်း အေးသည်။ စိတ်လည်း နောက်ကျူလာသည်။ အခုတော့ ခံစားခဲ့ရတာတွေ ပျောက်ပြယ်ကုန်ပြီ။ ဂျင် အိပ်ပျော်နေရာသို့ ပြန်လျှောက်လာသည်။ လှုပ်နှိုးသည်။ မနိုး။ လစ် ငိုသည်။

"ဂျင်၊ ဒီမှာ၊ ထပါဦး၊ ဂျင်ရယ်"

ဂျင်သည် တစ်ချက် လှုပ်လာပြီးနောက် ဒူးကို ပိုကွေးလိုက်ကာ အိပ်ပြန်သည်။ လစ်သည် ကုတ်အင်္ကျီကိုချွတ်ကာ ဂျင်ကို ခြုံပေးသည်။ တစ်ကိုယ်လုံး လုံလုံလဲလဲဖြစ်အောင် အသာအယာ ဖုံးဖိပေးသည်။ ထို့နောက် သဲလမ်းအတိုင်း ပြန်လာခဲ့ကာ အိပ်ရာထက်တွင် လဲလျောင်းလိုက်သည်။ ခေအာ်ဆီမှ တုန်အေးသည့် ဆီးနှင်းတစ်အုပ်သည် တောအုပ်ကိုဖြတ်ကာ ဘာရွေ့ရွေ့လာနေသည်။

❑

**ဝေဖန်သုံးသပ်ချက်**

**ချစ်သူ ချစ်တဲ့သူ**မှာ ဟဲမင်းဝေး၏ အစောဆုံး လက်ရာတစ်ပုဒ် ဖြစ်သည်။ အမေရိကန် ဝတ္ထုတိုလောကတွင် ဟဲမင်းဝေးသည် စကားအပို မပါဘဲ လိုရင်းကို ရှင်းရှင်းရေးရာ၌ သရဖူဆောင်းသည့် စာရေးဆရာဖြစ်သည်။ သူ့စကားပြေကို အတုခိုးသူ အများအပြား ပေါ်လာသည်။ သူ့ဝတ္ထုတိုတို့တွင် အထိုးအသတ်၊ ရက်စက်မှု၊ အမျက်ဒေါသ၊ ပြင်းထန်သည့် အချစ်စိတ်၊ သေခြင်းလမ်းဆုံးတို့ကို ပြက်ပြက်ထင်ထင် တွေ့နိုင်သည်။ ဟဲမင်းဝေးသည် သတင်းထောက်၊ သတင်းစာ အယ်ဒီတာဘဝမှ ဝတ္ထုရေးဆရာ ဖြစ်လာရာ လှုပ်ရှားမှုများကို ဓာတ်ပုံရိုက်ပြသလို ဖျတ်ကနဲ ဖျတ်ကနဲ ပြတတ်သည်။ သူ့ဇာတ်ဆောင်တွေ တုံးတိတိပြောသည့် စကားတွေထဲက သူ၏ ဝေဒနာ၊ သူ၏ ကရုဏာတို့ကို ရှာကြည့်တတ်သူ ရှားသည်ဟု ဝေဖန်ရေးဆရာတို့က ဆိုကြသည်။ **ချစ်သူ ချစ်တဲ့သူ** တွင် ချစ်သူနှစ်ဦး၏ ပြင်းထန်သော အချစ်စိတ်ကို တွေ့နိုင်မည် ဖြစ်ပေသည်။

❑

# သုံးရက်ဆက် မုန်တိုင်းငယ်*

ဇော်ဂျီ

မိုးရေထဲတွင် လမ်းလျှောက်လာသော လုလင်ပျို နီကိုသည် မြို့ပြင်သို့ ရောက်လာ၏။ ထို့နောက် ပန်းသီးခြံတစ်ခြံထဲသို့ ကွေ၍ ဝင်လိုက်သောအခါ မိုးတိတ်သွားသည်။ ပန်းသီးခြံတွင် ပန်းသီးတို့ကို နောက်ဆုံးပိတ် ဆွတ်သိမ်းပြီးလေပြီ။ ထို့ကြောင့် နွေအကုန် ဆောင်းအကူး လေရူးမုန်တိုင်း ကျန်သည် သီးမှဲ့ သစ်ကိုင်းတို့ကို တိုးဝှေ့တိုက်ခတ်လျက် ရှိသည်။ ပန်းသီး တစ်လုံးသည် မြက်တောထဲ၌ မိုးရေကြောင့် တောက်ပြောင်နေ၏။ နီကိုသည် ထိုပန်းသီးကို မြင်သောအခါ ကုန်းကောက်၍ မိုးကာအင်္ကျီအိတ်ထဲသို့ ထည့်လိုက်သည်။

ပန်းသီးခြံ၏ အနောက်ဘက်တွင် ခပ်ပြေပြေ တက်သွားသော ကုန်းတန်းတစ်ခု ရှိသည်။ ထိုကုန်းတန်းထိပ်တစ်နေရာတွင် အိမ်ငယ်တစ်ဆောင် ရှိသည်။ ထိုအိမ်ငယ်သည် တောစခန်း အပန်းဖြေ နှစ်ထပ်အိမ်ငယ် ဖြစ်သည်။ အိမ်ရှေ့တွင် ဆင်ဝင်ရှိသည်။ ခေါင်မိုးတွင် မီးခိုးခေါင်းတိုင်မှ မီးခိုး တလူလူ ထွက်နေသည်။ အိမ်နောက်ဖေးတွင် မော်တော်ကားရုံရှိသည်။

---

* ဘာသာကျော် နိုဗယ်စာပေဆုရ စာရေးဆရာများ၏ မိုးကြယ်မိုးလားနှင့် လမ်းသစ် ဝတ္ထုတိုများ။ ရန်ကုန်၊ မြဝတီ၊ ၁၉၇၇။

ကြက်ခြံရှိသည်။ ထို့နောက် သစ်ပင်မြင့်မြင့်ကြီးများ ရှိသည်။ သစ်ပင် မြင့်မြင့်ကြီးများသည် လေရူးမုန်တိုင်းငယ်ကြောင့် ယိမ်းထိုးနေကြသည်။ နီကီသည် ထိုသစ်ပင်ကြီးများကို ကြည့်၏။ နွေကုန်၍ ဆောင်းဦးပေါက်တော့မည်။ ထို့ကြောင့် လေရူးမုန်တိုင်းထခြင်း ဖြစ်၏ဟု သူ သတိထားလိုက်မိသည်။

နီကီသည် ပန်းသီးခြံ အနောက်ပေါက်မှထွက်၍ ကုန်းတန်းကို တစ်လှမ်းချင်း လှမ်းကာ တက်သွားသည်။ ထိုအခိုက်တွင် ကုန်းတန်းပေါ်က အိမ်၌ အိမ်ရှေ့တံခါးသည် ပွင့်လာ၍ ဗီလီအမည်ရှိသော လူလင်ပျို ထွက်လာသည်။ ဗီလီသည် ဆင်ဝင်အောက်၌ မတ်တတ်ရပ်၍ စောင့်မျှော်နေသည်။

"လာဟေ့ သူငယ်ချင်း" ဟု ဗီလီက ဆီး၍ခေါ်လိုက်သည်။ နီကီသည် ဆင်ဝင်ရှေ့သို့ ရောက်သောအခါ လှေကားကို တစ်လှမ်းချင်း လှမ်းကာ တက်သွားသည်။ ထို့နောက် စကားမပြောကြသေးဘဲ ဆင်ဝင်အောက်၌ နှစ်ယောက်သား မတ်တတ်ရပ်၍ မြေပြန့်ဆီသို့ မျှော်ကြည့်နေကြသည်။ ကုန်းတန်းအောက် မျက်နှာတူရူတွင် ပန်းသီးခြံ။ ပန်းသီးခြံအလွန်တွင် လမ်းကျယ်။ လမ်းကျယ်အလွန်တွင် လယ်ကွင်း။ လယ်ကွင်းအဆုံးတွင် တောတန်း။ တောတန်းမှစ၍ အင်းဖွေးဖွေး။ အင်းဖွေးဖွေးတွင် လေရူးမုန်တိုင်းငယ်ကြောင့် လှိုင်း ဘောင်ဘင်ခတ်နေသည်။

"လေက တယ်ထန်လှပါကလားကွ" ဟု နီကီက စကားစလိုက်သည်။

"သုံးရက်လောက်တော့ ဆက်တိုက် ထန်နေဦးမှာပေါ့ကွာ"

"မင့်ဘိုးတော်ကြီး အိမ်ထဲမှာလား"

"အဖေလား။ မရှိဘူးကွ။ ဟိုတောတန်းမှာ သေနတ်တစ်လက်နဲ့ ငှက်ပစ်နေတယ်။ လာကွာ။ အိမ်ထဲဝင်ရအောင်"

နီကီသည် ဗီလီနှင့်အတူ အိမ်ထဲသို့ဝင်သည်။ ဧည့်ခန်းတွင် မီးလှုံရန် မီးလင်းဖိုရှိသည်။ မီးလင်းဖိုသည် အုတ်နံရံထဲ၌ ဖိုထားသော မီးလင်းဖိုဖြစ်သည်။ အပြင်၌ လေထန်လှသဖြင့် မီးလင်းဖိုတွင် ဖိုသံသည် တဟူးဟူး မြည်နေသည်။ ဗီလီသည် အိမ်ရှေ့တံခါးကို ပိတ်ပြီးနောက် ဧည့်ခန်းသို့လာ၍ "သောက်ကြရအောင်ကွာ" ဟု ဆိုကာ မီးဖိုထဲသို့ ဝင်သွားသည်။ အတန်

ကြာသော် ဖန်ခွက်နှင့် ရေတာကောင်းတို့ကို ကိုင်လျက် ထွက်လာသည်။ နီကီသည် စင်ပေါ်က ဝီစကီပုလင်းဆီသို့ လက်လှမ်း၍ ...

"ဘယ့်နှယ်လဲဟေ့၊ ယူလိုက်ရမလား"

"ယူပေါ့ကွ"

ထို့နောက် မီးလင်းဖိုရှေ့၌ နှစ်ယောက်သားတိုင်ကာ အိုင်ယာလန် ဝီစကီကို ရေနှင့်ရော၍ သောက်ကြသည်။

"အင်း အနံ့က တစ်မျိုးပါလားကွ" ဟု နီကီက ဆိုကာ ဖန်ခွက်ကို မီးရောင်၌ ထောင်ကြည့်သည်။

"အိုင်ယာလန်က ဝီစကီဆိုတော့ မှော်ရွက်ထည့်ပြီး ချက်သတဲ့ကွ" ဟု ဝီလီက ပြန်ပြောသည်။

"ကြံကြံဖန်ဖန်ကွာ။ မှော်ရွက် ထည့်ချက်ရတယ်လို့"

"တစ်မျိုးပေါ့ကွ"

"အဲဒီ မှော်ရွက်ကို မင်း မြင်ဖူးသလား" ဟု နီကီကမေးရာ ...

"ဟင့်အင်း မမြင်ဖူးဘူး"

"ငါလည်း မမြင်ဖူးဘူးကွ"

နီကီသည် မီးလှုံရင်း မီးလင်းဖိုရှေ့၌ မိမိ၏ခြေထောက်ကို ဆန့်ထားသည်ဖြစ်ရာ အတန်ကြာသော် မီး၏အပူရှိန်ကြောင့် သူ့ဖိနပ် ရေစိုမှ အငွေ့ထွက်လာသည်။

'သူငယ်ချင်း။ မင်းဖိနပ် ချွတ်ထားရင် ကောင်းမယ်ကွ" ဟု ဝီလီက ဆို၏။

"ငါ့မှာ ခြေအိတ်ပါတာ မဟုတ်ဘူးကွ"

"ဒီလိုဆိုရင် ခြေအိတ်ကို ငါပေးပါ့မယ်ကွာ။ မင်း ဖိနပ်ကိုသာ ချွတ်ပါ။ ချွတ်ပြီးမှ ခြောက်အောင်မီးကင်တာက ပိုကောင်းပါတယ်" ဟု ဝီလီက ဆို၍ အိမ်အပေါ်ထပ်သို့ တက်သွားသည်။ နီကီသည် ဝီလီ၏ခြေသံကို ကြားရသည်။ အပေါ်ထပ်တွင် အခန်းခန်း အဆောင်ဆောင် ဖွဲ့ထားသည် မဟုတ်။ ဟင်းလင်းဖြစ်သည်။ နီကီသည် တစ်ခါတစ်ရံ ထိုအခန်းကျယ်၌ ဝီလီတို့

သားအဖနှင့်အတူ တစ်ညတန်သည် နှစ်ညတန်သည် လာ၍ အိပ်လေ့ရှိသည်။ အတန်ကြာသော် ဇီလီသည် သိုးမွေးခြေအိတ်တစ်စုံယူ၍ ဆင်းလာသည်။

"တော်တော်ချမ်းလာပြီကွ။ ခြေအိတ်မပါဘဲ အပြင်ထွက်လို့ သိပ် မကောင်းတော့ဘူး" ဟု ဇီလီက ဆို၏။

"ငါလည်း ထွက်မယ်လို့ စိတ်မကူးပါဘူးကွာ" ဟု နီကီက ပြန်ပြော၍ ခြေအိတ်စွပ်၏။ ထို့နောက် ကုလားထိုင်၌ မှီချလိုက်ပြီးလျှင် ...

"ဖတ်စရာ ဘာများရှိသလဲကွ ဇီလီရ" ဟု နီကီက မေး၏။

"သတင်းစာရှိတယ်ကွ"

"ပေးစမ်းကွာ။ အင်း ဘက်နိုက် ဖူဘောပွဲသတင်း ပါသလားဟေ့။ ဟင် ... ကာဒါအသင်းက ဘယ်လိုလုပ်လိုက်တာလဲကွ"

"ရက်ချိန်းပေးပြီးမှ မကစားတော့ဘဲ ပွဲသိမ်းလိုက်တယ်လေ"

"ဟာကွာ"

"မဟာနဲ့လေ။ မက်ဂရောဆိုတဲ့ အကောင်ကြီးက ကာဒါအသင်းသား တွေကို ငွေနဲ့ ပေါက်လိုက်သလားမှ မသိဘဲ"

"ဟ - ငွေနဲ့ပေါက်တယ်ဆိုဦး။ တစ်မြို့လုံးကို ပေါက်နိုင်မှာလားကွ"

"တစ်ပြုလုံးကို ပေါက်ဖို့မလိုပါဘူးကွာ။ ထိပ်သီး နှစ်ယောက် သုံးယောက်ကို ပေါက်ရင် ပြီးတာပဲ"

"သြော် - ဇင်ဆိုတဲ့ ဟိုအကောင် လုပ်ပုံမျိုးပေါ့"

"အေးပေါ့။ ဒီကောင်လောက်မိုက်တဲ့အကောင်တော့ လောကမှာ မရှိပါဘူးကွာ"

"အေးကွာ။ ဒီအကောင်ဟာ ဘောအပစ်မှာလည်း ဝိဇ္ဇာပဲ၊ ဘော အဖမ်းမှာလည်း ဝိဇ္ဇာပဲ"

"အေး - ဒါပေမဲ့ ဘောတွေ လွတ်ကျန်တာပဲ မဟုတ်လား။ ဒီတော့ သေပဲ့ ... နန္ဒိယပေါ့"

"မက်ဂရောဆိုတဲ့ အကောင်ကြီးဟာ အခုလည်း ဒါမျိုးဖြစ်အောင် လုပ်ချင်ရင် လုပ်မှာပေါ့"

"အေး - ဖြစ်နိုင်တယ်ကွ" ဟု ဗီလီက ဆို၏။

"တို့မသိနိုင်တဲ့ သူတို့အတွင်းရေးတွေလည်း ရှိဦးမှာပါပဲကွာ"ဟု နီကီက ဆိုပြန်၏။

"ဒါပေါ့ကွ။ တို့က အဝေးရောက်နေကြတော့ မှန်းကြည့်ရုံပဲ ရှိတာပေါ့"

ဗီလီသည် ထိုသို့ဆို၍ ဗီစကီပုလင်းဆီသို့ လက်လှမ်းလိုက်၏။ ထို့နောက် နီကီ၏ ဖန်ခွက်ထဲသို့ ထည့်ပေး၏။

"ရေ ဘယ်လောက်ထည့်မလဲ"

"ဆတူပေါ့ကွာ။ မုန်တိုင်းကျလာတာကို ငါသဘောကျတယ်ကွ။ မင်းကော သဘောမကျဘူးလား"ဟု နီကီက မေး၏။

"မုန်တိုင်းကတော့ စံပါပဲကွာ။ သဘောကျတာပေါ့"

"ငါ့အဖို့မှာ နွေအကုန် ဆောင်းအကူး လေရူးထတဲ့ရာသီကို အကြိုက်ဆုံးပဲကွ" ဟု နီကီက ဆိုပြန်၏။

"ငါလည်း အကြိုက်ဆုံးပဲကွ။ အခုလို ရာသီမျိုးမှာ ဘယ်တော့မှ မြို့ထဲမှာ ငါမနေချင်ဘူး"

ဗီလီသည် ထိုသို့ပြန်ပြောပြီးနောက် ပြတင်းပေါက်အနီးရှိ စားပွဲဆီသို့ လက်လှမ်းလိုက်၏။ ထို့နောက် ဖွင့်၍ မှောက်ထားသော စာအုပ်ကိုယူပြီးလျှင် ဖန်ခွက်ကို လက်တစ်ဖက်က ကိုင်လျက် ဖတ်မည်ပြု၏။

"ဘာစာအုပ်လဲကွ"ဟု နီကီက မေး၏။

"ရစ်ချက်ဆိုတဲ့ ဝတ္ထုလေး၊ နာမည်ကြီးပေါ့ကွ"

"ဒီဝတ္ထုက ဖတ်ရတာ လေးလွန်းလှသကွာ"

"ကောင်းပါတယ်ကွ"

"ငါ မဖတ်ဖူးသေးတဲ့ ဝတ္ထုတွေထဲက မင်းမှာ ဘာဝတ္ထုရှိသလဲ" ဟု နီကီက မေး၏။

"မြိုင်ကြီးမောင်မယ်ကို မင်း ဖတ်ပြီးပလား"

"ဖတ်ပြီးပြီကွ။ ဟိုကွာ၊ ငနဲကောင်နဲ့ ငနဲမ သန်လျက်ခြားပြီး အိပ်ကြ ဘယ်ဆိုတဲ့ ဝတ္ထုမဟုတ်လား"

"အေး - ဟုတ်တယ်။ မကောင်းဘူးလား"ဟု ဗီလီက မေး၏။

"ဖတ်လို့တော့ ကောင်းပါရဲ့။ ဒါပေမဲ့ သန်လျက်ကို အလယ်က ထားပြီး အိပ်ကြတော့ကော ဘာထူးမှာလဲကွ။ အေး - ထူးချင်တယ်ဆိုရင် သန်လျက်အသွားကို ထောင်ထားနိုင်မှဖြစ်မှာ။ ထောင်မနေဘဲ ပြားလိုက် ဖြစ်နေရင် တစ်လိမ့်လောက် လိမ့်လိုက်ရုံပေါ့ကွ"

"ဒါကတော့ သစ္စာအဓိဋ္ဌာန်ပြုတဲ့ သဘောကိုးကွ"

"မင်းသဘောက လက်တွေ့လုပ်ကြည့်လို့ မရနိုင်တဲ့ သဘောဆိုတော့ အခက်သားပဲ"ဟု နီကီက ဆို၏။

"ဟေ့ နီကီ။ သမာဓိဆိုတဲ့ ဝတ္ထုကို မင်း ဖတ်ဖူးသလား"

"ဝါလပို (Walpole) ရေးတဲ့ ဝတ္ထုလား။ ဒီဝတ္ထုမှ တကယ့်ဝတ္ထုကွ။ ဇာတ်ဆောင်ကလည်း စံပဲကွ။ ဇာတ်ဆောင်ရဲ့ အဖေကြီးကလည်း စံပဲကွ။ ဟေ့ ... ဝါလပိုရေးတဲ့ ဝတ္ထုတွေထဲက မင်းမှာ ဘာရှိသလဲ"

"စုံတောမှောင်မှောင် ရှိတယ်။ ရုရှားတိုင်းပြည်အကြောင်းလေ"ဟု ဗီလီက ဆို၏။

"ဝတ္ထုဆရာက ရုရှားအကြောင်း ဘာသိမှာလဲကွ"

"မသိဘူးလေကွာ။ သူကတော့ ရုရှားမှာ ငယ်ငယ်တုန်းက နေဖူး တယ်ဆိုပြီး လျှောက်ရေးထားတာ၊ စုံလို့ပဲ"

"ဝါလပိုကို ငါ တွေ့ချင်စမ်းလှသကွာ" ဟု နီကီက ဆို၏။

"ငါကတော့ ချက်စတာတန် (Chesterton) ကို တွေ့ချင်သကွ"

"အေး ... အကောင်းသားပဲ၊ ချက်စတာတန်ကိုလည်း ငါ တွေ့ချင် တာပဲ။ ဒီအိမ်မှာသာ သူ အခုရောက်နေရင် အင်းထဲသွားပြီး ငါးမျှားရအောင် ဆိုပြီး သူ့ကို ငါခေါ်မှာပဲ"

"ဟာ၊ ချက်စတာတန်လို စာရေးဆရာကြီးက ငါးမျှားလိုက်မှာလား ကွ"

"လိုက်မှာပေါ့ကွ။ ငါ လောင်းရဲပါတယ်။ ဟေ့၊ ချက်စတာတန်ဟာ ဝါလပိုထက် တော်တယ်လို့ ငါထင်တယ်ကွ။ မင်း ဘယ့်နှယ်သဘောရသလဲ" ဟု နီကီက မေး၏။

"အစစ်ပေါ့။ ဒါပေမဲ့ ရေးရာမှာတော့ ဝါလပိုက ပိုပြီး လှလှပပ ရေးတတ်တယ်ကွ"

"ဒါကိုတော့ ငါမသိဘူး။ ဒါပေမဲ့ ချက်စတေတာနဲ့ စာတွေဟာ သမိုင်းဝင်ချည်းပဲကွ"

"ဝါလပိုရဲ့ စာတွေလည်း သမိုင်းဝင်ပါပဲကွာ" ဟု ဗီလီက ဆို၏။

"ကိုင်။ ဒီငနဲကြီး နှစ်ယောက်စလုံးဟာ ရသစာပေ ဝိဇ္ဇာကြီးတွေ ဆိုပါတော့ကွာ။ ဟုတ်လား။ ဒီတော့ သူတို့နှစ်ယောက်စလုံးကို ဒီအိမ်မှာ ရောက်လာကြစေချင်တယ်ကွ။ ဟုတ်လား။ သူတို့ရောက်လာကြရင် ဘာလုပ်ကြမလဲ။ သိရဲ့လား။ သူတို့နဲ့အတူတူ အင်းထဲသွားပြီး ငါးဖမ်းကြမယ် ဟေ့၊ ငါးဖမ်းကြမယ်"

"ဟေ့ နီကီ၊ သူငယ်ချင်း။ မင်း မူးနေပလား"

"ဟာ ... ဘယ်ကလာပြီး မူးရမှာလဲကွ"

"ဒီလိုဆိုရင် ကြိတ်လိုက်ဦးကွာ။ အဖေက မပြောပါဘူးကွ"

"အဟုတ်လားကွ"

"အဟုတ်ပါကွ"

"ဟေ့ ဗီလီ၊ သူငယ်ချင်း။ နဲနဲတော့ အမူးသားကွ"

"မင်း မမူးသေးပါဘူးကွာ။ အဖေက သဘောကောင်းပါတယ်ကွ။ ကြိတ်သာ ကြိတ်ပါ"

"အဟုတ်လားကွ"

"အိုကွာ၊ ငါ့အဖေက သဘောကောင်းကြီးပါကွ။ တစ်ခါတစ်ခါတော့လည်း ဆူတာပေါ့ကွာ" ဟု ဗီလီက ဆို၏။

"အေး။ ငါ့အဖေလည်း သဘောကောင်းတယ်ကွ"

"ဟုတ်တာပေါ့။ ငါသိတာပေါ့" ဟု ဗီလီက ဆို၏။

"အဖေက သူတစ်သက်မှာ အရက်ဆိုလို့ အနံ့တောင် မခံဖူးဘူးတဲ့ကွ" ဟု နီကီက ဆိုပြန်၏။

"အေးလေ၊ သူက ဆရာဝန်ကိုးကွ။ ငါ့အဖေကတော့ ပန်းချီဆရာ ဆိုတော့ စုံချင်တာပေါ့"

"အဲဒါပေါ့ကွ။ ငါ့အဖေက မစုံတော့ အဝါးမဝ ဖြစ်နေတာပေါ့ကွ"

"ဒီလိုလည်း မဟုတ်သေးဘူးလေ။ တစ်ဖက်က နေရာမကျရင် တစ်ဖက်ကတော့ နေရာကျတတ်တာပဲကွ"

"အဖေကလည်း ပြောရှာပါတယ်။ သူကတော့ လောကမှာ အစုံမလုပ်ဖူးတဲ့တွက် လူရည်မဝဘူးလို့ ပြောရှာပါတယ်"

"ငါ့အဖေကတော့ စုံလွန်းအားကြီးတော့ ဒုက္ခတွေပေါင်း များလှပြီကွ"

"ကိုင်း၊ တော်တော့၊ တော်တော့။ ငါ့အဖေက မစုံလို့ လူရည်မဝ။ မင်းအဖေက စုံလွန်းလို့ ဒုက္ခတွေ။ ကျေရောဆိုပါတော့ကွာ" ဟု နီကီက ဆို၏။

သူငယ်နှစ်ယောက်သည် ထိုသို့ဆိုကာ မီးလင်းဖိုကိုကြည့်လျက် လောကကြီးအကြောင်းကို ကြီးကြီးကျယ်ကျယ် တွေး၍ အတွေးနက်နေကြသည်။

အတန်ကြာသော် နီကီက "ဟေ့ ထင်းတုံးတစ်တုံး ငါသွားယူလိုက်ဦးမယ်ကွာ"ဟု ဆို၍ အိမ်နောက်ဖေးသို့ ထသွား၏။ နီကီသည် မီးလင်းဖိုကို ကြည့်နေရာမှ မီးလင်းဖို၌ မီးအားပျော့သွားသည်ကို သတိပြုမိသောကြောင့် ဖြစ်သည်။ ထို့ပြင် ထိုမျှလောက် သောက်ထားသော်လည်း သူ မမူးမယစ်၊ သတိမလစ်ကြောင်း ပြလိုက်ချင်သောကြောင့်လည်း ဖြစ်သည်။

ထိုအခါ ဗီလီက "ဟေ့ - သူငယ်ချင်း။ အပွေးလုလု၊ အသားကောင်းကောင်းကိုမှ ရွေးယူခဲ့ကွ"ဟု မှာလိုက်သည်။ သူကလည်း သူ မမူးမယစ်၊ သတိမလစ်ကြောင်း ပြလိုက်ချင်သောကြောင့်ပင် ဖြစ်သည်။

အတန်ကြာသော် နီကီသည် ထင်းတုံးကို မနိုင့်တနိုင် ပိုက်လျက် မီးဖိုခန်းကိုဖြတ်ဝင် ဝင်လာသည်။ လမ်းတွင် ထင်းတုံးသည် မီးဖိုခန်းစားပွဲပေါ်က ဒယ်အိုးကို တိုက်ချလိုက်ပါတော့သည်။ ထိုအခါ ဒယ်အိုးထဲ၌ ရေစိမ်ထားသော ဆီးသီးခြောက်တို့သည် ဖိတ်ကျကုန်ကြသည်။ အချို့လည်း ကြမ်းပေါ်၌ ပြန့်ကျဲဖြစ်ကုန်ကြသည်။ အချို့လည်း မီးဖိုအောက်သို့ လိမ့်ဝင်ကုန်ကြသည်။ နီကီသည် ထင်းတုံးကို အသာချသည်။ ထို့နောက် ဒယ်အိုးကိုကောက်၍

ဘားပွဲပေါ်သို့ ပြန်တင်သည်။ ထို့နောက် ဆီးသီးခြောက်များကို တစ်လုံးစီ လိုက်ကောက်၍ ဒယ်အိုးထဲသို့ ပြန်ထည့်သည်။ ထို့နောက် စားပွဲအနီးရှိ ရေပုံးကိုယူ၍ ဆီးသီးခြောက်များကို ရေလောင်းပေးသည်။ နီကီသည် မမူး မယစ်၊ သတိမလစ်။ ဖြစ်အောင်လုပ်နိုင်သည်။ ဖြစ်လည်း ဖြစ်သည်။

နီကီသည် ထင်းတုံးကိုပိုက်လျက် ဧည့်ခန်းသို့ ရောက်လာသောအခါ ဒီလီသည် ထရှိုကူသည်။ မီးလင်းဖိုထဲသို့ ထင်းတုံးရောက်သွားသည်အထိ ကူလိုက်သည်။

"ထင်းတုံးကတော့ တော်တော်ကြီးတဲ့ ထင်းတုံးပဲကွ" ဟု နီကီက ချီးမွမ်းလိုက်သည်။

"အေး - အခုလို ချမ်းတဲ့အခါမျိုးမှာ မီးထည့်ဖို့ ငါခုတ်ဖြတ်ပြီး သတ်သတ်ဖယ်ထားတာကွ။ တစ်ညလောက်တော့ ကောင်းကောင်းခံတယ် ခမောင်" ဟု ဒီလီက ဂုဏ်ယူလိုက်သည်။

"မနက်ကျရင် မီးသွေးဖုတ်ပြီးသား ရတာပေါ့"

"ဒါပေါ့ကွ"

"ဟေ့ - ဒီလီ၊ ရှိသေးလားကွ။ တစ်ခွက်စီလောက် ကြိတ်ကြအုံးစို့ကွာ" ဟု နီကီက ဆိုၾ၏။

"ရှိပါ့ဗျာ" ဟု ဒီလီက ဆိုကာ ကြောင်အိမ်ဆီသို့သွား၍ လေးထောင့် ပုလင်းတစ်လုံးကို ဆွဲထုတ်ခဲ့သည်။

"စကော့ဒီစကီကွ"

"နေဦးဟေ့ သူငယ်ချင်း။ မီးဖိုခန်းသွားပြီး ငါ ရေ ယူခဲ့ဦးမယ်" ဟု နီကီက ဆို၍ မီးဖိုခန်းသို့ ထသွားသည်။ မီးဖိုခန်းတွင် နီကီသည် ရေပုံးထဲက ဘမ်းရေအေးအေးကို ရေတကောင်းထဲသို့ လောင်းထည့်သည်။ ထို့နောက် မီးဖိုခန်းမှ ထွက်ခဲ့သည်။ ထို့နောက် ထမင်းစားခန်းရှိ မှန်ရှေ့က ဖြတ်လာရသည်ဖြစ်ရာ မှန်ကို ကြည့်မိသည်။ မှန်ထဲတွင် သူ့မျက်နှာသည် အရက်အရှိန်ကြောင့် နီရဲနေသဖြင့် ပြုံးလိုက်မိသည်။ ထိုအခါ မှန်ထဲက မျက်နှာသည် သူ့ကို ပြန်၍ ပြုံးပြလိုက်သည်။ ထို့နောက် နီကီသည် မှန်ကို မျက်စိတစ်ဖက် မှိတ်ပြခဲ့ပြီးနောက် ဧည့်ခန်းထဲသို့ ဝင်လာသည်။

ဗီလီသည် နီကီ၏ ဖန်ခွက်ထဲသို့ စကော့ဝီစကီ ငှဲ့ထည့်သည်။

"ဟ ဟ၊ များလှချည်လားကွ" ဟု နီကီက ဆိုသည်။

"မများပါဘူးကွာ။ စောစောတုန်းကတော့ သောက်ချင်လို့ သောက်ကြတာကွ။ အခုတော့ ချက်စတာတန်ကြီးအတွက် သောက်ကြမယ်ကွာ"

"ဟာ၊ ဒီလိုဆိုရင် ဝါလဗိုကြီးအတွက်လည်း သောက်ရမှာပေါ့ကွ"

ထိုသို့ဆို၍ နီကီသည် ဗီလီ၏ ဖန်ခွက်ထဲသို့ စကော့ဝီစကီ ငှဲ့ထည့်ပေးရာ ဗီလီကလည်း နီကီ၏ ဖန်ခွက်ထဲက ဝီစကီ၌ ရေခွက်ပေးသည်။ ထို့နောက် မတ်တတ်ထကြလျက် ဖန်ခွက်ကိုယ်စီကိုင်ကာ နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ပြုံးစိစိ လုပ်နေကြသည်။

ထို့နောက် ...

"မင်းပရိသတ်အပေါင်းတို့ ခင်ဗျာ။ ချက်စတာတန်ကြီးကိုလည်းကောင်း၊ ဝါလဗိုကြီးကိုလည်းကောင်း၊ သက်တော်ရာကျော် ရှည်စေကြောင်း ဆုမွန်ကောင်းတောင်းရင်း သောက်လိုက်ပါရစေ ခင်ဗျား" ဟု ဗီလီက စလိုက်သောအခါ -

"မင်းပရိသတ်အပေါင်းတို့ ခင်ဗျာ။ ကျွန်တော်ကလည်း ဒီအတိုင်းပါပဲ ခင်ဗျာ" ဟု နီကီက အဆုံးသတ်လိုက်သည်။

ထိုသို့ဆို၍ နှစ်ယောက်သား မော့ချလိုက်ကြသည်။ ထို့နောက် ပြန်ထိုင်ကြသည်။

"ဟေ့ - နီကီ၊ မင်းကို ငါ တကယ်ချီးကျူးပါတယ်ကွာ"

"ဘာကွ၊ ဘာချီးကျူးတာလဲကွ"

"မာကျူရီဒုက္ခမှ မင်း ရုန်းထွက်ခဲ့တာလေကွာ"

"အင်း အထင်လိုက်သားပဲ။ တော်ပါကွာ၊ ဒီခွေးမလေး" ဟု နီကီသည် စကားကို အဆုံးမသတ်ဘဲ ထားလိုက်သည်။

"ဟေ့ - ဒီလိုပဲ လုပ်ရမှာပဲကွ။ ဒီလို မင်းမလုပ်ရင် ဟိုလို မင်းဖြစ်မှာပဲ။ ဟိုလိုဖြစ်မှာပဲဆိုတာက အခုလောက်ရှိရင် မင်းဟာ အိမ်ပြန်၊ အလုပ်ကျုံး လုပ်။ ပိုက်ဆံစု။ နောက်ပြီးတော့ သူ့ကို မင်းယူတော့မှာပေါ့ကွ။ မဟုတ်ဘူးလား"

နီကီသည် ပြန်မဖြေ၊ တွေနေသည်။

"သူတို့မျက်နှာတွေကို မင်းလိုက်ကြည့်ပါလား။ အိမ်ထောင့်ရှင်ဆိုပြီး ဘုန်းကြီး နှစ်ပါးသာခွဲနဲ့။ ယောက်ျားဘာဝ တုံးပါလေရောကွာ။ သေပဲ့ ... နေ့မှာ"

"အေးပေါ့ကွာ" ဟု နီကီက တစ်ခွန်း ပြန်ပြောသည်။

"ချစ်ပြီးမှ ခွဲရတယ်ဆိုတာကတော့ အသည်းနာစရာပေါ့ကွ။ ဒါပေမယ့် ချောချောလှလှမြင်ရင် မင်းကျခဲ့ဖူးတာပဲ မဟုတ်လား။ ပြီးတော့ သည်း ပြီးသွားတာပဲ။ ကျစရာတွေရှင် ကျပေါ့။ ဒါပေမဲ့ စိတ်အဆင်းရဲတော့ မခံနဲ့ကွာ"

"အေးပေါ့ကွာ"

"သူ့ကို မင်းယူလိုက်ရင် မင်းဘာဖြစ်မလဲ။ သိရဲ့လား။ သူ့တစ်အိမ်သားလုံးဟာ မင်းလည်ကုပ်ကို ခွစီးတော့မှာပဲ။ သူ့အမေကြီးအကြောင်းကို မင်းအသိသားမဟုတ်လား။ သူ့အမေကြီးကို ယူမိတဲ့ ဟိုငနဲကြီးဟာ အခု ဘာဖြစ်နေပလဲ။ မင်း သိတယ်မဟုတ်လား"

နီကီသည် ခေါင်းညိတ်လိုက်သည်။

"ဒီတော့ မင်းရှောင်ခဲ့တာဟာ အရှာကောင်းပါကွာ။ အခုဆိုရင် မာဂျရီဟာ သူနဲ့ ဝါသနာချင်းလည်းတူ၊ ဉာဉ်ချင်းလည်းတူ၊ အကျင့်ချင်းလည်းတူတဲ့ သူ့လိုအကောင်မျိုးကို သူ ယူတော့မှာပေါ့ကွ။ ဟေ့ နီကီ၊ လောကမှာ ဆီနဲ့ ရေဟာ ရောလို့ရသလားကွ။ မင်းစဉ်းစားကြည့်စမ်းပါ။ အေး ... ဆီနဲ့ရေကမှ ရောလို့ ရချင်ရင် ရဦးမယ်။ မင်းနဲ့ မာဂျရီဟာ ဘယ်တော့မှ ရောလို့ရမှာ မဟုတ်ဘူး။ ကြည့်လေ။ ငါနဲ့ အီဒီ ရောလို့ မရသလိုပေါ့ကွ။ အီဒီဟာ သူနဲ့ ဝါသနာချင်းလည်းတူ၊ ဉာဉ်ချင်းလည်းတူ၊ အကျင့်ချင်းလည်းတူတဲ့ စတာတွန် ဒို အကောင်မျိုးနဲ့ ကျတော့၊ ဟောဗျာ ... ဖြူးနေတာပဲ" ဟု ဗီလီက အားပေးသည်။ သို့ရာတွင် နီကီသည် တစ်ခွန်းတစ်ပါဒမျှ ပြန်မပြော။ ငိုင်နေသည်။ ဗီလီကသည် နီကီကို မနိုင်။ အရှုံးပေးရသည်။ နီကီသည် မီးလင်းဖိုကိုလည်း မမြင်။ ဗီလီ၏ စကားကိုလည်း မကြား။ သူ မြင်နေရ၊ ကြားနေရသူသည်

မာဂျရီသာ ဖြစ်သည်။ မာဂျရီကို သူ အသေအလဲ ချစ်ခဲ့သဖြင့် မာဂျရီနှင့် တွဲခဲ့ရသည်ကို သူ တအောက်မေ့မေ့ ဖြစ်နေသည်။ ထို့နောက် တွဲရာမှ ခွဲရသဖြင့် အသည်းနာနေသည်။ ယခုသော် မာဂျရီကို သူ မတွေ့နိုင်တော့ပြီ။ သူ့အဖို့ လောကကြီးသည် ရေစုန်မျောပြီ။ ဇာတ်သိမ်းပြီ၊ နိဂုံးကမ္ပတ် အခုံး သတ်ပြီ။

ထို့ကြောင့် "သောက်ဦးမယ်ကွာ" ဟု နီကီက တောင်းရာ ဝီလီသည် ငှဲ့ပေးသည်။

"သူငယ်ချင်းရေ၊ မင်းခွာခဲ့တာဟာ အခွာကောင်းပါကွ။ မင်းကသာ စောစောက မခွာခဲ့ဘူးဆိုရင် တို့ အခုလိုနေကြရမှာ မဟုတ်ဘူးကွ" ဟု ဝီလီက ကျားကန်ပေးပြန်သည်။

ဟုတ်ပေသည်။ နီကီသည် မာဂျရီနှင့် နီးနီးကပ်ကပ်နေရအောင် မာဂျရီတို့အရပ်၌ အလုပ်တစ်ခုခုရှာ၍ လုပ်မည်ဟု ကြံထားသည်။ ယခုသော် မယောင်လည်လည်ဖြစ်နေပြီ။

"မတတ်နိုင်တော့ပါဘူး ဝီလီရာ" ဟု နီကီသည် ညည်းလိုက်သည်။

"အေး ... ဒါမျိုးဟာ ဒီလိုဖြစ်ရမှာပဲကွ" ဟု ဝီလီက ဆိုသည်။

"ဘယ်လိုဖြစ်သွားသလဲ မသိတော့ပါဘူးကွာ။ ဖြစ်ချင်တော့လည်း ချက်ချင်းလက်ငင်းပဲကွ။ မုန်တိုင်းကြီး ဝုန်းကနဲကျလာပြီး သစ်ရွက်သစ်ခက်တွေကို အကုန်လုံး သိမ်းကျုံး တိုက်ချလိုက်သလိုပါပဲကွာ"

"ကိုင်း - ပြီးတာလည်း ပြီးခဲ့ပြီပေါ့ကွာ။ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲလို့ ယူလိုက်ပေါ့ကွ"

"ငါ့အပြစ်ပါပဲ ဝီလီရာ"

"ဟေ့ - ဘယ်သူ့အပြစ်ပဲဖြစ်ဖြစ်၊ ဒီစခန်းဆိုက်နေမှတော့ မထူးတော့ဘူးကွ"

"အေး - မင်းပြောတာ ဟုတ်တယ်။ မထူးတော့ဘူးကွ" ဟု နီကီ ပြန်ပြောနိုင်လာသည်။

မာဂျရီကို နီကီ ပြန်မရနိုင်တော့ပြီ၊ လက်လွှတ်လိုက်ရပြီ။ တွေချင်

သေးသည့်တိုင်အောင် မတွေ့နိုင်တော့ပြီ။ ယခင်အခါကသော် နိကီနှင့် မာဂျရီတို့သည် အီတလီနိုင်ငံသို့ ပျော်ပျော်ပါးပါး အလည်အပတ်သွားမည်ဟု စိတ်ကူးထားကြသည်။ ယခုသော် ထိုစိတ်ကူးသည် ရေစုန်မျောပြီ။ ဇာတ်သိမ်းပြီ။ နိဂုံးကမ္ပတ် အဆုံးသတ်ပြီ။

“နိကီရ အကြောင်းဆိုတာဟာ ဖြစ်ချင်ရင် ဘာမပြော ညာမပြော ဖြစ်လာတာပဲကွ။ ပျက်ချင်ရင်လည်း ဘာမပြော ညာမပြော ပျက်သွားတာပဲကွ။ လောကကြီးဟာ ဒါပဲကွ။ ဟော - အခု ပျက်သွားပြီ မဟုတ်လား။ ပျက်သွားလည်း ပြီးတာပေါ့ကွာ။ မင်းတို့နှစ်ယောက် ပူးတွဲ ပူးတွဲ လုပ်နေကြတုန်းက မင်းအတွက် ငါ စိတ်ပူခဲ့တယ်ကွ။ အခုတော့လည်း ပူစရာ မလိုတော့ဘူးပေါ့။ သူ့အမေကြီးဟာ ဘယ်လိုဟာမကြီးမှတ်သလဲ။ ဟော့ - ဟိုတုန်းကဆိုရင် မင်းကို ချည်ပြီးတုပ်ပြီး လုပ်သေးတာကွ။ သူ့အမေကြီးဟာ အရပ်ထဲမှာ တိုးတိုး တိုးတိုးနဲ့ ဘာတွေလျှောက်ပြောထားတယ် မှတ်သလဲ။ မင်း မကြားမိဘူးလား”

“ဟင့်အင်း။ မကြားမိဘူး။ ဘာတွေလဲကွ”

“သူ့သမီးကို မင်းနဲ့ ကြောင်းလမ်းပြီးသားတဲ့။ စေ့စပ်ပြီးသားတဲ့။ ဒီလို လျှောက်ပြောထားတာကွ”

“ဟော့ - ဒါတော့ မဟုတ်ဘူးကွ”

“အေး - မင်းကသာ မဟုတ်တာ။ သူ့အမေကြီးကတော့ ဒီလိုပဲ လျှောက်ပြောတာပဲ”

“သူဟာသူ လျှောက်ပြောတာတော့ ငါ ဘယ်တတ်နိုင်မှာလဲကွ”

“ဒီတုန်းကတော့ မင်းကလည်း မာဂျရီကို ယူမယ်လို့ လုပ်နေတာပဲ မဟုတ်လား”

“အေးလေ၊ ဟုတ်တယ်လေ။ ဒါပေမဲ့ ကြောင်းလမ်းတာတို့၊ စေ့စပ်တာတို့တော့ မလုပ်သေးပါဘူးကွ”

“အိုကွာ၊ ဘာထူးသေးလဲကွ”

“ထူး မထူးတော့ ငါမသိဘူးလေ။ ယူမယ်လို့လုပ်တာဟာ ကြောင်းလမ်းစေ့စပ်တာ ဖြစ်ရကောလားကွ။ မတူသေးပါဘူးကွာ”

"တူတော့ မတူဘူးပေါ့။ ဒါပေမဲ့ ဘာထူးသေးလဲကွ"

"ကိုင်းကွာ၊ မူးလိုက်ကြဦးစို့"

"စိန်လိုက်"

ထိုသို့ဆို၍ ဝီစကီ ငှဲ့ထည့်ကြပြီးလျှင် မော့လိုက်ကြပြန်သည်။

"ဟဲ - မောစရာကြီးပါကွာ။ ဒါပေမဲ့ မတတ်နိုင်ဘူးဟေ့။ မင်းလဲ သူ့အမေကြီးအကြောင်းကို အသိသားပဲ"ဟု နီကီက သက်မကြီးချ၍ ပြော၏။

"အေးပေါ့။ ငါသိတာပေါ့။ ဒီအမယ်ကြီးလား။ စံပါပဲကွာ"

"တော်ပြီကွာ။ ဒါတွေကို ငါ မပြောချင်တော့ဘူးဟေ့"

"တကယ်ဆိုတော့ ဒီအကြောင်းကို ငါကစပြီး ဖော်မိလို့ ဝမ်းနည်းပါတယ်သူငယ်ချင်းရာ။ ကိုင်း - ပြောသင့်သလောက် ပြောပြီးကြပြီ၊ နောက်ထပ် မပြောဘဲနေလိုက်ကြရင် အေးတာပဲ"

"ဟုတ်တယ်။ သူ့ကံ ကိုယ့်ကံဆိုတာဟာ လောကမှာရှိတာပဲ၊ သူ့အလှည့်ရှိရင် ကိုယ့်အလှည့်လည်း ရှိရမှာပေါ့ကွ"

"ဒါပေါ့ကွ။ နေသေးသပဲ့ ချိုထဲက၊ ချိုသွေးသပဲ့ တမြမြပေါ့ကွ"

"အေး - ကောင်းတယ်။ ငါ သဘောပေါက်လာပြီ။ ဒီခွေးမလေး အကြောင်း၊ တော် တန် တိတ်။ ပိတ်လိုက်ပြီဟေ့"

နီကီသည် ထိုသို့ဆို၍ လေးလံနေရာမှ ပေါ့ပါးလာသလိုလို ဖြစ်လာ၏။ လောကကြီး၌ မည်သည့်အရာမျှ ဆုံးပြီဟူ၍ မရှိ၊ ရပ်ပြီဟူ၍ မရှိ၊ တစ်ခဲနမ်းထနိုင်သေးသည်သာ ဖြစ်သည်။ ဆက်နိုင်သေးသည်သာ ဖြစ်သည်။ ယနေ့သည် ကြာသပတေးနေ့၊ နက်ဖြန်သည် သောကြာနေ့၊ သန်ဘက်သည် စနေနေ့၊ စနေနေ့တွင် နီကီသည် မြို့ထဲသို့ ပြန်ဝင်ပြီ၊ မျက်နှာပြနဲပြီ၊ ရှက်စရာ မဟုတ်ဟု သိလာပြီ၊ စိတ်ထားတတ်သူအဖို့မှာ ကယ်ပေါက် ထွက်လမ်း ဟူသည် ရှိမြဲဖြစ်သည်။

"ဟေ့ - ဗီလီ ထ။ ဝက်ပစ်ထွက်မယ်ကွာ"ဟု နီကီက ခေါ်၏။

"နိပ်ဟ"

ဗီလီသည် နံရံ၌ ချိတ်ထားသော ငှက်ပစ်သေနတ်နှစ်လက်ကို ထ၍ ဖြုတ်သည်။ ထို့နောက် ယမ်းတောင့်သေတ္တာကို ဖွင့်သည်။ နီကီသည် ထ၍ မိုးကာအင်္ကျီဝတ်သည်။ ချွတ်ထားသော ဖိနပ်ကိုဆွဲ၍ ပြန်စီးသည်။ အမူးကား မပြေသေး။ သို့ရာတွင် စိတ်ထဲ၌ ပြတ်သားကြည်လင်နေပြီ။

"ဟေ့ - ဗီလီ။ မင်း မူးနေသေးသလား"

"ဟာ။ အခုမှ နေလို့ကောင်း။ သွားလို့ကောင်း။ သေနတ်ပစ်လို့ ကောင်း။ စံပါပဲကွာ"ဟု ဆိုကာ ဗီလီသည် ဆွယ်တာအင်္ကျီဝတ်၍ ကြယ်သီး တပ်သည်။

"အခန်းထဲမှာအောင်းပြီး အရက်မူးနေလို့ ဘာထူးမှာလဲကွ"ဟု နီကီက ဆိုရာ ...

"ဟုတ်လိုက်လေ သူငယ်ချင်း။ ခန်းအောင်း ရက်မူး ဘာထူးမှာလဲ။ စံပါပဲကွာ။ ထွက်မယ်ဟေ့၊ ထွက်မယ်"

နီကီနှင့် ဗီလီတို့သည် သေနတ်ကိုယ်စီကိုင်၍ အပြင်သို့ ထွက်လိုက် ကြသည်။ အပြင်ဘက်တွင် မုန်တိုင်းသည် တိုက်ဆဲပင်ဖြစ်သည်။

"ဒီလောက် လေပြင်းရင် ငှက်တွေတော့ ကိုင်းတောထဲမှာ ဝပ်နေကြ မှာပဲကွ" ဟု နီကီက ဆို၏။

ထိုသို့ဆို၍ ပန်းသီးခြံဆီသို့ နှစ်ယောက်သား ဆင်းကြသည်။

"မနက်တုန်းက တောကြက်တစ်ကောင်ကို ဒီနားမှာ ငါမြင်လိုက် တယ်ကွ"ဟု ဗီလီက ဆို၏။

"ဒီလိုဆို ဒီအကောင် ဒီနားမှာ ရစ်သီ ရစ်သီ လုပ်နေဦးမှာပဲ။ ဘာကွာ"

အပြင်ဘက်တွင် မာဂျရီအရေးသည် အရေး မဟုတ်တော့ပြီ။ ဆွေးစရာ မဟုတ်တော့ပြီ။ မုန်တိုင်းက တိုက်ထုတ်လိုက်ပြီ။ အတန်ကြာ သော် သေနတ်သံတစ်ချက် ကြားလိုက်၏။

"ဟော - အဖေ့သေနတ်သံပဲ။ အင်းထဲကလာတဲ့ အသံကွ"

"ဒါဖြစ်ရင် တောတန်းကိုဖြတ်ပြီး အင်းထဲ ဆင်းကြရအောင်"

"နေဦးကွ။ ဟိုတောကြက်ကို တွေ့လိုတွေ့ငြား ကိုင်းတောဘက်က လှည့်ပြီး ဆင်းကြရအောင်"

"အေး - အကောင်းသားပဲ။ ဆင်းကွာ"

ယခုအခါတွင် မည်သည့်အရေးမျှ အရေးမဟုတ်တော့ပြီ။ မုန်တိုင်းက တိုက်ထုတ်လိုက်ပြီ။ နီကီသည် လာမည့်စနေနေ့တွင် မြို့ထဲသို့ ပြန်ရုံပြီ။ မျက်နှာပြရုံပြီ။ ရက်စရာမဟုတ်ဟု သိလာပြီ။ အားတင်းနိုင်ခြင်းရှိလျှင် ကောင်းသည်ချည်းပင်။

❑

**ထေမန်သုံးသပ်ချက်**

'သုံးရက်ဆက် မုန်တိုင်းငယ်' ဝတ္ထုတိုကို The Three-Day Blow မှ ပြန်မာပြန်သည်။ ထိုဝတ္ထုတိုသည် ဟဲမင်းဝေး အသက် ၂၅ နှစ် အရွယ်က ရေးသော ဝတ္ထုတိုဖြစ်သည်ဟု ဆိုသည်။ ထိုဝတ္ထုတိုတွင် ဟဲမင်းဝေး၏ အမိကအာဘော်နှင့် အမိက စကားပြေရေးဟန်တို့ ပီပြင်ပါသည် ဟု ဆိုပါသည်။ ဟဲမင်းဝေး၏ အမိက အာဘော်ဆိုသည်မှာ မတော်မတရား အပြုခံရသော လူ့ဘဝနှင့်ယှဉ်တွင် ရှုံးခဲ့စေကာမူ အနိုင်မခံလိုသော ဇွဲသတ္တိကို လည်းကောင်း။ မိမိကိုယ် မိမိ အောင်မြင်ခြင်း အတွက်ဟုယ သဘောကိုလည်းကောင်း ဆိုလိုသည်။ ဟဲမင်းဝေး၏ အမိက စကားပြေရေးဟန်ဆိုသည်မှာ သွက်သွက် လက်လက် ဒေါ်မာန်ပါပါ ရေးတတ်ခြင်းကို ဆိုလိုသည်။ ထိုဝတ္ထုတိုတွင် အချစ်စစ်ပွဲ၌ ရှုံးနိမ့်ခဲ့ကြသော ရည်းစားပျက်ဟောင်း လူငယ်နှင့် ရည်းစားပျက်သစ် လူငယ်နှစ်ဦးသည် အရှုံးပေးခဲ့ကြရစေကာမူ မိမိတို့ကိုယ်ကို ဖျော့ပါမသွားအောင် အားတင်းတတ်ကြသည်ကို တွေ့နိုင်သည်။ ရည်းစားပျက် အဆွေးကိုလည်းကောင်း။ ရည်းစားပျက် အရှက်ကိုလည်းကောင်း ဖျောက်ဖျက်ရန် လူငယ်တို့ဘာဝ ရန်းကန် အားတင်း၍ လူငယ်တို့ဘာဝ အဖြေတွေ့သွားပုံကို လူငယ်နှစ်ဦး၏ ကိုယ်နှုတ်နလုံး၊ အမူအရာတို့၌ ဟဲမင်းဝေးက အနုစိတ် ပြခဲ့သည်။ ပြရာ၌ သွက်လက်သော ရေးဟန်ဖြင့် ကဗျာထိကာမျှသာ ပြသည်။ သို့ရာတွင် အာနိသင် အပြည့်ပါသည်ဟု ထင်မြင်ချင်သည်။

❑

# ဇာတ်ထားက လူအို*

ထင်လင်း

ဖုန်အလိမ်းလိမ်းကပ်သော အဝတ်များဖြင့် ငွေကိုင်းမျက်မှန်တပ် လူအိုတစ်ယောက် လမ်းဘေး၌ ထိုင်နေ၏။ မြစ်ကိုဖြတ်၍ ဆောက်ထားသော ဘောဇာတ်တားဖြင့် လှည်းများ၊ ပက်လက်ကားများသည်လည်းကောင်း၊ ကလေးများသည်လည်းကောင်း၊ တစ်ဖက်ကမ်းသို့ ကူးသွားလျက်ရှိကြ၏။ မြင်းဆွဲသည့်လှည်းများသည် မတ်စောက်သော ကမ်းပါးတက်လမ်းတွင် မနိုင့်တနိုင် ရုန်းတက်လျက်ရှိရာ စစ်သားများက လှည်းဒေါက်များကို တွန်းကူ၍ တင်ပေးလျက်ရှိကြသည်။ ပက်လက်ကားများသည် တဒီးဒီး ခုတ်မောင်း၍ တက်ကာ ဤနေရာမှ ဝေးရာလွတ်ရာဆီသို့ ဦးတည်မြေးလျက်ရှိကြသည်။ တောသူတောင်သားတို့သည် ခြေချင်းဝတ်အထိ မြုပ်သော ဖုန်ထဲ၌ တစ်လှမ်းချင်း တရွေ့ရွေ့ သွားလျက်ရှိကြ၏။ သို့ရာတွင် အဖိုးအိုကား မလှုပ်မယှက် ထိုင်လျက်ရှိလေသည်။ သူမှာ မောပန်းလွန်း၍ ခရီးမဆက်နိုင်။

ကျွန်ုပ်၏ အလုပ်တာဝန်ကား ဇာတ်တားကိုဖြတ်ကူး၍ ဇာတ်တားထိပ် ကမ်းတက်အလွန်ဘက်သို့သွားကာ ရန်သူ မည်သည့်နေရာသို့ ရောက်လာပြီကို ထောက်လှမ်းဖို့ဖြစ်သည်။

---

* စာပေလုပ်သား

ကျွန်ုပ် အလုပ်ပြီးခဲ့၍ တံတားပေါ်မှ ဖြတ်ပြန်ခဲ့သည်။ လူည်း များစွာ မရှိတော့။ ခြေကျင်သွားနေသူလည်း နည်းသွားပြီ။ သို့သော် အဘိုးအိုကား ထိုနေရာ၌ပင် ရှိနေပေသေး၏။

ကျွန်ုပ်က သူ့အား "အဘိုး၊ ဘယ်ရွာကလဲ"ဟုမေးလျှင် သူက "စန်ကာလိုက"ဟု ဖြေသည်။ စန်ကာလိုမှာ သူ့ဇာတိဖြစ်၍ ထိုအမည်ကို ပြောပြရခြင်း၌ နှစ်ခြိုက်သည်။ သို့နှင့် သူ ပြုံးပြသည်။

"ကျုပ် သတ္တဝါကလေးတွေကို စောင့်ရှောက်နေတာပါကွယ်"ဟု သည်း ပြောပြနေသည်။

ကျွန်ုပ်က ကောင်းစွာ နားမလည်သလို "ဪ"ဟုသာ ဆိုလိုက်သည်။

သူက "ဟုတ်တယ်၊ ကျုပ်က သတ္တဝါကလေးတွေကို စောင့်ရှောက်ပြီး နေခဲ့တာ။ စန်ကာလိုက ထွက်ခဲ့တာ ကျုပ် နောက်ဆုံးပဲ"ဟု ပြောပါသည်။

သူ့အသွင်အပြင်မှာ သိုးထိန်းနှင့်လည်း မတူ၊ နွားကျောင်းသူနှင့်လည်း မတူ၊ သို့နှင့် ကျွန်ုပ်က သူ၏ ဖုန်ထူလှသော အဝတ်မည်းများကိုလည်းကောင်း၊ ဖုန်အလိမ်းလိမ်းကပ်သော ခပ်မွဲမွဲ သူ့မျက်နှာကိုလည်းကောင်း၊ သူ၏ မျက်မှန်ကိုင်းမျက်မှန်ကိုလည်းကောင်း ကြည့်ရင်း "ဘာသတ္တဝါကလေးတွေလဲ" ဟု မေးလိုက်သည်။

သူက "အမျိုးစုံပဲ"ဟုဖြေကာ ခေါင်းယမ်းလိုက်ပြီး "အခုတော့ သူတို့ကို ပစ်ထားခဲ့ရပြီ"ဟု ဆိုသည်။

ကျွန်ုပ်လည်း တံတားထိပ်ဘက်ဆီမှ အီဗရိုမြစ်ဝဒေသ၏ အာဖရိကဆိုက်နှင့်ဆင်သော ရှုခင်းမြင်ကွင်းဆီသို့ စောင့်ကြည့်ရင်းက ရန်သူရောက်လာရန် အချိန် မည်မျှကြာဦးမည်ကို ခန့်မှန်းကာ ရန်သူနှင့် တွေ့ဆုံခြင်းဟု ခေါ်ကြသည့် လျှို့ဝှက်ဆန်းကြယ်လှသည့်အဖြစ်ကို အချက်ပေးသော အသံများကို တစ်ချိန်လုံး နားစွင့်ရလျက်ရှိသည်။ အဘိုးအိုကား ထိုနေရာ၌ပင် ထိုင်လျက်ရှိ၏။

ကျွန်ုပ်က "ဘာသတ္တဝါတွေလဲ"ဟု မေးသည်။

သူက "သတ္တဝါသုံးမျိုးပါ။ ဆိတ်က နှစ်ကောင်၊ ကြောင်က တစ်ကောင် နဲ့က လေးစုံ"ဟု ရှင်းလင်းပြောပြသည်။

"ဒါတွေကို ပစ်ထားခဲ့ရတယ်၊ ဟုတ်လား"

"ဟုတ်တယ်၊ အမြောက်တပ်ကြီးလာမှာမို့။ ဗိုလ်ကြီးက အမြောက် တပ်ကြီးလာပြီ ထွက် ထွက် ဆိုလို့"

ကျွန်ုပ်က "အဘိုးမှာ သွေးရင်းသားရင်းတွေ မရှိဘူးလား"ဟု နောက်ဆုံးကျန်ရစ်သည့် လှည်း တစ်စီး နှစ်စီး အပြေးအလွှား ဆင်းလာရာ တစ်ဖက် ကမ်းပါးစောင်းဆီသို့ လှမ်းကြည့်ရင်းက မေးလိုက်သည်။

သူက "မရှိဘူး။ အခု ကျုပ်ပြောတဲ့ သတ္တဝါကလေးတွေပဲ ရှိတယ်။ ကြောင်ကတော့ ကိစ္စမရှိတန်ပါဘူးလေ။ ကြောင်ဆိုတာကတော့ ကိုယ့်ကိုယ် ကိုယ် ဘေးလွတ်အောင် ကြည့်ရှောင်တတ်ပါရဲ့။ ဒါပေမဲ့ တခြားအကောင် တွေ ဘာဖြစ်မယ်ဆိုတာ မတွေးတတ်ဘူး"ဟု ဆိုပါသည်။

"အဘိုး ဘာဝါဒသမားလဲ"

"ကျုပ်မှာ ဘာဝါဒမှ မရှိပါဘူး။ ကျုပ် အခု အသက် ခုနစ်ဆယ့်ခြောက် နှစ် ရှိပြီ။ ဆယ့်နှစ် ကီလိုမီတာ လျှောက်ခဲ့ပြီ၊ ဆက်သွားနိုင်တော့မယ် မထင်ဘူး"

"ဒီနေရာက နားဖို့ကောင်းတဲ့နေရာမဟုတ်ဘူး အဘိုး။ ရောက်နိုင် မယ်ဆိုရင် တော်တိုဆာဘက် ခွဲတဲ့ လမ်းဆုံကျတော့ ပက်လက်ကားတွေ ပြေးနေတာရှိတယ်"ဟု ကျွန်ုပ်က ပြောပြသည်။

သူက "ကျုပ် ခဏနေဦးမယ်။ ပြီးရင် သွားပါ့မယ်"ဟု ဆိုကာ "ပက်လက်ကားတွေက ဘယ်ကိုရောက်သလဲ"ဟု မေးလိုက်သည်။

ကျွန်ုပ်က "ဘာစီလိုနာဘက်ကိုပေါ့"ဟု ပြောပါသည်။

သူက "အဲဒီဘက်ဆီမှာတော့ ကျုပ်သိတာ တစ်ယောက်မှမရှိဘူး။ ဒါပေမဲ့ ကျေးဇူးအများကြီး တင်ပါတယ်ကွယ်။ မင့်ကို ကျေးဇူးအထူးတင် ပါတယ်"ဟု ပြောပါသည်။

သူသည် ပင်ပန်းနွမ်းနယ်နေသည့် အသွင်အပြင်ဖြင့် ကျွန်ုပ်အား

ဘာမျှ နားမလည်သလို ကြည့်နေ၏။ ထို့နောက် သူ၏ သောကကို တစ်စုံ
တစ်ယောက်အား ပြောမပြဘဲ မနေနိုင်သဖြင့် "ကြောင်ကတော့ ကိစ္စမရှိဘူး
ဆိုတာ သေချာပါတယ်။ ကြောင်အတွက်ကတော့ စိတ်သောကဖြစ်စရာ
မရှိဘူး။ ဒါပေမဲ့ တခြားအကောင်တွေ၊ ကဲ - တခြားအကောင်တွေ ဘယ်လို
များ ဖြစ်မယ်ထင်သလဲ ဟင်"ဟု မေးပြန်ပါသည်။

"ဟာ လွတ်မှာပါပဲ အဘိုးရဲ့"

"လွတ်မယ်ထင်သလားကွယ်"

ကျွန်ုပ်က လူညီးများမရှိတော့ပြီဖြစ်သော တစ်ဖက်ကမ်းဆီသို့
လှမ်းမျှော်ကြည့်ရင်း "ဘာဖြစ်လို့ မလွတ်ရမှာလဲ"ဟု ဖြေပါသည်။

"ဒါပေမဲ့ အမြောက်တပ်လာပြီ၊ ထွက် ထွက်လို့ ကျုပ်ကို နှင်ထား
ဘာပဲ။ အမြောက်တပ်ကြီးလာရင် သူတို့ကော ဘယ်လိုနေမလဲ"

ကျွန်ုပ်က "ခိုအိမ်တွေကို ဖွင့်ထားခဲ့တယ် မဟုတ်လား"ဟု မေးလိုက်
သည်။

"အင်း"

"ဒါဖြင့် သူတို့ ပျံထွက်သွားမှာပေါ့"

သူက "အေး ဟုတ်တာပေါ့။ သူတို့ ပျံထွက်သွားမှာပဲပေါ့။ ဒါပေမဲ့
တခြားအကောင်တွေကော။ တခြားအကောင်တွေ အကြောင်းတော့ မစဉ်း
စားတာဘဲ ကောင်းပါလိမ့်မယ်ကွာ"ဟု ဆိုပြန်ပါသည်။

ကျွန်ုပ်က "အဘိုး အမောပြေရင် ကျွန်တော်သွားချင်ပြီ။ ထလျှောက်
ကြည့်ပါဦး"ဟု တိုက်တွန်းရသည်။

သူက "ကျေးဇူးတင်ပါတယ်ကွယ်"ဟု ဆိုကာ ထိုင်ရာမှ အားယူ၍
ထသော်လည်း ယိုင်ယိမ်းသည်ပိုင်နှင့် ဖုန်ထဲတွင်ပင် ဖင်ထိုင်လျက် ပြန်ကျ
သွားသည်။

"ကျုပ်က သတ္တဝါကလေးတွေကို စောင့်ရှောက်နေတာပါကွယ်"ဟု
သေးလေးတွဲ့တွဲ့ ပြောနေပြန်သည်။ သို့ရာတွင် ကျွန်ုပ်အား ပြောပြနေခြင်း
ကား မဟုတ်တော့။

"သတ္တဝါကလေးတွေကို စောင့်ရှောက်နေတာ"

သူ့အတွက် ဘယ်သူမှ ဘာမှ မတတ်နိုင်။ ထိုနေ့က အီစတာပွဲတော် အကြိုနေ့ဖြစ်သည်။ ဖက်ဆစ်တပ်များသည် အီဗရိုမြစ်ဆီသို့ ချီလာလျက် ရှိသည်။ တိမ်များ နိမ့်လျက် တစ်မိုးလုံး အုံ့ဆိုင်းလျက်ရှိသောနေ့ဖြစ်၍ သူတို့၏ တိုက်လေယာဉ်များ တက်မလာ။ ဤသို့ တက်မလာခြင်းနှင့် ကြောင်များသည် မိမိတို့ဘာသာ ဘေးလွတ်ရာကို ရှောင်နေတတ်ခြင်းသည်သာ အဘိုးအိုအတွက် ကံကောင်းသည်ဟု ဆိုစရာ ရှိတော့သည်။

(Earnest Hemingways's Old Man At the Bridge ကို ပြန်ဆိုသည်။)

❑

**ဝေဖန်သုံးသပ်ချက်**

ဤဝတ္ထုတွင် မည်ကဲ့သို့သော ထူးခြားချက် ရှိပါသနည်းဟု မေးဖွယ် ရှိပါသည်။ ‘ဝတ္ထု’ဟူသော စာပေအဖွဲ့မျိုးတွင် ပါဝင်နေကျ ‘ထူးခြားသော ဖြစ်ရပ်’ဟူ၍လည်း မရှိ၊ ဖိုမတို့၏ အချစ်အခင်နှင့် စပ်သည့် အကြောင်းအရာ များလည်း မပါ။ စိတ်ဝင်စားဖွယ် စွန့်စားခန်းမျိုးလည်း မဟုတ်။ သာမန် ခဏကာလမြင်ကွင်းတစ်ခုသာဖြစ်၍ ‘ဝတ္ထု’ဟု ခေါ် ဖို့ပင် ခက်သည်။

သို့ရာတွင် ဤဝတ္ထုတို၌ အုပ်တွဲပေါင်းများစွာဖြင့် ဖွဲ့ဆိုအပ်သည့် သူတို့၏ ဖြစ်ရပ်ဇာတ်ကြောင်း သဘာဝ ဝတ္ထုတစ်ပုဒ်တွင် ပါဝင်လေ့ရှိသည့် အကြောင်းခြင်းရာအားလုံး ပါဝင်လောက်အောင် ပြည့်စုံသည်ဟု ဆိုကြ သည်။ အမှတ်မဲ့ကြည့်သော် ထိုအဆိုကို ဆိုလွန်းသည်ဟု ထင်ရ၏။

ဟဲမင်းဝေး၏ စာများ (အထူးသဖြင့် ဝတ္ထုတိုများ) ကို ဝေဖန်သူ ဆရာများက ဟဲမင်းဝေးသည် စာအရေးအသား ကျစ်လျစ်သိပ်သည်း၍ စကားလုံးများကို အပိုအလိုမရှိ ကွက်တိဝင်အောင် သုံးတတ်ရုံမက သူ တင်ပြသည့် ဖြစ်ရပ်ဇာတ်ကြောင်းတို့မှာ မည်သည့်အမြင်မျိုးနှင့်ကြည့်ကြည့် သဘောသဘာဝ တိကျမှန်ကန်သည်ဖြစ်၍ အဓိပ္ပာယ်တစ်မျိုးမက၊ နှစ်မျိုး မက ကောက်ယူလို့ရသည်။ မည်သူကြည့်ကြည့် ကြည့်သူ၏အရိပ် ပုံမှန်ထင် ဟသော ကြေးမုံပြင်ကဲ့သို့ ဖြစ်သည်ဟုလည်း ဆိုကြသည်။ ဤသို့ ပုံမှန် ရောင် ပြန်ဟပ်နိုင်ခြင်း။ သဘောသဘာဝ တိကျ မှန်ကန်ခြင်းသည်ပင်လျှင် ဟဲမင်းဝေးစာစု၏ အနက်အရှိုင်းပင် ဖြစ်သည်ဟု ယူရပေမည်။

ဤဝတ္ထုတိုတွင် လူ၏ဖြစ်ရပ်ဇာတ်ကြောင်းကို တင်ပြထားသည်။ လူ၏ဘဝကို စစ်ကာလဖြင့် တင်စားထားသည်။ စစ်ကာလသည် လူတို့၏ မတည်ငြိမ်သော အစိုးမရသော အန္တရာယ်များသော ဆင်းရဲသော အဖြစ်ကို ထင်ရှားစေသည်ဖြစ်၍ ဤဝတ္ထုတို၏ နောက်ခံကားကို စစ်ကာလ ရှုခင်းမြင်ကွင်းဖြင့် ပုံဖော်ထားသည်။ ဒုတိယကမ္ဘာစစ်။

“အမြောက်တပ်ကြီးလာပြီ ထွက်ကြ ပြေးကြ” ဟု စစ်ဗိုလ်က ‘နှင်’ သည်။ ဘယ်သူမျှ မနေသာ။ ထွက်ကြ သွားကြရမည်။ မိမိတို့ ဇာတိရပ်ရွာကို စွန့်ခွာကြရသည်။ မည်သည့်လူမျိုး။ မည်သည့်ဘာသာတရားကမဆို လူတို့၏ ရုပ်ဝတ္ထု (ခန္ဓာ)ဖွဲ့စည်းမှုသည် မဟာဘုတ်ကြီးလေးပါးဖြစ်သည်။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော။ ဓာတ်ကြီးလေးပါးတို့ အညီအညွတ် ဖွဲ့စည်းအပ်သော ရုပ်ခန္ဓာတို့တွင် ဤဓာတ်ကြီးများ မညီမညွတ် မမျှမတ ဖြစ်လာသောအခါ ပြင်းထန်သော ဖောက်ပြန်မှုကြီးများ ဖြစ်တတ်သည်။ ပထဝီဓာတ် ဖောက်ပြန် ပျက်စီးသောအခါ မြေပြိုသည်နှင့် နှိုင်းသည်။ တေဇောဓာတ် လွန်ကဲသောအခါ မီးအကြီးအကျယ် လောင်သည်နှင့် နှိုင်းသည်။ ထိုနည်းတူစွာ အာပေါဓာတ်ဖောက်ပြန်သော် ရေဘေး။ ဝါယောဓာတ်ဖောက်ပြန်သော် လေဘေးတို့နှင့် ပမာပြု၍ ပြောဆိုလေ့ရှိကြသည်။ ဤသို့ ပြင်းထန်စွာ ဖောက်ပြန်တတ်သော ဓာတ်သဘာဝကြီးများဖြင့် ဖွဲ့စည်းအပ်သော ခန္ဓာသည် ဖြစ်လာသည့် ‘ဇာတိ’ ကာလမှစ၍ ရပ်နေ နားနေရန် အခွင့်မရ။ တသွင်သွင် တလှုပ်လှုပ် ကြီးရင့်၍သာ နေသည်။ ဇရာသဘော။ ကိုယ့်ဇာတိ မြို့ရွာတွင် နေချင်လို့လည်း မနေရ။ အမြောက်တပ်ကြီးပမာ ပြင်းထန်စွာ ပေါက်ကွဲ ဖောက်ပြန်တတ်သော ဤဓာတ်လေးပါး အစုအဝေးက စစ်မိန့်ဖြင့် အတင်းနှင်သလို မောင်းနှင်သောကြောင့် တရွေ့ရွေ့ တရိပ်ရိပ် ကြီးပြင်း၊ အိုမင်းလာရပုံကို စစ်ဗိုလ်က နှင်၍ အဘိုးအို သူ့ဇာတိ ‘စန်ကာလို’ မှ ထွက်ခွာခဲ့ရသည့် အဖြစ်ဖြင့် တင်စား ထင်ဟပ်ထားသည်။

တံတားက အဘိုးအိုသည် မနေသာ၍ မိမိဇာတိမြို့ရွာမှ ထွက်လာခဲ့ရသည့်တိုင်အောင် သူ့စိတ်ကတော့ မဖြောင့်။ သူ စောင့်ရှောက်နေရသည်

ဆိုသော သတ္တဝါကလေးများအတွက် နောက်ဆုံးတစ်ပင် တင်းရလျက်ရှိသည်။ လူတို့၏ ဖြစ်ရပ်ကလည်း ဤနည်းနှင်နှင် ဖြစ်သည်။ လူတို့သည် မယားအတွက်၊ လင်အတွက်၊ သားအတွက်၊ သမီးအတွက်၊ မြေးအတွက် ပူပန်ရှာသာ နေရသည်။ ‘ငါ မရှိရင် သင်းတို့ ခက်ချေတော့မည်’ဟု အထင်ရောက်ကာ သေခါနီးကာလအထိ ဤပူပန်ကြောင့်ကြမှုက မငြိမ်းတတ်။ ဤပူပန်ကြောင့်ကြမှု မျိုးကို ငြိမ်းအေးအောင် ဘယ်သူကမျှ ဘာမျှ လုပ်မပေးနိုင်၊ မပူပါနဲ့ဆိုလေ ပူလေ ဖြစ်တတ်သည်မှာ လူ့ဓမ္မတာ။

တံတားထိပ်က အဘိုးအိုသည် ‘လူ’ပင်ဖြစ်သည်။ ‘လူ’တို့သည် ဤအဘိုးအိုကဲ့သို့ပင် သောကကိုယ်စီ ရှိတတ်ကြသည်။ သေပေါက်သေတွင်းရောက်လာသည်အထိ၊ တံတားထိပ်သို့ ရောက်သည်အထိ ဤသောကများက ပါလာတတ်သည်။

ကြောင်အတွက် မပူရဘူးဆိုသော် နို့အတွက် ပူမည်။ နို့အတွက် သောကအေးပြန်သော် ဆိတ်အတွက် ပူရပြန်သည်။ မယားအတွက် မပူရသော် သားသမီးအတွက် ပူသည်။ သားသမီးအတွက် မပူရသော် မြေးအတွက်။

‘လူ’တို့၏ နောက်ပြဿနာတစ်ခုမှာ ဘယ်သွားရမှန်း မသိခြင်းပင်ဖြစ်သည်။ ဘာသာတရားများက ဤဘဝမှ သေလွန်သော် ဘယ်ဘုံ ဘယ်ဘဝသို့ ရောက်မည်ကို ဟောဆို ညွှန်ပြတတ်ကြသော်လည်း ‘လူ’က ဘကယ် မယုံကြည်တတ်။ ဘာမျှမဖြစ်သည့်အခါတွင် ဤသို့သော ဟောဆိုညွှန်ပြမှုများကို သိမ်မွေ့သောနလုံးဖြင့် လက်ခံယုံကြည်ထားနိုင်ကြသော်လည်း၊ သေမင်းနှင့် တကယ် ရင်ဆိုင်တွေ့ရသောအခါ ဤသွန်သင်ညွှန်ပြမှုများသည် တကယ် အားကိုးလောက်အောင် မဟုတ်ကြောင်းကို တွေ့ကြရတတ်သည်။

တံတားလွန်သော် ‘တော်တိုဆာ’လမ်းခွဲ၌ မြို့တော် ဘာစီလိုနာဆီသို့ သွားသော ကားကြီးများရှိသည် ဆိုသော်လည်း၊ နီဗွာန်၊ နတ်ပြည်၊ ဗြဟ္မာပြည်၊ ကောင်းကင်ဘုံတို့ကို တကယ်က လူသာမန်တို့ အာရုံမပြုတတ်။ အသိ

မိတ်ဆွေမျှ မရှိသော အရပ်တို့သို့ မည်သူမျှ မသွားချင်။ မသွားဝံ့။ (စွန့်စား တတ်သောစိတ်သည် လူ၏ ဗီဇစိတ်မဟုတ်)။ အပယ်လေးဘုံသာ ကိုယ့်အိမ် ကိုယ့်ယာ ဖြစ်တော့သည် ဆိုသကဲ့သို့ ကိုယ်နေနေကျ နေရာဆီသို့သာ အကြောင်းအမျိုးမျိုးရှာကာ လွမ်းတတ်ကြပေသည်။

သေခြင်းတရားသည် အရွယ်ရွေးသည်မဟုတ်။ လူကြီး၊ လူငယ်၊ ယောက်ျား၊ မိန်းမဟူ၍ မခွဲခြား။ အားလုံး ဤတံတားကို ဖြတ်ကြရသည်။ စစ်ကာလတို့၌ အသေအပျောက် ပို၍ များပြားသည်။ စစ်သားတို့သည် ဤမြစ်ကို ဖြတ်ကူးကြသူတို့၏ လှည်းဘီးခေါက်များကို ကူတွန်း၍ ပို့ပေးလျက် ရှိကြသည်။

'စန်ကာလို' တည်းဟူသော 'ဇာတိ'မှ အမြောက်တပ်ကြီးမဟာ ပြင်းထန်သော ပေါက်ကွဲ ဖောက်ပြန်မှုများကို ဖြစ်စေသည့် 'ဓာတ်ကြီးလေးပါး' သဘောကြောင့် 'က်ဆရာကြီး'ဟု ခေါ်ဆိုကြသော စစ်ဗိုလ်က စစ်မိန့်ဖြင့် 'နှင်'သည်တွင် မထွက်ချင်ဘဲ ထွက်ခွာလာခဲ့ရသည့် 'ဇရာ' အဘိုးအိုသည် မောပန်းနွမ်းနယ်သော (နာသော) ဗျာဓိကာလ၌ 'မရဏ'တည်းဟူသော 'အီဗရို' မြစ်ကူးတံတားဆီသို့ ရောက်လာ၏။

သူ့အတွက် ဘယ်သူက ဘာတတ်နိုင်သနည်း။ ဘယ်သူ့အတွက်ကော ဘယ်သူက ဘာတတ်နိုင်မည်နည်း။

သတ္တဝါတစ်ခု က်တစ်ခု။ သတ္တဝါတစ်ခုက အခြားတစ်ခုအတွက် ဘာမျှ လုပ်မပေးနိုင်။ အဘိုးအိုသည် သူစောင့်ရှောက်ခဲ့သည်ဆိုသော 'သတ္တဝါ' ကလေးများအတွက် ဘာမျှ မတတ်နိုင်သလိုပင် တံတား၌ တာဝန်ကျသော စစ်သားကလည်း အဘိုးအိုအတွက် ဘာမျှမတတ်နိုင်။ သူမှာလည်း သူ့အလုပ်နှင့် သူ၊ သူ့ကိစ္စနှင့် သူ၊ သူ့သောကနှင့် သူ၊ တံတားဦးအလွန် နယ်မြေဆီသို့ ရန်သူရောက်လာမည့်အချိန်ကို ခန့်မှန်းရလျက်၊ အဘိုးအို အားလည်း ကြုံ၍သာ စကားပြောနေရသည်။ တကယ်က အဘိုးအိုအတွက် သူ ဘာမျှ လုပ်မပေးနိုင်။

ဟဲမင်းဝေးသုံးသည့် သင်္ကေတများမှာ အလွန် ပီပီသသရှိ၍

မည်သည့်ရှုထောင့်မှမဆို အနက်အဓိပ္ပာယ် ထင်မြင်လွယ်သည်ဟုလည်း ဆိုကြသည်။

အဘိုးအိုရဲ့ အသွင်အပြင်ကို ကြည့်ပါဦး။

ငွေကိုင်းမျက်မှန် တပ်ထားသည်။ ငွေကိုင်းမျက်မှန်သည် 'အမြင်မသန့်'သော သူတို့၏ အသုံးအဆောင်ဖြစ်သည်။ ဤအဘိုးအိုသည် အမြင်သန့်သောသူမျိုး မဟုတ်။ သူ၏ အဝတ်နက်နှင့် မျက်နှာပေါ်တွင် ဖုန်အလိမ်းလိမ်း တင်လျက်ရှိ၏။ တစ်ဆယ့်နှစ် ကီလိုမီတာမျှလောက် လာခဲ့ရာတွင် သူမှာ မောပန်းရုံရွှမ်းနယ်ရုံ၊ အဝတ်ပေါ်၊ မျက်နှာပေါ်တွင် ဖုန်တင်ရုံသာ ရှိသည်။ He has collected nothing but dust. ဆိုသည်ကို ဖော်ပြသည်။

သူက သူ့ကိုယ်သူ 'သတ္တဝါကလေးများကို စောင့်ရှောက်နေသည်' ဟုသာ ဆိုသည်။ သူ့ကို ကြည့်ရသည်မှာတော့ သတ္တဝါများကို စောင့်ရှောက်ကယ်မတတ်သော ဘုရားသခင် အစရှိသော သူတော်စင် 'သိုးထိန်း'၊ 'နွားကျောင်း'တို့၏ အသွင်အပြင်မရှိ။ တကယ်က သူသည် လူသာမန်တစ်ယောက်မျှသာ ဖြစ်သည်။ ဤဝတ္ထုမှာ လူသာမန်တို့၏အကြောင်း ဖြစ်သည်။

'ဒီနေရာဟာ နားဖို့ကောင်းတဲ့နေရာ မဟုတ်ဘူး'ဟု စစ်သားက ဆိုသည်။ မှန်ပါသည်။ လူ့ဘုံသည် နားနေချင်စရာ သာယာသည့်ဘုံ မဟုတ်။ ဘာသာရေး သွန်သင်ညွှန်ပြမှုများက လူ့ဘုံကို နားနေစရာ ဘုံကောင်းဟု မသတ်မှတ်။ ဘေးအန္တရာယ် ကင်းရှင်းသည်လည်း မဟုတ်။ ဘဝဆိုသည်မှာ ဖြစ်လာမှတော့ နားနေချင်လို့လည်း ရသည်မဟုတ်။ တရစပ် သွားရှသာနေရသည်။ အတည်အမြဲလည်း မရှိ။ ဆင်းရဲ၏။ အစိုးမရ၊ မြေကလည်း ပြတတ်၏။ မီးလည်း လောင်တတ်၏။ ရေလည်း ကြီးတတ်၏။ လေမုန်တိုင်းလည်း မွှေတတ်သည်။ အန္တရာယ်များလှချေ၏။

'လူသာမန်တို့သည် အမြင်မသန့်ကြချေ။'

'အဲဒီဘက်ဆိုမှာတော့ ကျုပ်သိတာ တစ်ယောက်မှ မရှိဘူး'

အဘိုးအိုသည် ကောင်းကင်ဘုံသို့လည်းကောင်း၊ နတ်ရွာနိဗ္ဗာန်သို့လည်းကောင်း အာရုံမပြုတတ်။ အသိမရှိသောအရပ်သို့ မသွားလိုခြင်းမှာ လူသာမန်တို့၏ သဘာဝ။ မိမိသွားချင်သည်၊ မသွားချင်သည်ကို အပထား။ လမ်းညွှန်ပြသ 'ဟောကြား'ပေးသည့် ပုဂ္ဂိုလ်ကို 'ကျေးဇူး'တော့ တင်ကြရပေမည်။

လူသည် သောကနှင့် မကင်းတတ်။ မိမိ၌ ကြုံလာရသော သောကကို သူတစ်ပါးနှင့် ဝေမျှခံစားချင်တတ်သော ဉာဉ်လည်း ရှိသည်။ အဘိုးအိုသည် 'သိသူ'က ကောင်းရာသို့ ညွှန်ပြပေးသော်လည်း၊ စိတ်မဝင်စားတတ်။ အာရုမပြုတတ်။ သူ့သောကကို ဝေမျှမခံစားတတ်လျှင် သူ့မှာ အဖော်မရ၊ အားကိုးမရ။

ထိုအခြင်းအရာတို့ ဖြစ်ပျက်သည့်နေ့ကို ဟဲမင်းဝေးက 'အီစတာ' ပွဲတော်အကြိုနေ့ဟု ဆိုထားသည်။ 'အီစတာ'ပွဲတော်ကား ခရစ်တော် ရှင်ပြန်ထမြောက်ခြင်းကို အထိမ်းအမှတ်ပြုသည့်ပွဲ ဖြစ်သည်။ နှစ်စဉ် မတ်လ ၂၂ ရက်နှင့် ဧပြီလ ၂၅ ရက်တို့အကြား၌ ဖြစ်တတ်သည်။ ခရစ်တော်သည် လက်ဝါးကပ်တိုင်၌ သေလွန်ပြီး မြှုပ်နှံထားရာ သင်္ချိုင်းမှ တစ်ဖန် ရှင်ပြန်ထမြောက်ခြင်းဖြစ်၍ အီစတာပွဲမတိုင်မီ ကာလသည် ခရစ်တော်လွန်၍ ဝမ်းနည်းကြေကွဲကြရသော ကာလဖြစ်၏။ ထိုကာလ၏ အထိမ်းအမှတ်များဖြင့် သောကြာနေ့ (Good Friday) မှစ၍ အုံ့ဆိုင်း မှုန်မှိုင်းသော အခြေအနေ။ ထို့နောက်တွင် မြိုးမြဲ့သောအကျင့်ဖြင့် ဥပုသ်သီတင်း ဆောက်တည်ကြရပြီး တနင်္ဂနွေနေ့ နေထွက်တပြုတွင် 'သခင် ရှင်ပြန်ထမြောက်တော်မူလေပြီ'ဟူသော ကြွေးကြော်သံနှင့်အတူ ရွှင်လန်းဝမ်းမြောက်ခြင်းကို ဖော်ပြကြသည့် ပျော်ပွဲရွှင်ပွဲများ ကျင်းပသည်။ ဆီမီး ဖယောင်းတိုင်များ ထွန်းညှိကြသည်။

အဘိုးအို ဟဲဟားထိပ်၌ အမှောဆိုက်နေသည့်နေ့ကို 'အီစတာပွဲတော် အကြိုနေ့'ဟု ဆိုထားသည်။ ထိုအခြင်းအရာကို တိမ်များနိမ့်လျက် တစ်မိုးလုံး အုံ့ဆိုင်းလျက်ရှိသောနေ့ဟု ဖော်ပြထားသည်။ သင်္ကေတ

တစ်ခုနှင့်တစ်ခု အပြန်အလှန် ကျေးဇူးပြုထားသည်။ တစ်မိုးလုံး အုံ့ဆိုင်း၍ မှုန်မှိုင်းထုံထိုင်းသော အခြေအနေတို့၏နောက်တွင် 'သခင် ရှင်ပြန်ထမြောက်ခြင်း'ကို အကြောင်းပြု၍ ရှင်လန်းဝမ်းသာရသော အခြေအနေရှိသည်။ လူတို့သည် မည်မျှပင် ထိုင်းမှိုင်းသောအခြေအနေမှုဖြစ်စေ မျှော်လင့်ချက်ကတော့ ရှိသည်ချည်း ဖြစ်သည်။

မနှစ်မြို့ဖွယ်ရာ အခြေအနေမျိုးမှ ထွက်ပေါက် လွတ်လမ်းတို့ မျှော်မှန်းတတ်သည်မှာ လူ့မဝ္ဝတာ။ အကယ်၍ မည်သို့မျှ ထွက်ပေါက်မရှိတော့သော အခြေအနေသို့ ရောက်ရှိလာပါကလည်း တမလွန်တွင် ကောင်းရာသုဂတိသို့ရောက်ဖို့ အာရုံပြုတတ်ရပေမည်။

ဟဲမင်းဝေးသည် ဘာသာတရားကို အရေးထားသော ခေတ်သစ် အတွေးသမား စာရေးဆရာဖြစ်သည်။ သူသည် ခရစ်ယာန်ဘာသာဝင် တစ်ဦး ဖြစ်သော်လည်း သူ၏ ခရစ်ယာန်အယူအဆမှာ ကျဉ်းမြောင်းသော ရေးအယူအဆများမှလွတ်သော ကျယ်ပြန့်နက်နဲသော အယူအဆများဟု ဆိုနိုင်သည်။ ခရစ်ယာန်ဘာသာကသာမက အခြားသော ဘာသာတရားဘို့က အရေးထားရသော သစ္စာတရားကို ရှာဖွေသော အယူအဆတို့တည်း။

ကဲ - မိတ်ဆွေ၊ ဟဲမင်းဝေး၏ 'တံတားက လူအို' ဝတ္ထုကို တစ်ခေါက် ပြန်ဖတ်ပြီး။ ပြီးလျှင် မိမိ၏အာရုံ၌ မည်သို့ လာ၍ ထင်ဟပ် ရိုက်ခတ်သည်ကို ဆင်ခြင်ကြည့်စေချင်ပါသည်။ လူတစ်ယောက်၏ အယူအဆနှင့် အခြားတစ်ယောက်၏ အယူအဆတူရမည်ဟု မဆိုလိုပါ။ သို့ရာတွင် သင်လည်း သင့်အယူအဆနှင့်သင် ယုတ္တိကို ဆင်ခြင်ရပါလိမ့်မည်။

အထက်၌ ဖော်ပြခဲ့သော 'သုံးသပ်ချက်'သည် ရှုထောင့်တစ်ခုမှ သုံးသပ်ချက်သာဖြစ်၍ ဤသို့ချည်း ဖြစ်ရမည်ဟု မဆိုလိုပါ။ ပြည့်စုံပြီဟု၍လည်း မယူဆပါ။

သင့်မှာလည်း သင့်အမြင်နှင့်သင် ပြင်ဆင်ဖြည့်စွက် ပယ်ဖျက်နိုင်ခွင့် ရှိပါသည်။

❑

## ငှလင့်တစ်နေ့တာ*

ထင်လင်း

ကျွန်တော်တို့ အိပ်ရာထဲက မထခင် ပြတင်းပေါက်တွေပိတ်ဖို့ သူ ဝင်လာတော့ သူ နေမကောင်းဘူးဆိုတာကို ကျွန်တော် တွေ့လိုက်ရတယ်။ သူ့တစ်ကိုယ်လုံး တုန်နေပြီး မျက်နှာကလည်း ဖြူဖပ်ဖြူရော် ဖြစ်နေတယ်။ လှုပ်ရှားရတာ နာကျင်နေလို့ ခပ်ဖြည်းဖြည်းပဲ လျှောက်နေရဟန် တူပါတယ်။

"သား ဘာဖြစ်သလဲ"

"ခေါင်းကိုက်လို့"

"သွားပြန်အိပ်ချေလေ"

"ဟင့်အင်း၊ ကျွန်တော် နေကောင်းပါတယ်"

"သွားပြန်အိပ်ချေ၊ အဖေ အဝတ်လဲပြီးရင် လာခဲ့မယ်"

သည်လိုပြောလိုက်ပေမယ့် ကျွန်တော် အောက်ကိုဆင်းလာတော့ သူက အဝတ်အစားလဲပြီးလို့ မီးလင်းဖိုနားမှာ ထိုင်နေနှင့်ပြီ။ သူ့ကြည့်ရတာ ဖျားနေပုံပါပဲ။ သူဟာ ကိုးနှစ်သားပဲ ရှိသေးတယ်။ ကျွန်တော် သူ့နဖူးကို

---

* တက္ကသိုလ်များပုံနှိပ်တိုက်၊ ငွေရတုအကြိုမဂ္ဂဇင်း။ နှစ် ၂၀ မြောက်၊ (ဇန်၊ ၁၉၈၀) စာ ၁၁၀-၁၁၃။

ခမ်းကြည့်လိုက်တော့ သူ့မှာ အဖျားသွေးရှိနေတာကို တွေ့ရတယ်။ ဒါနဲ့ ကျွန်တော်က ...

"အပေါ်တက်အိပ်နေချေ သား၊ ဖျားနေတယ်"လို့ ပြောလိုက်ရတယ်။

သူက "ကျွန်တော် ဘာမှမဖြစ်ပါဘူး"လို့ ပြောနေသေးတယ်။

ဆရာဝန်ရောက်လာတော့ ဆရာဝန်က သူ့အပူချိန်ကို တိုင်းကြည့်တယ်။

ကျွန်တော်က "ဘယ်လောက်ရှိလဲဆရာ"လို့ မေးတော့ ဆရာဝန်က "တစ်ရာနှစ်"လို့ ပြန်ပြောပါတယ်။

အိမ်အောက်ကိုရောက်တော့ ဆရာဝန်က အရောင်ကွဲသုံးမျိုးနဲ့ ဆေးသုံးမျိုး ပေးထားခဲ့ပြီး တိုက်ဖို့အညွှန်းပါ ပြောထားခဲ့တယ်။ တစ်မျိုးက အဖျားကျဖို့၊ နောက်တစ်မျိုးက ဝမ်းနုတ်ဖို့၊ တတိယတစ်မျိုးကတော့ နာလန်ထအချိန်ကို ကျော်လွှားဖို့။ အဲသလို အချိန်မျိုးမှာ တုပ်ကွေးရောဂါပိုး ဝင်လာတတ်တယ်လို့ ပြောသွားတယ်။ သူကတော့ တုပ်ကွေးရောဂါအကြောင်း အလုံးစုံ သိဟန်တူပါတယ်။ အဖျားဒီဂရီ တစ်ရာ့လေးက မကျော်ရင် ဘာမှ စိုးရိမ်စရာမရှိဘူးလို့ ပြောသွားတယ်။ အခုဖြစ်တာက ခပ်ပေါ့ပေါ့ဖြစ်တဲ့ ကူးစက်ရောဂါတစ်မျိုးပါ။ အဆုတ်ကို အအေးမမိအောင် ထားနိုင်ရင် ဘာမှ အန္တရာယ်မရှိပါဘူးလို့လည်း ပြောသွားပါတယ်။

အခန်းထဲကို ပြန်ရောက်တော့ ကျွန်တော်လည်း ကလေးရဲ့အပူချိန်ကို ရေးမှတ်ပြီး ဆေးအမျိုးမျိုးကို တိုက်ဖို့ အချိန်တွေကိုပါ မှတ်ပေးထားလိုက်တယ်။

"အဖေ စာဖတ်ပြရမလား သား"

ကလေးက "အဖေ ဖတ်ချင်ရင် ဖတ်ပါ"လို့ ပြောတယ်။ သူ့မျက်နှာဟာ ဖြူဖပ်ဖြူရော်ဖြစ်ပြီး မျက်ကွင်းတွေ ညိုနေတယ်။ သူဟာ ပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတာတွေနဲ့ သူနဲ့ ဘာမှမပတ်သက်သလို ငြိမ်ငြိမ်သက်သက်ပဲ အိပ်နေတယ်။

ကျွန်တော်လည်း ဟောက်ဝပ်ပိုင်းရဲ့ 'ပင်လယ်ဓားပြ' ပုံပြင်တွေကို

အသံထွက်ပြီး ဖတ်ပြနေလိုက်ပါတယ်။ ဒါပေမဲ့ သူဟာ ကျွန်တော်ဖတ်ပြနေတာကို နားထောင်မနေဘူးဆိုတာ ကျွန်တော် တွေ့ရတယ်။

ကျွန်တော်က "သား ဘယ့်နှယ်နေသလဲ" လို့ မေးလိုက်တယ်။

သူက "အခုထိတော့ ဒီလိုပဲ" လို့ ပြန်ပြောတယ်။

ကျွန်တော်လည်း နောက်တစ်ကြိမ် ဆေးတိုက်ဖို့ အချိန်ကိုစောင့်ရင်း သူ့ခုတင်ခြေရင်းဘက်မှာ ထိုင်ပြီး စာအုပ်ကို စိတ်ထဲကပဲ ဖတ်နေလိုက်တယ်။ တကယ်ဆိုရင် သူ အိပ်ပျော်သွားဖို့ပဲ။ ဒါပေမဲ့ ကျွန်တော် စာဖတ်ရာက မော့ကြည့်လိုက်တော့ သူဟာ ခုတင်ခြေရင်းကို စိုက်ကြည့်နေတာ တွေ့ရတယ်။ သူ့ကြည့်ရတာ တစ်မျိုးပဲ။

"ဘာဖြစ်လို့ ပျော်အောင် မအိပ်သလဲ သားရယ်၊ ဆေးသောက်ချိန်ကတော့ သားကို အဖေနှိုးမှာပေါ့"

"ကျွန်တော် မအိပ်ဘဲနေမယ်"

တစ်ခဏလောက်ကြာတော့ သူက "အဖေ့မှာ စိတ်အနှောင့်အယှက်ဖြစ်နေမယ်ဆိုရင် ကျွန်တော်နဲ့အတူ ဒီအထဲမှာ အဖေ နေဖို့မလိုပါဘူး" လို့ ပြောပါတယ်။

"အဖေ့မှာ စိတ်အနှောင့်အယှက် မဖြစ်ပါဘူး သားရယ်"

"မဟုတ်ဘူးလေ၊ အဖေ့မှာ စိတ်အနှောင့်အယှက် ဖြစ်လာစရာအကြောင်းရှိတယ်ဆိုရင် အဖေ စောင့်နေဖို့ မလိုဘူးလို့ ပြောတာပါ"

ကလေးဟာ အများသွေးကြောင့် ထင်ရာ လျှောက်ပြောနေတာထင်ပါရဲ့လို့ပြီး ကျွန်တော်လည်း ဆယ့်တစ်နာရီတိုက်ဖို့ ဆေးတောင့်ကလေးတွေ တိုက်အပြီးမှာ ခဏ အပြင်ထွက်ခဲ့တယ်။

ကြည်လင်အေးမြတဲ့နေ့ ဖြစ်တယ်။ နှင်းပွင့်ပါးပါးကလေးတွေ ဖုံးအုပ်ထားလို့ ဖလာကျင်းနေတဲ့ သစ်ပင်တွေ၊ ချုံတွေ၊ ကိုင်းတွေ၊ မြက်တွေနဲ့ မြေသားတို့ဟာ အပေါ်ယံက နှင်းနဲ့ အရောင်တင်ထားသလို ဖြစ်နေတယ်။ ကျွန်တော်နဲ့အတူ ကျွန်တော့်ခွေးနီကလေးကို ခေါ်ပြီး ရေခဲနေတဲ့ ချောင်းကလေးဘေးက လမ်းအတိုင်း လျှောက်လာခဲ့တယ်။ ဒါပေမဲ့ ဖန်သားလို

ခြောနေတဲ့ မျက်နှာပြင်ပေါ်မှာ ရပ်ရတာ လျှောက်ရတာ ခက်တယ်။ ခွေးနီကလေးဟာ ခဏခဏ ခြေချော်လဲတယ်။ ကျွန်တော်လည်း ခပ်နာနာ နှစ်ခါလဲတယ်။ တစ်ခါမှာ လက်ထဲက သေနတ် လွှတ်ထွက်ပြီး အတော်ဝေးဝေးအထိ လျှောသွားတယ်။

ကမ်းနဖူးမှာ ချုံပင်တွေပေါက်နေတဲ့ ကမ်းပါးမြင့်ကြီးတွေရဲ့အောက်မှာ ငုံးတစ်အုပ်တွေ့လို့ ပစ်ရတယ်။ နှစ်ကောင်ကျတယ်။ ကျန်တဲ့အကောင်တွေဟာ ကမ်းပါးထိပ်ဆီကို ပျံတက်သွားကြတယ်။ အဲဒီအထဲက တချို့အကောင်တွေက သစ်ပင်တွေပေါ်မှာ နားကြတယ်။ ဒါပေမဲ့ အများအားဖြင့်ကတော့ ချုံပုတ်တွေထဲကို တိုးဝင်သွားကြတဲ့အတွက် နှင်းခဲအုပ်ထားတဲ့ချုံပုတ်ကမူတွေပေါ်ကို တက်တက်ခုန်မှ သူတို့ပျံထွက်လာကြတယ်။ ချုံပေါ်တက်နင်းရာမှာ လူက ငြိမ်အောင် ရပ်လို့မရနိုင်တဲ့အခိုက်မှာမှ ငှက်တွေပျံထွက်လာကြတော့ ပစ်ရတာ ခက်ခဲတယ်။ ဒါပေမဲ့ နှစ်ကောင်ကျတယ်။ ငါးကောင်ကိုတော့ လွဲသွားတယ်။ အိမ်နဲ့ နီးနီးမှာ ငှက်အုပ်တွေ့ရတာအပြင် နောက်နေ့မှာ ပစ်စရာ ကျန်သေးတာကို ပျော်ရွှင်ကျေနပ်ပြီး အိမ်ဘက်ကို ပြန်လှည့်ခဲ့တယ်။

အိမ်ပြန်ရောက်တော့ ကလေးက ဘယ်သူ့ကိုမှ အခန်းထဲ အဝင်မခံဘူးလို့ ဆီးပြောကြတယ်။

ကလေးက "မလာခဲ့နဲ့။ ကျွန်တော့်မှာ ဖြစ်တာမျိုး ခင်ဗျားတို့မှာ မဖြစ်ပါစေနဲ့"လို့ ပြောသတဲ့။

ကျွန်တော် သူ့ဆီကိုသွားကြည့်တော့ ကျွန်တော်ထားခဲ့တဲ့အတိုင်းပဲ။ မျက်နှာ ဖြူဖပ်ဖြူရော်နဲ့။ ဒါပေမဲ့ သူ့ပါးစုန့်ကလေးတွေမှာတော့ အဖျားသွေးကြောင့် နီရဲနေတယ်။ သူကတော့ စောစောကလိုပဲ။ ခုတင်ခြေရင်းဆီကိုပဲ စိုက်ကြည့်လျက်ပဲ။

ကျွန်တော် သူ့အပူချိန်ကို တိုင်းလိုက်တယ်။

"ဘယ်လောက်ရှိလဲ"

ကျွန်တော်က "တစ်ရာလောက်ပါပဲ"လို့ ပြောလိုက်ရတယ်။ တကယ်က တစ်ရာနှစ်နဲ့ ဒသမ လေး ရှိတယ်။

သူက "စောစောက တစ်ရှေ့နှစ်ရှိတယ်လို့ ဆိုတယ်"

"ဘယ်သူပြောလဲ"

"ဆရာဝန်"

ကျွန်တော်က "သားရဲ့အပူချိန်က ကိစ္စမရှိပါဘူးကွယ်၊ စိုးရိမ်စရာ မဟုတ်ပါဘူး"လို့ ပြောလိုက်ပါတယ်။

သူက "ကျွန်တော် မစိုးရိမ်ပါဘူး ဒါပေမဲ့ ကျွန်တော် မတွေးဘဲတော့ မနေနိုင်ဘူး"လို့ ပြောပြန်ပါတယ်။

ကျွန်တော်က "မတွေးပါနဲ့ သားရယ်၊ စိတ်အေးလက်အေး နေပါ"လို့ ပြောရတယ်။

သူက တစ်ခါ "ကျွန်တော် စိတ်အေးလက်အေး နေတာပါပဲ"တဲ့။ ပြီးတော့ သူ့ရှေ့တည့်တည့်ကိုပဲ စိုက်ကြည့်နေတယ်။ သူဟာ တစ်ခုခုကြောင့် သတိကြီးစွာထားပြီး နေနေရသလိုပဲ။

"ရော့ - သား၊ ဒါကလေးကို ရေနဲ့ ကျိုက်ချလိုက်"

"အကျိုးရှိဦးမယ် ထင်လို့လား"

"ရှိတာပေါ့ သားရဲ့"

ကျွန်တော်လည်း ထိုင်ချလိုက်ပြီး 'ပင်လယ်ဓားပြ' ပုံပြင်တွေကို အသံထွက်ပြီး ဖတ်ပြလိုက်ပါတယ်။ ဒါပေမဲ့ သူ နားထောင်မနေဘူးဆိုတာ တွေ့ရလို့ ကျွန်တော် ရပ်လိုက်တယ်။

သူက "ကျွန်တော် ဘယ်အချိန်လောက်ကျ သေမယ်ထင်သလဲ အဖေ"လို့ မေးလိုက်တယ်။

"ဘာတဲ့ ..."

"ကျွန်တော် သေဖို့အချိန် ဘယ်လောက်လိုသေးလဲလို့ မေးတာ"

"သား မသေပါဘူး သားရယ်၊ သားမှာ ဘာဖြစ်လို့လဲ"

"အို - သေမှာပါ။ ဆရာဝန်က တစ်ရှေ့နှစ်လို့ ပြောသွားတာကို ကျွန်တော် ကြားလိုက်ရပါတယ်"

"တစ်ရှေ့နှစ်နဲ့ လူ ဘယ်သေမလဲ သားရဲ့ မဟုတ်တာရတ် မပြောပါနဲ့"

"သေပါတယ် အဖေရဲ့ ပြင်သစ်ပြည်မှာတုန်းက ကျောင်းမှာ ကောင်လေးတွေက ကျွန်တော့်ကို ပြောတယ်။ လေးဆယ့်လေး ဒီဂရီဆိုရင် အသက်ရှင် မနေနိုင်တော့ဘူးတဲ့"

သူက မနက်ကိုးနာရီကတည်းက စပြီး တစ်နေ့လုံး သေဖို့အချိန်ကို စောင့်နေတာကို။

ကျွန်တော်က "ဖြစ်မှဖြစ်ရလေ သားရယ်၊ သားလေးရယ်၊ ဒါက မိုင်နဲ့ ကီလိုမီတာ ကွာသလို ကွာတာကွဲ့၊ သား မသေနိုင်ပါဘူး။ တိုင်းတဲ့ သာမိုမီတာက တစ်မျိုးမို့ကွဲ့၊ သားပြောတဲ့ သာမိုမီတာမှာ ပုံမှန်အပူချိန်က သုံးဆယ့်ခုနစ်၊ အခု သားကိုတိုင်းတဲ့ သာမိုမီတာမှာ ပုံမှန်အပူချိန်က ကိုးဆယ့်ရှစ်"လို့ ရှင်းပြရတယ်။ ပြီးတော့လည်း "အဲဒီအတိုင်းပဲပေါ့၊ မိုင်နဲ့ ကီလိုမီတာ ကွာသလို ကွာတာ၊ ကားနဲ့ တစ်နာရီ မိုင်ခုနစ်ဆယ်လောက် မောင်းသွားတဲ့အခါ ကီလိုမီတာနဲ့ ဘယ်လောက်ရှိလဲ ဆိုတာမျိုးပေါ့"လို့ ပြောပြရပါတယ်။

ဒီတော့ သူက "ဪ ..."လို့ ဆိုလိုက်တယ်။

သို့ပေမဲ့ သူ့ရဲ့ ခုတင်ခြေရင်းဆီကို စိုက်ကြည့်နေတဲ့ အကြည့်ဟာတော့ နည်းနည်းလျော့လာတယ်။ သူ့ကိုယ်သူ တင်းထားတာလည်း နည်းနည်းလျော့လာတယ်။ နောက်တစ်ရက်မှာတော့ အတော့်ကို လျော့နေပြီး ဘာမှ အရေးမပါတဲ့ကိစ္စလေးနဲ့လည်း ငိုချင် ငိုနေတော့တာပဲ။

Ernest Hemingway's "A Day's Wait" ကို ပြန်ဆိုသည်။

❑

**ဝေဖန်သုံးသပ်ချက်**

ဤဝတ္ထုကလေးမှာ အပေါ်ယံအားဖြင့် ဘာမျှ မထူးခြားဟု ထင်ရသော်လည်း ကမ္ဘာကျော် ဝတ္ထုတိုများတွင် ပါဝင်နေလေသည်။

အဘယ်ကြောင့်ပင်နည်း။

ဟဲမင်းဝေး၏ ဝတ္ထုတိုများသည် အပေါ်ယံကြည့်လျှင် ဘာကို စိတ်ဝင်စားရမှန်း မသိနိုင်လောက်အောင် ရိုးရိုးစင်းစင်း သာမန်ဖြစ်ရပ်ကလေးများကို အပိုအဖွဲ့အနွဲ့မပါဘဲ ရေးသားထားသော ဝတ္ထုများ ဖြစ်တတ်သည်။ သို့သော် ထိုသာမန် ဖြစ်ရပ်ကလေးများ၏ နောက်ကွယ်တွင် နက်ရှိုင်းကျယ်ပြန့်သော အဓိပ္ပာယ်များ ပါလေ့ရှိသည်။

လိုရာဆွဲတွေးသော အတွေးမျိုးမဟုတ်။ သဘောသဘာဝကို ဖော်ပြသည့် အလွယ်ဆုံး၊ အမြင်သာဆုံး၊ အထင်ရှားဆုံး ဖြစ်ရပ်ကလေးများသည် တိကျမှန်ကန်၍ ပုံကြီးချဲ့ချင်သလောက် ချဲ့ကြည့်လင့်ပီသလျက်ပင်ရှိသော ဓာတ်ပုံဖလင် ကော်ပြားကလေးများသဖွယ် ဖြစ်သည်ဟု အဆိုရှိသည်။

အထက်၌ ဖော်ပြခဲ့သော ဝတ္ထုတိုကလေးကို ကြည့်ပါ။ ဘာမျှ ထူးထူးခြားခြားကြီး မဟုတ်။

ကိုးနှစ်သားအရွယ် ကလေးငယ်တစ်ယောက် ... အနည်းငယ်ဖျားသည်။ ဆရာဝန်က အပူချိန်တိုင်းသည်။ တစ်ရာ့နှစ် ဒီဂရီရှိသည်။ ကလေးက ကြားသည်။ သူ ပြင်သစ်ပြည်မှာနေစဉ်က လူသည် အပူချိန်

လေးဆယ့်လေးရှိလျှင် သေသည်ဟု ကြားဖူးထားသည်။ ယခု သူမှာ တစ်ရှေ့နှစ် ... သူသေရတော့မည်။ ဘယ်သူမှ စကားမပြောဘဲ ငြိမ်သက်စွာ ခုတင်ခြေရင်းကို စိုက်ကြည့်နေသည်။ သေမင်းက ဘယ်လိုလာမလဲ။ သူ ဘယ်အချိန် သေမလဲ။ အအိပ်နိုင်းလို့မရ ... သေမင်းလာချိန်တွင် သူ နိုးနေချင်သည်။ သူ့မှာဖြစ်တာမျိုး တခြားလူတွေမှာ မဖြစ်စေချင် ... နောက် သူ အမှတ်မှားနေသည်ကို သူ့အဖေက ရှင်းပြလိုက်သောအခါ သူ နားလည်သွားသည်။ သူ မသေသေး ... ဤတွင် ကလေးသည် နဂိုအတိုင်း ပြန်ဖြစ်သွားသည်။ ဘာမှ မဟုတ်တာကလေးနှင့်လည်း ငိုချင် ငိုသည်။

ဝတ္ထုကြောင်းမှာ ဤမျှသာဖြစ်သော်လည်း ဤကား လူ၏ သဘောသဘာဝတစ်ခုကို ပီသအောင် ဖွဲ့ပြသော အဖွဲ့ပင်ဖြစ်တော့သည်။ လူသည် သေခြင်းတရားကို အနီးကပ် တွေ့မြင်ရသောအခါတွင် တစ်မျိုး အဝေးက မျှော်ကြည့်ရသောအခါတွင် တစ်မျိုးမြင်တတ်သည်။ (သေရတော့မည် ဆိုသောအခါတွင် တစ်မျိုး၊ မသေသေးဘူးဆိုလျှင် တစ်မျိုး တွေးခေါ်ယူဆတတ်သည်။)

နည်းနည်း ချဲ့ကြည့်ကြပါဦးစို့။

ဤဝတ္ထုမျိုး ဗမာတို့တွင်လည်း ရှိပါသည်။ နိပါတ်တော်တွင် လာသည်။

တစ်ရံရောအခါ မင်းသားတစ်ပါးသည် တောကစားသွားရင်း တောသားသမင်တို့ မြူးထူးပျော်ပါးနေကြသည်ကို မြင်ခဲ့ရသဖြင့် သူ၏ ခမည်းတော် ဘုရင်ကြီးအား "မြက်ကိုစား၍နေသော ဤသတ္တဝါများသော်မှ ဤမျှ ပျော်ပါးမြူးထူးကြလျှင် ဆီဦးထောပတ်နှင့် အမွှန်အမြတ်ဖြစ်သော ခဲဖွယ်ဘောဇဉ်တို့ကို အမြဲ သုံးဆောင်၍နေရသော ရဟန်းတို့သည် မပျော်ပါး မမြူးထူးဘဲ နေပါမည်လော"ဟု လျှောက်ထားသည် ဆို၏။ ခမည်းတော် ဘုရင်က ဘာမျှ မသိနားမလည်သေး သူသားတော်အား သိစေအံ့ဟု ကြံ၍ သားတော်၏အမေးကို မဖြေဘဲ "သားတော်အား ထောင်သွင်း အကျဉ်းချထားပြီး ယနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ သတ်စေ"လို့ အမိန့်တော် မှတ်သည်။ ထို့နောက် ခုနစ်ရက်ကာလအတွင်း သားတော်

အလိုရှိရာကို ပေးစေဟုလည်း အမိန့်တော်မှတ်သည်။ ခုနှစ်ရက်စေ့သည့် နေ့၌ သူသတ်တို့က မင်းသားအား မသတ်မီ ခမည်းတော်အား ဖူးတွေ့ခွင့် ပေးရာ ခမည်းတော်က ကြံ့ုလိုသော သားတော်အား ကြည့်၍ "သားတော် ဤခုနှစ်ရက်ကာလအတွင်း မည်ကဲ့သို့သော စည်းစိမ်ချမ်းသာကို ခံစား စံစား သနည်း"ဟု မေးသည်။ မင်းသားက ညှိုးငယ်သော မျက်နှာဖြင့် ... "သားတော် သေရမည့်ဘေးကို တွေးတော ကြောက်လန့်နေရသောကြောင့် မည်သည့် စည်းစိမ်ချမ်းသာမျိုးကိုမျှ မခံစား မစံစားနိုင်ပါ"ဟု လျှောက်သည်။ ဤတွင် ခမည်းတော်ဘုရင်က "သူတော်ကောင်းတို့မည်သည် သေရမည့်ဘေးကို အစဉ် တွေးတောထိတ်လန့်၍ နေကြသူများဖြစ်၍ အဆီအပျား စားသော်လည်း ပျော်ပါးမြူးထူးလိုခြင်း မရှိကြ။ သေဘေးကို မမြင်တတ်သူများသာ လျှင် ငိုတစ်ခါ ရယ်တစ်လှည့်ဖြင့် ဘဝသံသရာတွင် ကျင်လည်ကြသည်"ဟု မိန့်တော်မူသည်။ သားတော်က "နားလည်ပါပြီ" ဆိုမှ သားတော်အား "လွှတ်စေ" အမိန့်ချမှတ်သည်။

ဤသဘောကို အခြေခံ၍ ဖတ်လျှင် ဟဲမင်းဝေး၏ ဝတ္ထုသည် အဓိပ္ပာယ် အပြည့်အဝရှိသည်ကို နားလည်ရသည်။ ထိုဝတ္ထုကလေးကို ဖွဲ့ထားသော စကားလုံးများသည် ကျစ်လျစ်သိပ်သည်း၍ အပိုတစ်လုံးမျှ မပါ။ စကားလုံးတိုင်း၌ ဖွင့်စရာ အနက်အဓိပ္ပာယ်များ ပါရှိသည်ဟု ဝေဖန်ရေး ဆရာတို့က ဆိုကြသည်။ ဟဲမင်းဝေး၏ ဝတ္ထုများကို အချို့က ပုံဆောင်ပြ ဝတ္ထုများဟူ၍လည်းကောင်း၊ အချို့က သင်္ကေတ ဝတ္ထုများဟူ၍လည်းကောင်း သတ်မှတ်ကြသည်။ အထက်၌ ပြဆိုခဲ့သော ဝတ္ထုကလေးကို ကိုယ်စားပြု သင်္ကေတ ဝတ္ထုဟု ဆိုကြသည်။

'ဘဝမှ မဟုတ်တာလေးနှင့် ငိုချင်ငို'သည့် သဘာဝမှာ ကိုးနှစ်သား အရွယ် ကလေးငယ်နှင့်သာ တင်စားထိုက်သော လူ့သဘော လူ့သဘာဝပင် ဖြစ်သည်။ သာမန်လူတို့၏ အသိဉာဏ်သည် ကိုးနှစ်သားအရွယ်၏ အသိ ဉာဏ်မျှသာရှိသည်။ ကျိုးကြောင်း ဆင်ခြင်တုံတရား သိပ်မရှိ၊ ကြားဖူးနားဝ ဖြင့်သာ အသက်ရှင်နေကြရသည်။ သေခြင်းတရားဆိုသည်ကို ဘာမှန်း

ညာမှန်းမသိတဲ့ ပြောသံကြားနှင့် ကြောက်လန့်နေကြသည်မှာ ကလေးငယ် ပမာသာဖြစ်သည်ဟု ဆိုလိုဟန်တူသည်။ (ဗုဒ္ဓဘာသာဝင်တို့၏ စကားဖြင့် အန္ဓပုထုဇဉ်သဘော။)

ထိုဝတ္ထု၌ 'ဆရာဝန်'သည် တုပ်ကွေးရောဂါအကြောင်း (လူတို့၏ သဘောသဘာဝ ရုပ်နာမ်တို့၏ ဖြစ်ပျက်ပုံ)ကို အလုံးစုံ သိသူ မြင်သူတို့အား ကိုယ်စားပြုသည်။ ကလေး၏ 'အဖေ'သည် ဗဟုသုတရှိ၍ ဤ သဘော သဘာဝတို့ကို ပြောပြကာမှဖြင့် နားလည်သဘောပေါက်သော 'လူကြီး' (ကလျာဏ ပုထုဇဉ်သဘော)ကို ကိုယ်စားပြုသည်။

နိုင်ငံတကာမှ စာပေဝေဖန်ရေးဆရာ အကျော်အမော်တို့က ဟဲမင်းဝေး၏ စာတို့သည် အနက်အရှိုင်းရှိသဖြင့် တစ်မျိုးမက နှစ်မျိုးမက အဓိပ္ပာယ်ကောက်ယူ ပြန်ဆိုရသည်ဟု ဆိုကြသည်။

ဤတွင် ဟဲမင်းဝေး၏ ဤဝတ္ထုငယ်သည် ချဲ့ချင်သလောက် ချဲ့ ကြည်ကြည်လင်လင် ပုံထင်နိုင်လောက်အောင် ဆေးသားကောင်းလှသည့် ဓာတ်ပုံဖလင် ကော်ပြားငယ်လေးတစ်ချပ်သဖွယ် ဖြစ်သည်မှာ ထင်ရှား လောက်ပြီ။

❑

## မယ့်ဝေဒနာ*

မောင်ပေါ်ထွန်း

မိန်းကလေးသည် သတင်းစာကို ရှေ့တွင်ဖြန့်လျက် အိပ်ခန်းထဲမှ စာရေးစားပွဲတွင် ထိုင်နေသည်။ တစ်ခါတလေ ပြတင်းပေါက်သို့ လှမ်းကြည့်သည်။ အပြင်ဘက်တွင် ဆီးနှင်းတွေကျနေသည်။ ခေါင်မိုးပေါ်ကျသောအခါ ဆီးနှင်းများ အရည်ပျော်သွားကြသည်။

သူသည် စာတစ်စောင်ရေးသည်။ ဖျက်စရာ၊ ပြန်ရေးစရာမရှိအောင် ဖြည်းဖြည်းမှန်မှန် ရေးနေသည်။

တကိုးနီးယားပြည်နယ်
ရှိအာနော့ခ်မြို့
၁၉၃၃၊ ဖေဖော်ဝါရီ ၆။

လေးစားပါသော ဒေါက်တာရှင့်

အလွန်အရေးကြီးသော အကြံဉာဏ်တစ်ခု တောင်းခံပါရစေ ဆရာ။ ကျွန်မမှာ ဆုံးဖြတ်ချက်ချစရာတစ်ခု ရှိနေပါသည်။ သို့သော်လည်း ယုံကြည် စိတ်ချရမည့် ပုဂ္ဂိုလ်တစ်ယောက်မျှ မရှိပါ။ ကျွန်မ၏ မိဘများကိုလည်း ဖွင့်မပြောရဲပါ။ ဒါကြောင့်မို့ အခုလို ဆရာ့ဆီ

* ပေဖူးလွှာ၊ (ဧပြီ ၁၉၈၉)

စာရေးပြီး အကူအညီ တောင်းခံရခြင်း ဖြစ်ပါသည်။ ဆရာ့ဆီ ကျွန်မ လာရောက်စရာ မလိုပါ။ သို့သော်လည်း ဆရာ့ကို ကျွန်မ ယုံကြည်ပါသည်။

အဖြစ်အပျက်က ဒီလိုပါ ဆရာ။

ကျွန်မသည် ၁၉၂၉ ခုနှစ်က အမေရိကန် စစ်သားတစ်ယောက်နှင့် လက်ထပ်ခဲ့ပါသည်။ သူဟာ အဲဒီနှစ်မှာပဲ တရုတ်ပြည် ရှန်ဟဲမြို့သို့ အပို့ခံခဲ့ရပါသည်။ သူ အဲဒီမှာ သုံးနှစ်နေခဲ့ပြီးနောက် အိမ်သို့ ပြန်လာခဲ့ပါသည်။ သူ့အား လွန်ခဲ့သော လ အနည်းငယ်ခန့်က ရာထူးမှ ထုတ်ပယ်လိုက်ခြင်း ဖြစ်ပါသည်။ သို့သော်လည်း သူဟာ ကျွန်မဆီ မလာဘဲ အာကန်ဆက်ပြည်နယ်၊ ဟယ်လင်နာမြို့ရှိ သူ့မိခင်အိမ်သို့ သွားပါသည်။

သူက ကျွန်မအား သူ့ဆီသို့လာခဲ့ရန် စာဖြင့် လှမ်းခေါ်သောကြောင့် ကျွန်မ လိုက်သွားပါသည်။ ဟိုရောက်တော့ သူ ဆေးထိုးနေသည်ကို တွေ့ရပါသည်။ ကျွန်မ မေးကြည့်တော့ ကျွန်မ သတ်ပုံမှန်အောင် မပေါင်းတတ်သည့် 'ဆစ်ဖလစ်'လိုလို အသံထွက်သော ရောဂါကြောင့် သူ ဆေးထိုးနေရသည်ဟု သိရပါသည်။

အဲဒီတော့ ကျွန်မ သူနှင့်အတူ ပြန်နေလျှင် စိတ်ချရပါ့မလည်း ဆရာ။

ကျွန်မဆိုလိုတာကို ဆရာ နားလည်ပါလိမ့်မည်။ သူ တရုတ်ပြည်မှ ပြန်ရောက်လာသည့်နေ့မှစ၍ ကျွန်မ သူနှင့် အဆက်အဆံ လုံးဝ မရှိခဲ့ပါ။ ဆရာဝန်က ဆေးပတ်လည်အောင် ထိုးပြီးလျှင် အားလုံး အဆင်ပြေသွားမှာပါဟုတော့ သူက ပြောပါသည်။ သူ ပြောသလို ဖြစ်နိုင်ပါ့မလား၊ ဆရာ။ လူတစ်ယောက်မှာ ဒီရောဂါမျိုး ဖြစ်လာလျှင် သေသွားတာကမှ ပိုကောင်းသေးတယ်ဟု ကျွန်မ ဖေဖေ ပြောတာကို ကျွန်မ မကြာခဏ ကြားခဲ့ရဖူးပါသည်။

ဖေဖေ့စကားကို ကျွန်မ ယုံပါသည်။ သို့ပေမဲ့ လင်ယောက်ျား စကားကိုသာ ပို၍ ယုံချင်ပါသည်။

ကျွန်မ ဘယ်လိုလုပ်ရပါ့မလဲ ဆရာ။ ကျေးဇူးပြုပြီး အကြံဉာဏ်ပေးပါ ဆရာ။

ကျွန်မမှာ သမီးလေးတစ်ယောက် ရှိပါသည်။ သူ့အဖေ တရုတ်ပြည်မှာရှိတုန်း မွေးခဲ့တာ ဖြစ်ပါတယ်။

ဆရာ့ကို လုံးဝဥဿုံ ယုံကြည်ပြီး အထူးကျေးဇူးတင်လျက်ပါ ဆရာ။

*

စာအဆုံးတွင် သူ့နာမည်ကို လက်မှတ်ထိုးလိုက်သည်။ ပြီးတော့ သူ့ကိုယ်သူ ပြောနေသည်။

*

ငါ ဘာလုပ်သင့်တယ်ဆိုတာ သူ ပြောနိုင်မှာပါ။ သူ ပြောကို ပြောနိုင်မှာပါ။ သတင်းစာထဲက ဓာတ်ပုံကြည့်ရတာတော့ သူ တကယ်သိမယ့်ပုံမျိုးပဲ။ သူက တော်တော် တော်ပုံရတယ်။ ပြီးတော့ သူက လူတွေ ဘာလုပ်သင့်တယ်ဆိုတာ နေ့တိုင်း ပြောပြနေတဲ့ ပုဂ္ဂိုလ်ပဲ။

သူ့ကြည့်ရတာ သူ့အလုပ်ကို သူ တော်တော်သိပုံရတယ်။ ငါလည်း လုပ်သင့်တဲ့အလုပ်ကိုပဲ လုပ်ချင်တယ်။ အင်း ... ဘာလိုလိုနဲ့ တော်တော်ကလေး ကြာသွားပြီပဲ။ တော်တော် ကြာသွားပြီ ဟုတ်တယ်။ တော်တော့်ကို ကြာသွားပြီ။ ဘုရား ... ဘုရား ... သိပ်ကို ကြာသွားခဲ့ပြီပဲ။

အေးလေ ... သူကတော့ အမှုထမ်းကိုး။ စေရာသွား ထားရာနေရမယ့် လူပဲ။ ဒါကိုတော့ ငါ ကောင်းကောင်းနားလည်ပါတယ်။ ဒါပေမဲ့ ငါ နားမလည်နိုင်တာက အဲဒီရောဂါ သူ ဘာကြောင့် ရသလဲဆိုတာပဲ။

'ပြော် ... သူ ဒီရောဂါမရအောင် ဘုရားသခင် ကူညီစောင်မတော်မူခဲ့ရင် ဘယ်လောက် ကောင်းလိမ့်မလဲနော်။ သူ အဲဒီရောဂါရအောင် ဘာ

လုပ်လုပ် ငါ ဂရုမစိုက်ပါဘူး။ ဒါပေမဲ့ သူ အဲဒီရောဂါ မရအောင်တော့ ဘုရားသခင် ကူညီစောင်မစေချင်တယ်။ ငါ ဘာလုပ်ရမှာလဲ။ ငါ ဘာလုပ်ရမှန်း မသိတော့ဘူး။ သူ ဘာရောဂါမှ မရအောင်တော့ ဘုရားသခင် ကူညီစောင်မစေချင်တယ်၊ သူ ဒီရောဂါ ဘာကြောင့် ရတာပါလိမ့်နော်။

❑

**ဝေဖန်သုံးသပ်ချက်**

ဝတ္ထုတိုရေးနည်းဟူ၍ ပုံသေကားကျမရှိဟု ဆိုကြသည်။ ဝတ္ထုတိုဟူသည် ခံစားချက်တစ်ခု၊ အဖြစ်အပျက်တစ်ရပ်၊ မြင်ကွင်းတစ်ခု၊ အချိန်အတိုဆုံး၊ စကားလုံးအနည်းဆုံးဖြင့် ကွက်ခနဲ၊ ဖျတ်ခနဲ မီးမောင်းထိုးပြသော ရသစာပေ ပုံစံတစ်မျိုးဖြစ်သည်ဟုလည်း ဆိုကြသည်။ မယ့်ဝေဒနာ ဝတ္ထုတိုသည် ကမ္ဘာကျော် အမေရိကန်စာရေးဆရာကြီး၊ အားနက်စ်ဟဲမင်းဝေး (၁၈၉၉-၁၉၆၁) ၏ 'One Reader Writes' ကို ပြန်ဆိုချက် ဖြစ်သည်။

ဝတ္ထုတိုရေးနည်းပုံစံ အမျိုးမျိုးရှိသည့်အနက် ဤဝတ္ထုကို ပေးစာပုံစံဖြင့် ရေးသားထားသည်။ ဤဝတ္ထုတွင် ဇာတ်လမ်းဇာတ်ကွက် ဘာမှမပါ။ မိန်းကလေးတစ်ယောက် အိပ်ခန်းထဲတွင် ထိုင်၍ စာတစ်စောင် ရေးနေပုံနှင့် သူ့စာထဲက ဖြစ်ရပ်တိုကလေးကိုပင် ဇာတ်လမ်းဇာတ်ကွက်ဟူ၍ ခေါ်ချင် ခေါ်နိုင်သည်။

ဤဝတ္ထုတွင် စွဲမက်လောက်စရာ ဇာတ်လမ်းဇာတ်ကွက် မပါသော်ငြားလည်း အိမ်ထောင်သည် မိန်းကလေးတစ်ယောက်၏ အတွင်းကျိတ် ခံစားနေရသော ဝေဒနာကို စာဖတ်သူလည်း မျှဝေခံစားရလိမ့်မည်ဟု ယုံကြည်ပါသည်။

❑

# လောကမြင်ကွင်း*

**မောင်ပေါ်ထွန်း**

တံခါးဝမှ ကျွန်တော်တို့ ဝင်လာသောအခါ အရက်ရောင်းသူက တစ်ချက် လှမ်းကြည့်ပြီးနောက် ကောင်တာပေါ်မှ ဟင်းဇလုံနှစ်လုံးကို ဒန်ပြားအဖုံးများနှင့် ဖုံးထားလိုက်သည်။

"ဘီယာတစ်လုံး" ဟု ကျွန်တော်က မှာလိုက်သည်။

သူသည် ဘီယာပုလင်းကို လှမ်းယူပြီး အဖုံးကို ဓားပြားကလေးဖြင့် ဖောက်ဖွင့်လိုက်သည်။ ထို့နောက် ဖန်ခွက်ကို လက်ထဲမှာ ကိုင်ထားသည်။ ကျွန်တော်က ကောင်တာပေါ် ပိုက်ဆံတင်ပေးလိုက်သောအခါ သူက ဘီယာပုလင်းကို ကျွန်တော့်ဘက်သို့ တွန်းပို့လိုက်သည်။

"မင်းကော ဘာလဲ" သူက တွမ်ကို မေးသည်။

"ဘီယာ"

သူသည် ဘီယာပုလင်းကိုယူပြီး အဖုံးကို ဖွင့်သည်။ တွမ်က ပိုက်ဆံ ထုတ်ပေးတော့ သူက ဘီယာပုလင်းကို တွမ်ဘက်သို့ တွန်းပို့လိုက်သည်။

"ဘာဖြစ်တာလဲဗျ"

တွမ်က မေးလိုက်သည်။

---

* ပေဖူးလွှာ၊ (အောက်တိုဘာ၊ ၁၉၉၀၊)

အရက်ရောင်းသူက ပြန်မဖြေ။ သူသည် ဆိုင်ထဲသို့ ဝင်လာသော လူတစ်ယောက်ကို ကျွန်တော်တို့ခေါင်းပေါ်မှ ကျော်ကြည့်ပြီး "ခင်ဗျားကော ဘာသောက်မလဲ"ဟု လှမ်းမေးလိုက်သည်။

"ချက်အရက်" ဟု ထိုလူက ပြန်ပြောသည်။

အရက်ရောင်းသူက အရက်ပုလင်း၊ ဖန်ခွက်နှင့် ရေခွက်များကို ထုတ်ယူလိုက်သည်။ တွမ်က ရေနွေးလှမ်းပြီး ဟင်းဇလုံအဖုံးကို ဖွင့်ကြည့်သည်။

မျှင်တည်ထားသော ဝက်ခြေထောက်ဇလုံ ဖြစ်သည်။ ကတ်ကြေးကဲ့သို့ ခက်ရင်းခွ နှစ်ခုပါသည့် သစ်သားညှပ်တစ်ခု ရှိသည်။ ထိုညှပ်ဖြင့် ဝက်ခြေထောက်ကို ညှပ်ယူရန် ဖြစ်သည်။

"ဟေ့ ... မလုပ်နဲ့"

အရက်ရောင်းသူက ယင်းသို့ပြောပြီး ဟင်းဇလုံကို ပြန်ဖုံးထားလိုက်သည်။ တွမ်က သူ့လက်ထဲတွင် သစ်သားညှပ်ကို ကိုင်ထားသည်။

"အဲဒါ ပြန်ချထားလိုက်" ဟု အရက်ရောင်းသူက ပြောလိုက်သည်။

"ဘယ်မှာထားရမယ်ဆိုတာ ခင်ဗျားပဲ သိမှာပေါ့"ဟု တွမ်က ပြန်ပြောသည်။

အရက်ရောင်းသူသည် ကျွန်တော်တို့ နှစ်ယောက်စလုံးကို အကဲခတ်ရင်း လက်တစ်ဖက်ကို ကောင်တာအောက်သို့ လှမ်းနှိုက်လိုက်သည်။ ဤတွင် ကျွန်တော်က ပိုက်ဆံ ဆင့်ငါးဆယ်ထုတ်ပြီး ကောင်တာပေါ် တင်ပေးရင်း ကိုယ်ကို မတ်မတ် ပြင်ထိုင်လိုက်သည်။

"ဘာယူမှာလဲ"

"ဘီယာပဲ"

အရက်ရောင်းသူသည် ဟင်းဇလုံနှစ်လုံးကို အဖုံးဖွင့်လိုက်ပြီးတော့မှ ဘီယာပုလင်းကို ဆွဲယူလိုက်သည်။

"ခင်ဗျား ဝက်ခြေထောက်ကလည်း အပုပ်တွေပဲ၊ ထွီ ..."ဟု တွမ်က ပြောပြီး ကြမ်းပြင်ပေါ်သို့ တွေးချလိုက်သည်။ သို့သော် အရက်ရောင်းသူသည် ဘာတစ်ခွန်းမှမပြော။ စောစောက ချက်အရက် မှာသောက်သူသည် ပိုက်ဆံရှင်းပေးပြီး နောက်သို့ လှည့်မကြည့်ဘဲ ပြန်ထွက်သွားသည်။

"မင်းတို့သာ အပုပ်တွေပါကွ၊ မင်းတို့ ဂန္ဓုးကောင်တွေ အားလုံး အပုပ်တွေချည်းပဲ"ဟု အရောက်ရောင်းသူက ပြန်ပြောသည်။

"ဟာ ... သူက ငါတို့ကို ဂန္ဓုးကောင်တွေတဲ့ကွာ" ဟု တွမ်က ကျွန်တော့်ဘက် လှည့်ပြောသည်။

"နေစမ်းပါကွာ၊ လာ တို့ ပြန်ကြစို့"ဟု ကျွန်တော်က ပြောလိုက်သည်။

အရက်ရောင်းသူက ဆက်လက်ပြီး ...

"မင်းတို့ ဂန္ဓုးကောင်တွေ ဒီနေရာက ထွက်သွားကြ"

"ဒီနေရာက ထွက်သွားမလို့ပြောတာ ကျွန်တော်က ပထမပြောတာ ဒါ ခင်ဗျား စပြောတာ မဟုတ်ပါဘူး"ဟု ကျွန်တော်က ပြန်ပြောလိုက်သည်။

တွမ်က ... "ကျွန်တော်တို့ ပြန်ကို လာဦးမယ်"ဟု ပြောသည်။

"မင်းတို့ ပြန်မလာရဘူး"

ကျွန်တော်က တွမ်ဘက်သို့ လှည့်ကာ ...

"သူပြောတာ မှားနေပြီဆိုတာ ပြောပြလိုက်စမ်းပါကွ"

"လာစမ်းပါကွာ"

အပြင်ဘက်တွင် တော်တော်ကောင်းသည်။ တစ်လမ်းလုံး မှောင်မည်း နေသည်။

"တော်တော်ဆိုးတဲ့ ဆိုင်ပါလားကွ" တွမ်က မှတ်ချက်ချသည်။

"မသိပါဘူးကွာ၊ ကဲ ... တို့ ဘုတာရုံဘက် လျှောက်ကြမယ်"

ကျွန်တော်တို့သည် မြို့ထဲသို့ တစ်ဖက်အစွန်မှ ဝင်လာခဲ့ပြီးနောက် ဘစ်ဖက်အစွန်သို့ သွားနေကြခြင်းဖြစ်သည်။

လမ်းထဲတွင် သားရေပုပ်နံ့၊ သစ်ခေါက်ပုပ်နံ့နှင့် လွှစာမှုန့်နံ့များ မွှန်နေသည်။ အချိန်က တော်တော်မှောင်နေပြီ။ အေးလည်း တော်တော် အေးသည်။

လမ်းထဲမှ ဖွက်အိုင်အစပ်များတွင် ရေတွေ ခဲစပြုနေကြပြီ။

ဘူတာရုံတွင် အဝင်ရထားကို စောင့်နေကြသော ပြည့်တန်ဆာ

ငါးယောက်၊ လူဖြူ ခြောက်ယောက်နှင့် အင်းဒီးယန်း လေးယောက်တို့ ရောက်နှင့်နေကြသည်။

ဘူတာရုံထဲတွင် လူတွေ ပြွတ်သိပ်နေသည်။ မီးလင်းဖိုမှ မီးအားလည်း တော်တော်ပူသည်။

မီးခိုးတွေလည်း တစ်ခန်းလုံး ပြည့်နေသည်။ ကျွန်တော်တို့ ဝင်သွားချိန်တွင် တစ်ယောက်မျှ စကားပြောမနေကြ။ လက်မှတ်ပေါက်ကိုလည်း ပိတ်ထားသည်။

"တံခါး ပြန်ပိတ်ခဲ့ဟေ့"ဟု တစ်ယောက်က လှမ်းပြောသည်။ ကျွန်တော်က ဘယ်သူများပါလိမ့်ဟု လှမ်းကြည့်လိုက်သည်။

လူဖြူတစ်ယောက်ဖြစ်သည်။ သူသည် အခြားလူကဲ့သို့ပင် အလုပ်သမားဝတ် ဘောင်းဘီကျပ်၊ အင်္ကျီကြမ်း ထူထူတို့ကို ဝတ်ထားပြီး သစ်ခုတ်သမားစီး ရော်ဘာဖိနပ်ကို စီးထားသည်။

သို့သော် သူ့ခေါင်းမှာ ဦးထုပ်မရှိ။ မျက်နှာက ဖြူဖွေးနေပြီး လက်များမှာလည်း အလားတူပင် ဖြူဖွေး ပိန်လှီနေကြသည်။

"မင်းက အဲဒီတံခါးကို မပိတ်ဘဲ ထားခဲ့မလို့လား"

"ရပါတယ်"ဟု ကျွန်တော်ကပြောပြီး တံခါးကို သွားပိတ်လိုက်သည်။

"ကျေးဇူးပါပဲ"ဟု သူက ပြန်ပြောသည်။

ဤတွင် တခြားလူတစ်ယောက်က လှောင်ရယ် ရယ်ပစ်လိုက်သည်။

"ဒါထက် မင်းက စားဖိုမှူးတစ်ယောက်ကို နောက်ဖူးသလားကွ"ဟု ထိုလူက ကျွန်တော့်ကို မေးသည်။

"ဟင့်အင်း ... မနောက်ဖူးဘူး"

ထိုလူက စားဖိုမှူးဘက်သို့လှည့်ပြီး ...

"အဲဒါဆိုရင် မင်း ဒီလူ့ကို နောက်နိုင်တယ်။ သူက သူ့ကိုနောက်ရင် သိပ်သဘောကျတာကွ"

စားဖိုမှူးသည် နှုတ်ခမ်းကို တင်းတင်းစေ့လျက် တစ်ဖက်သို့ လှည့်သွားသည်။

"ဒီလူက ရောက်ရည်နဲ့ လက်ဆေးတာကွ။ ပန်းကန်ဆေးတဲ့ ရေထဲမှာ ဆေးတာမဟုတ်ဘူး။ ကြည့်လိုက်ပါလား။ သူ့လက်တွေက ဆွတ်ဆွတ်ဖြူနေတာပဲ"

ပြည့်တန်ဆာမတစ်ယောက်က အသံကျယ်ကြီးဖြင့် ရယ်လိုက်သည်။ သူသည် ကျွန်တော် မြင်ဖူးသမျှ မိန်းမတွေအနက် အဝဆုံးဖြစ်သည်။

ဝလိုက်တာမှ အကြီးအကျယ် ဝသည်။ သူသည် အရောင်တဖျပ်ဖျပ်ပြောင်နေသော ပိုးသားအင်္ကျီနှင့် စကတ်တို့ကို ဝတ်ထားသည်။

နောက် ပြည့်တန်ဆာမ နှစ်ယောက်ကလည်း သူ့နီးပါးရှိသည်။ သို့သော် သူကတော့ အဝဆုံး။

သူ့ကိုယ်အလေးချိန်သည် ပေါင် (၃၅၀)လောက်တော့ ရှိလိမ့်မည်။ သူ့ကိုကြည့်လျှင် တကယ်မှ ဟုတ်ရဲ့လားဟု သံသယဝင်စရာ ဖြစ်သည်။ သူတို့သုံးယောက်စလုံးပင် အရောင်ပြောင်သော ပိုးထည်များကို ဝတ်ထားကြသည်။ သူတို့သည် ခုံတန်းလျားပေါ်တွင် ဘေးချင်းကပ်လျက် ထိုင်နေကြသည်။

နည်းနည်းနောနော ဝသည့် မိန်းမကြီးတွေ မဟုတ်။ ကျန်နှစ်ယောက်ကတော့ ထူးခြားမှုမရှိ။ သာမန် ပုံပန်းသဏ္ဌာန်များပင်ဖြစ်သည်။ ဆံပင်ကို ရွှေရောင်ဆိုးထားကြသည်။

"သူ့လက်တွေကို ကြည့်လိုက်စမ်းပါ"

ထင်းခုတ်သမားက စားဖိုမှူးဘက်သို့ မေးငေါ့ပြီး ပြောလိုက်သည်။ ပြည့်တန်ဆာမကြီးက သဘောကျပြီး ဟားတိုက်ရယ်ပြန်သည်။

သူ့တစ်ကိုယ်လုံး သိမ့်သိမ့်တုန်နေသည်။

"အလကား သောက်သုံးမကျတဲ့ ရှုံ့စရာ အပုပ်မကြီး"

စားဖိုမှူးက ဖျတ်ခနဲ ပြန်လှည့်ပြီး ပြောလိုက်ခြင်းဖြစ်သည်။ ပြည့်တန်ဆာမကြီးကတော့ တစ်ကိုယ်လုံး သိမ့်သိမ့်ခါပြီး ရယ်မြဲ ရယ်နေသည်။

"ဪ ... ဘုရား ... ဘုရား ... ဘုရား"ဟု ပြည့်တန်ဆာမကြီးက ဘုရားတလိုက်သည်။ သူ့အသံက အလွန်ချိုလွင်သည်။

အခြား ပြည့်တန်ဆာမကြီး နှစ်ယောက်ကတော့ အာရုံခံစားမှု မရှိသလို တိတ်ဆိတ်ငြိမ်သက်နေကြသည်။ သို့သော် သူတို့နှစ်ယောက်ကလည်း အကြီးဆုံး၊ အဝဆုံး ပြည့်တန်ဆာမကြီးနီးပါး ကြီးကြ ဝကြသည်။

သူတို့နှစ်ယောက်စလုံးပင် ကိုယ်အလေးချိန် ပေါင်နှစ်ရာငါးဆယ် ကျော်ကောင်း ကျော်ကြပေလိမ့်မည်။

ဆံပင်ဆိုးထားသော ကျွန်နှစ်ယောက်ကတော့ ဌာနွှေ့တစ်ခွဲသားနှင့် ထိုင်နေကြသည်။

စားဖိုမှူးနှင့် စောစောက စကားပြောသော သစ်ခုတ်သမားနှစ်ယောက်နှင့် ဆွီဒင်လူမျိုး နှစ်ယောက်တို့ ထိုင်နေကြသည်။ သစ်ခုတ်သမားနှစ်ယောက် အနက် တစ်ယောက်က စကားဝိုင်းကို စိတ်ဝင်စားစွာဖြင့် အာရုံစိုက် နားထောင်နေသည်။ သို့သော် သူဟန်ပန်က ရှက်တတ်ပုံရသည်။ နောက် တစ်ယောက်ကတော့ စကားဝင်ပြောချင်ဟန်ဖြင့် ပါးစပ်တပြင်ပြင် လုပ်နေ သည်။ အင်ဒီးယန်းနှစ်ယောက်မှာ ခုံတန်းလျားအစွန်းတွင် ထိုင်နေပြီး ကျွန်တစ်ယောက်က နံရံကိုမှီ၍ ရပ်နေသည်။

စကားပြောချင်နေသော သစ်ခုတ်သမားက ကျွန်တော့်နားကပ်ပြီး လေသံဖြင့် ပြောသည်။

"အင်း ... ကောက်ရိုးပုံကြီးထဲ ဝင်အိပ်လိုက်ရသလို နေမှာပဲကွ"

ကျွန်တော်က ရယ်ပြီး တွမ်ကို ပြန်ပြောလိုက်သည်။

"ဘုရားစူးပါစေရဲ့ကွာ၊ ငါဖြင့် ဒီလိုနေရာမျိုး တစ်ခါမှ မရောက်ဖူး ပါဘူး။ ဟိုမှာ သူတို့သုံးယောက်ကို ကြည့်လိုက်ပါလား"ဟု သစ်ခုတ်သမားက ထပ်ပြောသည်။

ထို့နောက် စားဖိုမှူးက ကျွန်တော့်ဘက်လှည့်ပြီး ...

"မင်းတို့ကောင်လေးတွေက အသက် ဘယ်လောက်ရှိကြပြီလဲကွ"

"ကျွန်တော်က ၉၆ နှစ်၊ သူက ၆၉ နှစ်"ဟု တွမ်က ပြောလိုက်သည်။

"ဟား ... ဟား ... ဟား ... ဟား"

အဝဆုံး ပြည့်တန်ဆာမကြီးက သိမ့်သိမ့်ခါပြီး ရယ်ပြန်သည်။ သူ့

အသံက တကယ့်ကို ချိုလွင်ပြီး နားဝင်ပီယံရှိလှသည်။ အခြား ပြည့်တန်ဆာမ တွေကတော့ ပြုံးယင် မပြုံးကြ။

"ဟေ့၊ စကားကို ကောင်းကောင်းပြောစမ်းပါကွ" စားဖိုမှူးက ပြော သည်။

"ငါက မင်းတို့ကို ခင်မင်တဲ့သဘောနဲ့ ကောင်းကောင်းမေးတာပါကွာ"

"ကျွန်တော်က ၁၇ နှစ်၊ သူက ၁၉ နှစ်ပါ" ဟု ကျွန်တော်က ပြန်ပြော လိုက်သည်။

တွမ်က ကျွန်တော့်ဘက် လှည့်လျက် ...

"မင်းက ဘာဖြစ်နေတာလဲကွ"

"ဘာမှမဖြစ်ပါဘူး"

"ရှင်တို့က ကျွန်မကို အဲလစ်လို့ ခေါ် နိုင်ပါတယ်"

အဝဆုံး ပြည့်တန်ဆာမကြီးက ယင်းသို့ ပြောကာ တသိမ့်သိမ့် ရယ်နေပြန်သည်။

"အဲဒါ ခင်ဗျားနာမည်၊ ဟုတ်လား" ဟု တွမ်က မေးလိုက်သည်။

"ဟုတ်ပါတယ်၊ ကျွန်မနာမည် အဲလစ် အစစ်ပါ။ ဟုတ်တယ်နော်ရှင်" ဟု စားဖိုမှူးဘေးတွင် ထိုင်နေသူဘက်သို့ လှည့်၍ ထောက်ခံချက် တောင်း လိုက်သည်။

"ဟုတ်ပါတယ်၊ အဲလစ်ပါ"

"မင်းတို့ကောင်မတွေ အားလုံး ဒီလိုနာမည်မျိုးချည်းပဲပေါ့" ဟု စားဖိုမှူးက ဝင်ပြောသည်။

"ဒီနာမည်က ကျွန်မနာမည် အစစ်ပါ"

"ဒါဖြင့် ဟိုနှစ်ယောက်နာမည်က ဘာတဲ့လဲ"ဟု တွမ်က မေးလိုက် ပြန်သည်။

"ဟယ်ဇယ်နဲ့ အက်သယ်"ဟု အဲလစ်က ဝင်ပြောသည်။ ဟယ်ဇယ် နှင့် အက်သယ်တို့က ပြုံးနေကြသည်။ သူတို့ကိုကြည့်ရတာ ခပ်ထိုင်းထိုင်း ပုံမျိုး ဖြစ်သည်။

"ခင်ဗျားနာမည်က ဘယ်သူလဲ"

ဆံပင်ဆိုးထားသော အမျိုးသမီးတစ်ယောက်ကို ကျွန်တော်က မေးလိုက်သည်။

"ဖရန်ဆေး"ဟု ထိုအမျိုးသမီးက ပြန်ဖြေသည်။

"ဖရန်ဆေး ဗီလ်ဆင်၊ အဲဒါ ဘာဖြစ်သလဲ"

"ခင်ဗျားနာမည်ကကော"ဟု ကျွန်တော်က နောက်တစ်ယောက်ကို မေးလိုက်ပြန်သည်။

"အို ... အဆန်းလုပ် မေးမနေပါနဲ့"

"သူက တို့အားလုံးနဲ့ မိတ်ဆွေဖြစ်ချင်လို့ မေးတာ"ဟု စကားပြော ချင်နေသော သစ်ခုတ်သမားကြီးက ဝင်ပြောသည်။

"မင်းက မိတ်ဆွေ မဖွဲ့ချင်လို့လား"

"မဖွဲ့ချင်ဘူး။ ရှင်နဲ့ ပိုမဖွဲ့ချင်ဘူး"

"တော်တော် ဒေါသကြီးတဲ့ ကလေးမပါလား"

ဆံပင်ဆိုးထားသော အမျိုးသမီးက နောက်တစ်ယောက်အား လှည့် ကြည့်ပြီး ခေါင်းခါလိုက်သည်။

"အလကား အသုံးမကျတဲ့လူတွေပါ"

အဲလစ်က တဟားဟားနှင့် တသိမ့်သိမ့် ရယ်နေပြန်သည်။

"ဘာမှ ရယ်စရာမဟုတ်ဘူး။ အဲဒါကို နင်တို့က တဟားဟား ရယ် ကြတယ်။ ဒါပေမဲ့ ဘာမှ ရယ်စရာမဟုတ်ဘူး"ဟု စားဖိုမှူးက ဝင်ပြော ပြန်သည်။

"ဒါနဲ့ မင်းတို့ ကောင်လေးနှစ်ယောက်က ဘယ်ကိုသွားကြမလို့လဲ"

"ခင်ဗျားကကော ဘယ်သွားမလို့လဲ" တွမ်က ပြန်မေးလိုက် ပြန်သည်။

"ငါက ကဲဒီလက်ကို သွားမလို့၊ မင်းတို့ ရောက်ဖူးကြသလား။ အဲဒီမှာ ငါ့ညီမ နေတယ်"

"သူကိုယ်တိုင်ကလည်း ညီမပဲကွ"

ဘောင်းဘီကျပ်နှင့် သစ်ခုတ်သမားကြီးက ဝင်နှောက်လိုက်သည်။

"အလကား စကားတွေ ပြောမနေစမ်းပါနဲ့ဗျာ။ လူကြီးလူကောင်း ဆန်ဆန် ပြောကြစမ်းပါ"ဟု စားဖိုမှူးက ပြောသည်။

"ကဲဒီလက် ဆိုတာက စတီးဗ်ကက်ချယ်တို့၊ အက်ဝေါ့ဂတ်တို့ အရပ်ဗျ" ဟု ရှက်တတ်ပုံရသော လူကြီးက ဝင်ပြောလိုက်သည်။

"ဟင် ... စတီးဗ်ကက်ချယ် ဟုတ်လား"

ဆံပင်ဆိုးထားသော အမျိုးသမီးတစ်ယောက်က အလန့်တကြားဖြင့် အသံကျယ်ကျယ်နှင့် မေးလိုက်သည်။

"သူ့ဖအေအရင်းက သူ့ကို သေနတ်နဲ့ ပစ်သတ်ခဲ့တာရှင့်။ ဟုတ်ပါတယ်။ ဘုရား ... ဘုရား။ သူ့ဖအေအရင်းခေါက်ခေါက်က ပစ်သတ်ခဲ့တာ။ ဒီကမ္ဘာမှာတော့ စတီးဗ်ကက်ချယ်လို လူစားမျိုး နောက်ထပ် မပေါ်နိုင်တော့ပါဘူးရှင်"

"သူ့နာမည်က စတန်လေကက်ချယ် မဟုတ်လား"ဟု စားဖိုမှူးက မေးလိုက်သည်။

"အို ... ရှင့်ပါးစပ် ပိတ်ထားစမ်းပါ။ ရှင်က သူ့အကြောင်း ဘယ်လောက်သိလို့လဲ။ သူ့နာမည်က စတန်လေ မဟုတ်ပါဘူး။ စတီးဗ်ကက်ချယ်ဟာ ဒီကမ္ဘာမှာ အချောဆုံး လူတစ်ယောက်ရှင့်။ သူ့လို ဖြူစင်သန့်ရှင်းပြီး ရုပ်ချောတဲ့လူမျိုး တစ်ယောက်မှ မတွေ့ဖူးသေးဘူး။ သူ့လိုလူမျိုး ရှိကို မရှိဘူး။ သူက ကျားတစ်ကောင်လို လှုပ်ရှားတယ်။ ချောလည်း သိပ်ချောတယ်။ ရက်လည်း သိပ်ရက်စက်တယ်"

"မင်းက သူနဲ့သိလို့လား" တစ်ယောက် ဖြတ်မေးလိုက်သည်။

"ဟင် ... ကျွန်မက သူ့ကို သိလို့လား။ ကျွန်မက သူ့ကိုချစ်လို့လား။ ရှင်က အဲဒီလိုမေးတာ မဟုတ်လား။ ရှင်က တစ်ကမ္ဘာလုံးမှာ ဘယ်သူ့ကိုမှ မသိပေမယ့် ကျွန်မက သူ့ကို ကောင်းကောင်းသိတယ်ရှင့်၊ ရှင်က ဘုရားသခင်ကို ချစ်သလိုပဲ ကျွန်မကလည်း သူ့ကိုချစ်တယ်။ သူဟာ ကမ္ဘာပေါ်မှာ အကြီးကျယ်ဆုံး၊ အကောင်းဆုံး၊ အဖြူစင်ဆုံး၊ အချောဆုံး။ ဒါပေမဲ့ သူ့ကို သူ့ဖအေအရင်းက ခွေးတစ်ကောင်ကို ပစ်သတ်သလို ပစ်သတ်ခဲ့တယ်"

"ဒါနဲ့ မင်းက သူနဲ့အတူ ကမ်းခြေကို လိုက်သွားဖူးလို့လား"

"လိုက်မသွားဖူးပါဘူး။ ကျွန်မက သူ့ကို အဲဒီမတိုင်ခင်ကတည်းက သိခဲ့ရတာ၊ သူဟာ ကျွန်မချစ်တဲ့ တစ်ဦးတည်းသော ချစ်သူပဲ"

ဤအမျိုးသမီးသည် ဤစကားကို ဇာတ်ဟန်ပါပါနှင့် ပြောသည်။ လူတိုင်းပင် သူ့ကို အထင်ကြီးသွားကြသည်။

သို့သော် အဲလစ်တစ်ယောက်ကတော့ ထုံးစံအတိုင်း သိမ့်သိမ့်ခါပြီး ရယ်နေပြန်သည်။ ကျွန်တော်သည် သူ့ဘေးတွင် ကပ်ထိုင်နေလိုက်ချင်စိတ်ပင် ဖြစ်ပေါ်မိသည်။

"ဒါဆို မင်းက သူ့ကိုလက်ထပ်ဖို့ ကောင်းတာပေါ့"ဟု စားဖိုမှူးက ဆံပင်ဆိုးထားသော အမျိုးသမီးကို ပြောလိုက်သည်။

"ကျွန်မက သူ့အလုပ်ကို မဖျက်ဆီးချင်ဘူး။ သူ့အတွက် အနှောင့်အယှက် မဖြစ်စေချင်ဘူး။ တကယ်တော့ သူလိုချင်တာ မိန်းမ မဟုတ်ဘူး။ အို ... ဘုရား ... ဘုရား။ တကယ်တော်တဲ့ ယောကျ်ားတစ်ယောက်ပါရှင်"

"အဲဒီလို သဘောထားတာ ကောင်းပါတယ်" စားဖိုမှူးက ပြောသည်။

"ဒါနဲ့ သူ့ကို ဂျက်ဂျွန်ဆင်က အလဲထိုးလိုက်တာ မဟုတ်လား"

"အဲဒါက ပရိယာယ်ဆင်လိုက်တာပါ။ အဲဒီ လူမည်းငနဲကြီးက သူ့ကို အလစ်မှာ ကဲ့ရွဲ့ပြီး အလဲထိုးလိုက်လို့ပါ"

လက်မှတ်ပေါက် ပွင့်လာသည်။ အင်းဒီးယန်းသုံးယောက် လက်မှတ်ပေါက်သို့ လျှောက်သွားကြသည်။

"စတီးဗ်က အဲဒီငနဲကြီးကို ထိုးလိုက်ပြီးတော့ ကျွန်မဘက်ကို လှည့်ပြီး ပြုံးပြတယ်"

"ဒါနဲ့ ကမ်းခြေကို မင်း လိုက်မသွားဘူးလို့ စောစောကပဲ မင်း ပြောခဲ့တယ်ထင်တယ်" ဟု တစ်ယောက်က ဝင်ထောက်လိုက်သည်။

"အဲဒီပွဲတုန်းကတော့ ကျွန်မ သွားခဲ့တယ်လေ။ စတီးဗ်က ကျွန်မကို လှည့်ပြီး ပြုံးပြတဲ့အချိန်မှာ အဲဒီ ခွေးသား ငမည်းကြီးက တအားခုန်ထည့်ပြီး အလစ်မှာ ဝင်ထိုးလိုက်တာ၊ ရိုးရိုးတန်းတန်းသာဆိုရင် အဲဒီ လူမည်း

ချေးသားကြီးလို လူပေါင်းတစ်ရာကိုတောင် စတီးဗ်က ညက်ညက်ကြေအောင် ထိုးနိုင်ပါတယ်"

"သူကတော့ တကယ့်ကြီးကျယ်တဲ့ လက်ဝှေ့သမားကြီးပါပဲ"ဟု သစ်ခုတ်သမားကြီးက ထောမနာပြုလိုက်သည်။

"ဟုတ်ပါတယ်။ သူဟာ ရှာမှရှား လက်ဝှေ့သမားတစ်ယောက်ပါ" ဟု အမျိုးသမီးက ထပ်ဆင့်ထောက်ခံသည်။

"ခုခေတ်မှာ သူ့လို လက်ဝှေ့သမားမျိုး မရှိတော့ပါဘူး။ သူဟာ နတ်ဘုရားတစ်ပါးပါပဲ။ သိပ်ပြီး ဖြူစင်တယ်။ သန့်ရှင်းတယ်။ ရုပ်ချောတယ်။ ညင်သာတယ်။ ကျားတစ်ကောင်လို၊ လျှပ်ပြက်သလို မြန်ဆန်တယ်"

"ကျွန်တော်က သူ ထိုးသတ်တာကို ရုပ်ရှင်ထဲမှာပဲ မြင်ဖူးတယ်"ဟု ဘွမ်က ပြောသည်။

စတီးဗ်ကက်ချယ်အကြောင်းကို ကြားရ၍ ကျွန်တော်တို့အားလုံး အကြီးအကျယ် စိတ်ထိခိုက်ကြရသည်။ အဲလစ်မှာ တစ်ကိုယ်လုံး သိမ့်သိမ့်ခါပြီး ငိုနေပြီ။ အင်းဒီးယန်းများကတော့ စကြံဘက်သို့ ထွက်သွားကြသည်။

"သူဟာ ကမ္ဘာပေါ်မှာ အတော်ဆုံး ခင်ပွန်းကောင်းတစ်ယောက်ပဲ" ဟု ဆံပင်ဆိုးထားသော အမျိုးသမီးက ဆက်ပြောသည်။ "ကျွန်မတို့ဟာ ဘုရားသခင်ရဲ့ ရှေ့တော်မှောက်မှာ လက်ထပ်ခဲ့ကြတယ်။ သူဟာ ကျွန်မကို အခုလည်း ပိုင်ဆိုင်တယ်။ နောက်လည်း အမြဲတမ်း ပိုင်ဆိုင်နေဦးမယ်။ ကျွန်မဘဝတစ်ခုလုံးဟာ သူ့အတွက်ပါပဲ။ ကျွန်မဟာ ကျွန်မကိုယ်ခန္ဓာကို ဂရုမစိုက်ပါဘူး။ လူတွေဟာ ကျွန်မကိုယ်ခန္ဓာကို ယူကြတယ်။ ယူနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်မရဲ့ စိတ်ဝိညာဉ်ကိုတော့ စတီးဗ်ကက်ချယ်တစ်ယောက်သာ ပိုင်တယ်။ ခြော် ... ဘုရား ... ဘုရား တကယ်တော်တဲ့ ယောက်ျားပါလား"

ကြားရသမျှ လူတိုင်းပင် အကြီးအကျယ် ထိခိုက်ခံစားကြရသည်။ အဖြစ်အပျက်ကလည်း စိတ်ထိခိုက်စရာ၊ ကြေကွဲစရာ ကောင်းလှသည်။

ထို့နောက် တစ်ကိုယ်လုံး သိမ့်သိမ့်ခါနေသော အဲလစ်က လေသံဘိုးတိုးဖြင့် ပြောသည်။

"နင်က အလကား မုသားကောင်မပဲ။ နင်ဟာ စတီးဗ်ကက်ချယ်ကို ဘယ်တုန်းကမှ မတွေ့ခဲ့ဖူးပါဘူး။ အဲဒါ နင့်ဟာနင် သိပါတယ်"

"ရှင်က အဲဒီလို ဘာကြောင့် ပြောနိုင်ရတာလဲ"ဟု ဆံပင်ဆိုးထား သော အမျိုးသမီးက ခပ်ဇွာဇွာ ပြန်မေးလိုက်သည်။

"ငါက အမှန်အတိုင်းသိလို့ ပြောနိုင်တာပေါ့။ ဒီနေရာမှာ စတီးဗ်ကို သိတာ ငါတစ်ယောက်ပဲရှိတယ်။ ငါက ပင်စီလိုနာက လာတာ။ အဲဒီမှာ သူ့ကို စသိရတာ။ ဒါ အမှန်ပဲ။ ငါပြောတာ မှန်တယ်ဆိုတာ နင်လည်းသိတယ်။ ငါ မမှန်တာပြောရင် အခုချက်ချင်း တုံးခနဲ လဲသေပါစေ"

"ကျွန်မလည်း မမှန်တာပြောရင် ချက်ချင်း လဲသေပါစေ"

"ငါပြောတာ သိပ်မှန်တယ်။ တကယ်မှန်တယ်။ အဲဒါကို နင်လည်း သိတယ်။ ငါ တမင်လုပ်ပြောနေတာ မဟုတ်ဘူး။ သူ ငါ့ကို ပြောသွားတဲ့ စကားကို ငါ အတိအကျ မှတ်မိနေသေးတယ်"

"သူက ရှင့်ကို ဘာပြောခဲ့လို့လဲ၊ ပြောစမ်းပါဦး"ဟု ဆံပင်ဆိုးထား သော အမျိုးသမီးက အထက်စီးလေသံဖြင့် ပြောလိုက်သည်။

အဲလစ်မှာ တစ်ကိုယ်လုံး သိမ့်သိမ့်ခါပြီး ငိုနေသောကြောင့် စကားကို မနည်းကြီး အားယူပြီး ပြောရသည်။

"သူ ... သူက ငါ့ကို ပြောခဲ့တယ်။ 'မင်းဟာ ချစ်စရာအကောင်းဆုံး ပါပဲ အဲလစ်ရယ်' တဲ့။ အဲဒါ ငါ့ကို သူပြောခဲ့တာ အတိအကျပဲ"

"အလကား။ ရှင် ညာတာ"

"မညာဘူး။ အဲဒါ သူပြောခဲ့တာ အမှန်ပဲ"

"မမှန်ဘူး။ ရှင် တမင်ညာတာ"

"ငါ မညာဘူး။ တကယ်မှန်တယ်။ အဟုတ်ကို မှန်တယ်။ ဘုရား ပေးပေး ကျမ်းပေးပေး ငါပြောရဲတယ်"

"စတီးဗ်ဟာ ဒီလိုစကားမျိုး ဘယ်တော့မှ မပြောဘူး။ သူ အဲဒီလို ဘယ်တော့မှ မပြောဘူး"

"သူ တကယ်ပြောတယ်။ အဲဒါ အမှန်ပဲ"

အဲလစ်၏အသံက အလွန်ချိုသည်။

"နင် ယုံယုံ မယုံယုံ ငါ့အတွက်တော့ ဘာမှမဖြစ်ဘူး။ ဘယ်လိုမှ မထူးခြားဘူး"

ယခုအချိန်တွင် အဲလစ်သည် အငိုတိတ်သွားပြီး တည်ငြိမ်သွားပြီ၊ ဆံပင်ဆိုးထားသော အမျိုးသမီးက ဆက်ပြောသည်။

"စတီးဗ်က ဒီလိုစကားမျိုး ပြောခဲ့တယ်ဆိုတာ လုံးဝ မဖြစ်နိုင်ဘူး"

"သူ တကယ်ပြောခဲ့တယ်"

အဲလစ်က ပြုံးလိုက်ပြီး

"သူ အဲဒီလို ပြောခဲ့တာကို ငါ အတိအကျ မှတ်မိနေတယ်၊ သူပြောသလိုပဲ အဲဒီတုန်းကဆိုရင် ငါဟာ တကယ်ချစ်စရာကောင်းခဲ့တာ၊ အခုလည်း နင်နဲ့စာရင် ငါက အများကြီးသာသေးတယ်။ နင်က ဘာမှ မကျန်တော့ဘူး။ ခြောက်ကပ်ပြီး ရှုတ်တွကြီး ဖြစ်နေပြီ"

"ရှင် ဒီလို မစော်ကားပါနဲ့၊ ရှင်ကတော့ ပုပ်ပွနေတဲ့ အစုတ်ပလုတ်ကြီးပဲ မဟုတ်လား။ ကျွန်မ အားလုံးကို ကောင်းကောင်းမှတ်မိနေသေးတယ်"

"မဟုတ်ဘူး။ နင် မမှတ်မိဘူး။ နင်က ဟိုဒင်းလုပ်တာကလွဲပြီး ဘာကိုမှ မမှတ်မိပါဘူး။ နင်သိတာ အားလုံးကလည်း သတင်းစာဖတ်ပြီး သိတာပါ။ ငါက သိပ်သန့်တယ်။ နင်သိတဲ့အတိုင်းပဲ၊ ငါက ဝေမယ့် ငါ့ကို ယောကျ်ားတိုင်းက သိပ်ကြိုက်ကြတယ်၊ အဲဒါ နင်အသိပဲ။ ငါ ဘယ်တော့မှ ညာမပြောတတ်ဘူး။ နင် သိတဲ့အတိုင်းပဲ"

သူ့အသံ ချိုအေးပြီး အလွန် နားဝင်ပီယံ ရှိလှသည်။

"တော်စမ်းပါ၊ ကျွန်မအတွေးနဲ့ပဲ ကျွန်မ နေပါရစေ"ဟု ဆံပင်ဆိုးထားသော အမျိုးသမီးက ပြောသည်။

"ကျွန်မရဲ့မှန်ကန်တဲ့ အံ့သြစရာကောင်းတဲ့ အတွေးနဲ့ပဲ နေပါရစေ"

အဲလစ်သည် ထိုအမျိုးသမီး၏ မျက်နှာကို ကြည့်လိုက်သည်၊ ထို့နောက် ကျွန်တော်တို့ဘက်သို့ လှည့်လိုက်သည်၊ သူ့အကြည့်တွင် နာကျင်ခံစားနေရသော အရိပ်လက္ခဏာ မရှိတော့၊ သူ့မျက်နှာတစ်ပြင်လုံးတွင် အပြုံးပန်း ဆင်ထားသည်။

ကျွန်တော် မြင်ဖူးသမျှတွင် အလှဆုံးမျက်နှာ၊ မျက်နှာလှသလို အသားအရေကလည်း လှသည်။ ချောမွတ်နုညက်နေသည်။ အသံကလည်း ခွဲမက်စရာ ချိုသာလှသည်။ သူတစ်ကိုယ်လုံး အားလုံးလှနေသည်။ တကယ် လည်း ချစ်စရာကောင်းသည်။

သို့သော်လည်း ... ဘုရားရေ သူ့အစ္စတောကြီးက အလွန့် အလွန် ကြီးနေသည်။ ဟိုမိန်းမ သုံးယောက်စာလောက်ကို ကြီးနေသည်။ ကျွန်တော် သူ့ကို ကြည့်နေသည်ကို တွမ်က မြင်သွားပြီး ...

"လာပါကွာ၊ တို့ ပြန်ကြစို့"

"တာ့တာ ..."

အဲလစ်က နှုတ်ဆက်သည်။ သူ့အသံက အလွန်ချိုသည်။

"တာ့တာ"

ကျွန်တော်က ထုံပြန်လိုက်သည်။

"မင်းတို့ကောင်လေးတွေ ဘယ်လမ်း သွားကြမလို့လဲကွ" ဟု စားဖိုမှူးကြီးက မေးသည်။

တွမ်က ပြန်ပြောလိုက်သည်။

"ခင်ဗျားကြီး သွားမယ့်လမ်းနဲ့ မတူတဲ့လမ်းကို သွားမလို့ဗျ"

❑

**ဝေဖန်သုံးသပ်ချက်**

ဤဝတ္ထုသည် ကမ္ဘာစာပေ နိုဗယ်ဆုရ အမေရိကန် စာရေးဆရာကြီး အားနက်စ်ဟဲမင်းဝေး (၁၈၉၉ - ၁၉၆၁) ၏ "The Light of The World" ဝတ္ထုတိုကို ပြန်ဆိုထားခြင်း ဖြစ်ပါသည်။

ဟဲမင်းဝေး၏ ရေးဟန်သည် အများနှင့်မတူ။ ဆန်းသစ်သော၊ မာတောင့်သော၊ ထူးခြားသော ရေးဟန်အဖြစ် ကျော်ကြားကာ သူ့ခေတ်ဘွင် သူ့ရေးဟန်မှာ ဆရာတစ်ဆူဖြစ်သည်ဟု ထင်ရှားခဲ့သည်။

"ဟဲမင်းဝေး၏ ရေးဟန်ကို အခြား စာရေးဆရာများက တုရေးကြသော်လည်း ဘယ်သူမှ တု၍မရ။ အဘယ်ကြောင့်ဆိုသော် ဟဲမင်းဝေး ဘင်လိုက်သော 'စံ'မှာ အလွန်ခက်ခဲသောကြောင့် ဖြစ်သည်" ဟူ၍ ဝေဖန်ရေးဆရာ ဖွန်ဝိန်းက ဟဲမင်းဝေး ကွယ်လွန်ပြီးနောက် 'အောက်ဘတာဘား' သတင်းစာတွင် ရေးသွားခဲ့သည်။

ဟဲမင်းဝေး၏ အရေးအသားသည် တိုတောင်းသည်။ မာဆတ်သည်။ ပြတ်သည်။ အဖွဲ့အနွဲ့ အဆင်တန်ဆာမရှိ။ ဖွင့်ဆိုရှင်းပြခြင်းမရှိ။ အရှိကို အရှိအတိုင်း တင်ပြသည်။ ထို့ကြောင့် မြန်မာစာဖတ်ပရိသတ် တော်တော်များများက သူ့ဝတ္ထုတိုများကို လုံးစေ့ပတ်စေ့ မခံစားနိုင်ကြ၊ သဘောမပေါက်နိုင်ကြ။ ဤဝတ္ထုတိုကို ဟဲမင်းဝေးက 'လောကမြင်ကွင်း'ဟု နာမည်ပေးထားသည်။ ဘာကိုရည်ရွယ်၍ ဤနာမည် ပေးထားသလဲ။ ဝတ္ထု၏ ဦးတည်ချက်

သည် ဘာလဲ။ ဘယ်အချက်ကို မီးမောင်းထိုးပြထားသလဲ။ ဤဝတ္ထုသည် ဟဲမင်းဝေးကိုယ်တိုင် အကြိုက်ဆုံးဝတ္ထုဟု ဆိုပါသည်။ ဖတ်ရှုခံစားကြည့်စေလိုပါသည်။

❑

## THE SNOWS OF KILIMANJARO

'The marvellous thing is that it's painless,' he said. 'That's how you know when it starts.'

'Is it really?'

'Absolutely. I'm awfully sorry about the odour, though. That must bother you.'

'Don't! Please don't.'

'Look at them,' he said. 'Now is it sight or is it scent that brings them like that?'

The cot the man lay on was in the wide shade of a mimosa tree and as he looked out past the shade on to the glare of the plain there were three of the big birds squatted obscenely, while in the sky a dozen more sailed, making quick-moving shadows as they passed.

'They've been there since the day the truck broke down,' he said. 'Today's the first time any have lit on the ground. I watched the way they sailed very carefully at first in case I ever wanted to use them in a story. That's funny now.'

'I wish you wouldn't,' she said.

'I'm only talking,' he said. 'It's much easier if I talk. But I don't want to bother you.'

'You know it doesn't bother me,' she said. 'It's that I've gotten so very nervous not being able to do anything. I think we might make it as easy as we can until the plane comes.'

'Or until the plane doesn't come.'

'Please tell me what I can do. There must be something I can do.'

'You can take the leg off and that might stop it, though I doubt it. Or you can shoot me. You're a good shot now. I taught you to shoot, didn't I?'

'Please don't talk that way. Couldn't I read to you?'

'Read what?'

'Anything in the book bag that we haven't read.'

'I can't listen to it,' he said. 'Talking is the easiest. We quarrel and that makes the time pass.'

'I don't quarrel. I never want to quarrel. Let's not quarrel any more. No matter how nervous we get. Maybe they will be back with another truck today. Maybe the plane will come.'

'I don't want to move,' the man said. 'There is no sense in moving now except to make it easier for you.'

'That's cowardly.'

'Can't you let a man die as comfortably as he can without calling him names? What's the use of slanging me?'

'You're not going to die.'

'Don't be silly. I'm dying now. Ask those bastards.' He looked over to where the huge, filthy birds sat, their naked heads sunk in the hunched feathers. A fourth planed down to run quick-legged and then waddle slowly toward the others.

'They are around every camp. You never notice them. You can't die if you don't give up.'

'Where did you read that? You're such a bloody fool.'

'You might think about someone else.'

'For Christ's sake,' he said. 'That's been my trade.'

He lay then and was quiet for a while and looked across the heat shimmer of the plain to the edge of the bush. There were a few Tommies that showed minute and white against the yellow and, far off, he saw a herd of zebra, white against the green of the bush. This was a pleasant camp under big trees against a hill, with good water, and, close by, a nearly dry water hole where sand grouse flighted in the mornings.

'Wouldn't you like me to read?' she asked. She was sitting on a canvas chair beside his cot. 'There's a breeze coming up.'

'No thanks.'

'Maybe the truck will come.'

'I don't give a damn about the truck.'

'I do.'

'You give a damn about so many things that I don't.'

'Not so many, Harry.'

'What about a drink?'

'It's supposed to be bad for you. It said in Black's to avoid all alcohol. You shouldn't drink.'

'Molo!' he shouted.

'Yes, Bwana.'

'Bring whisky-soda.'

'Yes, Bwana.'

'You shouldn't,' she said. 'That's what I mean by

giving up. It says it's bad for you. I know it's bad for you.'

'No,' he said. 'It's good for me.'

So now it was all over, he thought. So now he would never have a chance to finish it. So this was the way it ended in a bickering over a drink. Since the gangrene started in his right leg he had no pain and with the pain the horror had gone and all he felt now was a great tiredness and anger that this was the end of it. For this, that now was coming, he had very little curiosity. For years it had obsessed him; but now it meant nothing in itself. It was strange how easy being tired enough made it.

Now he would never write the things that he had saved to write until he knew enough to write them well. Well, he would not have to fail at trying to write them either. Maybe you could never write them, and that was why you put them off and delayed the starting. Well, he would never know, now.

'I wish we'd never come,' the woman said. She was looking at him holding the glass and biting her lip. 'You never would have gotten anything like this in Paris. You always said you loved Paris. We could have stayed in Paris or gone anywhere. I'd have gone anywhere. I said I'd go anywhere you wanted. If you wanted to shoot we could have gone shooting in Hungary and been comfortable.'

'Your bloody money,' he said.

'That's not fair,' she said. 'It was always yours as much as mine. I left everything and I went wherever you wanted to go and I've done what you wanted to do. But I wish we'd never come here.'

'You said you loved it.'

'I did when you were all right. But now I hate it. I don't see why that had to happen to your leg. What have we done to have that happen to us?'

'I suppose what I did was to forget to put iodine on it when I first scratched it. Then I didn't pay any attention to it because I never infect. Then, later, when it got bad, it was probably using that weak carbolic solution when the other antiseptics ran out that paralysed the minute blood vessels and started the gangrene.' He looked at her, 'What else?'

'I don't mean that.'

. 'If we could have hired a good mechanic instead of a half-baked kikuyu driver, he would have checked the oil and never burned out that bearing in the truck.'

'I don't mean that.'

'If you hadn't left your own people, your goddamned Old Westbury, Saratoga, Palm Peach people to take me on -'

'Why, I loved you. That's not fair. I love you now. I'll always love you. Don't you love me?'

'No,' said the man. 'I don't think so. I never have.'

'Harry, what are you saying? You're out of your head.'

'No. I haven't any head to go out of.'

'Don't drink that,' she said. 'Darling, please don't drink that. We have to do everything we can.'

'You do it,' he said. 'I'm tired.'

*Now in his mind he saw a railway station at Karagatch and he was standing with his pack and that was the headlight of*

